# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရားမှ မဆုတ်ယုတ်**

တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

ဘိက္ခုဝဂ် (ဓမ္မပဒ-၃၆၄)


၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ | ၂၀၂၁ ခုနှစ်၊ မေ ၂၅ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၀)၊ အမှတ် (၂၃၄)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၁/၂၀၂၁)တွင် အမှာစကား ပြောကြားစဉ်။

သတင်းစဉ်

# နိုင်ငံရေး ဆောင်ရွက်ရာတွင် သဘောထားကွဲလွဲနေ၍မရဘဲ စည်းလုံးညီညွတ်မှုရှိစွာဖြင့် ဆောင်ရွက်ရမည်ဖြစ်

**နေပြည်တော် မေ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၁၁/၂၀၂၁)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုးနှင့် ဦးရွှေကြိမ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အစည်းအဝေးအဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့တာဝန်ယူပြီးနောက်ပိုင်း နိုင်ငံရေးအရ ဆန္ဒပြမှုများရှိလာကြောင်း၊ တာဝန်ယူရသည့် အခြေအနေအား အကြိမ်ကြိမ် ရှင်းလင်း ပြောကြားထားသော်လည်း

*စာမျက်နှာ ၄ ကော်လံ ၁* ✻

❑ **လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန် လိုအပ်သဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိ**


**ပြည်သူလူထု၏ တစ်ခဲနက် ထောက်ခံအားပေးကူညီမှု** (စာ-၁၀)

**တိုကျိုနှင့် အိုဆာကာတို့တွင် ကာကွယ်ဆေးထိုးပေးသည့် နေရာများဖွင့်လှစ်** (စာ-၁၂)

**အကြမ်းဖက် လုပ်ရပ်မှန်သမျှ ပူးပေါင်းတိုက်ဖျက်** (စာ-၁၆)

## အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓနေ့

"အဖန်ဖန်ဇာတိဖြစ်ရခြင်းသည် ဆင်းရဲလှ၏။ ထို့ကြောင့် ငါသည် ခန္ဓာအိမ် ဆောက်လုပ်သူကို ရှာဖွေခဲ့သည်။ မတွေ့သဖြင့် ဘဝများစွာ သံသရာမှာ ကျင်လည်နေခဲ့ရသည်။ အသင်လက်သမား၊ ယခုသင့်အား ငါတွေ့ပြီ။ သင်သည် ခန္ဓာအိမ်ကို နောက်ထပ်ဆောက်လုပ်ရတော့မည်မဟုတ်။ သင်၏ ကိလေသာအခြင်ရနယ်တို့ကို ချိုးဖျက်အပ်ပြီ။ အဝိဇ္ဇာခေါင်မိုးတို့ကို ဖျက်ဆီးအပ်ပြီ။ ငါ၏ စိတ်သည် ပြုပြင်ခြင်းကင်းရာ နိဗ္ဗာန်သို့ရောက်ပြီ။ တဏှာ၏ကုန်ရာ အရဟတ္တဖိုလ်သို့ရောက်ပြီ"

ဗုဒ္ဓမြတ်စွာဘုရားသည် အထက်ပါဥဒါန်းကို ဥရုဝေလတောနေရဉ္စရာမြစ်ကမ်းပါးရှိ ဗောဓိပင်ရင်း၌ ကျူးရင့်ခဲ့သည်။ ဆင်းရဲဒုက္ခတို့ဖြင့် ပူပြင်းတောက်လောင်နေသည့် လောကကို ဗုဒ္ဓဘုရားရှင်က ဤသည်ကား ဒုက္ခတည်း။ ဤသည်ကား ဒုက္ခ၏ အကြောင်းရင်းတည်း။ ဤသည်ကား ဒုက္ခခပ်သိမ်းကင်းငြိမ်းရာတည်း။ ဤသည်ကား ဒုက္ခခပ်သိမ်းကင်းငြိမ်းရာသို့ ရောက်ကြောင်း၏ အကျင့်တည်းဟူ၍ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူကာ ဤဗောဓိပင်ရင်း၌ပင် ဘုရားအဖြစ်သို့ ရောက်ခဲ့သည်။ ဤနေရာသည် မြတ်စွာဘုရားရှင် မာရ်ငါးပါးကို အောင်မြင်တော်မူရာ၊ သဗ္ဗညုတဉာဏ်တော်တောက်ပကာ လောကတစ်ခွင်လုံးကို အမှောင်ခွင်း၍ အလင်းဆောင်သောနေရာလည်းဖြစ်သည်။ အချိန်ကာလအား ဖြင့်ကား မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့်နေ့ အရုဏ်တက်ချိန်ဖြစ်သည်။

ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာ၏ နေ့ထူးနေ့မြတ်ဖြစ်သည်။ မဟာသက္ကရာဇ် ၆၈-ခုနှစ် ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူခဲ့သည်။ မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့်နေ့တွင် ဘုရားအဖြစ်သို့ ရောက်တော်မူကာ မဟာသက္ကရာဇ် ၁၄၈ ခု ကဆုန်လပြည့်နေ့တွင် မြတ်စွာဘုရားရှင်သည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံတော်မူခဲ့သည်။ သို့ဖြစ်ရာ ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘုရားရှင်၏ဘဝဖြစ်စဉ်၌ ထူးခြားလှသည့်ဖြစ်စဉ်ကြီးများနှင့် ပြည့်စုံသည့်နေ့ဖြစ်သည့်အတွက် နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။ ဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ကို ရယူရန် ဗောဓိပင်ကို အမှီပြု၍ တရားအားထုတ်ခဲ့ရခြင်းဖြစ်သည့်အတွက် ဗောဓိပင်များကို ပရိဘောဂစေတီအဖြစ် အသိအမှတ်ပြုကာ ဘုရားရှင်၏ အထိမ်းအမှတ်အဖြစ် ရည်မှန်းကာ ပူဇော်သမှုပြုကြသည်။ ကဆုန်လတွင် ပူပြင်းခြောက်သွေ့မှုကြောင့် ညှိုးလျော်သည့် ဗောဓိပင်ကို လန်းဆန်းစိုပြည်စေရန်အတွက် ရေသွန်းလောင်းပွဲ ကျင်းပကာ ကဆုန်လပြည့်ဗုဒ္ဓနေ့ကို ကျင်းပကြသည်။

ဗုဒ္ဓဘုရားရှင်က သဒ္ဓါတရားရှိသူတို့ ဖူးမြင်ကြပြီး သံဝေဂရနိုင်စေသည့် နေရာလေးဌာနကို ဟောကြားတော်မူခဲ့ရာ ဘုရားအလောင်းတော်ကို ဖွားမြင်ခဲ့သောလုမ္ဗိနီဥယျာဉ်၊ ဘုရားအဖြစ်ရောက်ခဲ့သော မဟာဗောဓိပင်၊ ဓမ္မစကြာတရားဦးဟောခဲ့ရာ မိဂဒါဝုန်တော၊ ပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံတို့ကို ဟောကြားတော်မူခဲ့သည်။ အစဉ်အလာရိုးရာဓလေ့အားဖြင့် ကဆုန်ညောင်ရေသွန်းပွဲကို ကဆုန်လပြည့်နေ့တွင် ဆင်နွှဲခဲ့ကြသည်။ ၁၉၉၉ ခုနှစ် (၅၄)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ကဆုန်လပြည့်ဗုဒ္ဓနေ့ကို အပြည်ပြည်ဆိုင်ရာရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးခဲ့ရာ ဗုဒ္ဓဖွားတော်မူရာနေ့၊ ဗုဒ္ဓပွင့်တော်မူရာနေ့၊ ဗုဒ္ဓပရိနိဗ္ဗာန် စံတော်မူရာနေ့အဖြစ်လည်း တရားသံဝေဂယူကာ ဗုဒ္ဓဘာသာနိုင်ငံများနှင့် ကမ္ဘာတစ်ဝန်းရှိ ဗုဒ္ဓဘာသာဝင်တို့ကလည်း ဆင်နွှဲလျက်ရှိကြပါကြောင်း။ ။

# သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (၁/၂၀၂၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မေ ၂၄**

သစ်အခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ (၁/၂၀၂၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အမှတ်(၆၈) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ရတနာပြပွဲခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ သစ်အခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမင်းမင်းဦးက သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို ဝန်ကြီးဌာနအနေဖြင့် ကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်မည်များကို ဆွေးနွေးပေးကြစေလိုကြောင်း၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးနိုင်မည့် နည်းလမ်းများ စဉ်းစားကြစေလိုကြောင်း၊ နည်းပညာ၊ ငွေကြေး၊ အတတ်ပညာပိုင်းဆိုင်ရာ သင်တန်းများ၊ Vocational Training School များ ဖွင့်လှစ်သင်ကြားရန် ကိစ္စများ၊ အမှတ်တရပစ္စည်း၊ Souvenir များ ဝယ်ယူပြီး ပြည်ပသို့ Hand Carry သယ်ယူနိုင်မည့်ကိစ္စများ ဦးစားပေး ဆောင်ရွက်ရမည့်ကိစ္စများ ဆွေးနွေးကြစေလိုကြောင်း ပြောကြားပြီး အမြဲတမ်းအတွင်းဝန်နှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က ကော်မတီမှ ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဝါးတစ်ရာစက်မှုဇုန် အမှတ်(၄)သစ်စက်၊ အမှတ်(၂)သစ်ပါးလွှာစက်ရုံ (ရွှေပြည်သာ)နှင့် United Wood (လှိုင်သာယာစက်မှုဇုန်)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရပ်တန့်သင့်ပြီ

* သူငယ်ချင်း..
မင်းရဲ့လုပ်ရပ်၊ မကောင်းဇာတ်ကို
ရပ်တန်းရပ်ဖို့ ချိန်တန်ပြီ...။

* ယနေ့ဖြစ်အင်၊ မင်းအမြင်ပဲ
ကုန်စင်ကျယ်ပြန့်၊ ကမ္ဘာနှံ့ထိ
မတန့်ဖျက်ချိုး၊ ကိုဗစ်-ဆိုးကြောင့်
ကျိုးပျက်ခဲ့ပါ၊ အရာရာဝယ်
ပညာရေးလည်း တန့်ခဲ့ရ...။
နစ်နာမှုတွေ လွန်ကြီးစွ...။

* လောကလူ့ဘုံ၊ အစုံစုံကို
ကုန်စင်စေ့ငု၊ ရှုကြည့်ကမူ
ကဏ္ဍာစုံစွာ၊ အရာရာဝယ်
ပညာသည်လျှင်၊ အစပင်ဟု
မြင်ကြမည်သာ၊ မလွဲပါတည့်။

* တက်ကြွလန်းရွှင်၊ ငယ်နုစဉ်မှာ
ပညာသင်ကြား၊ သိုမှီးထားမှ
အင်အားပြည့်ဝ၊ စွမ်းနိုင်ကြလိမ့်
သို့မှလူ့ခွင်၊ မြဲသစ်လွင်ကာ
စည်ပင်နိုင်မည်၊ မလွဲပြီတည့်။

* ပညာမရ၊ မပြည့်ဝသည့်
သုညလူသား၊ ရင်းမြစ်များနှင့်
တိုင်းကားပြည်ရွာ၊ စည်ပင်သာဖို့
သူငါမစွမ်း၊ တို့ရှေ့လမ်းမှာ
ကြမ်းတမ်းလိမ်ယှက်၊ ဆင့်ဆင့်တက်ဖို့
ခက်ခဲလိမ့်မည်၊ မလွဲပြီတည့်။

* သူငါအကျိုး၊ ပြည့်အကျိုးတို့
တိုးတက်နိုင်ရေး၊ ဖော်ဆောင်ပေးမည့်
အေးချမ်းငြိမ်ဆိတ်၊ ကျောင်းအရိပ်မှာ
တွေးထိတ်မှုကင်း၊ ဘေးစုံကင်းဖို့
ချစ်ခြင်းလက်များ၊ ပေါင်းစုထားခိုက်
နောက်ပါးဆီက၊ လူ့ဗာလတို့
ပြုကြအဖျက်၊ ထိုးနှက်ချက်မှာ
လက်လျှိုပုန်းသတ်၊ ဆိုးလုပ်ရပ်ကို
ဖြတ်ဖို့သင့်ပြီ၊ မလွဲပြီတည့်။

* မင်းရဲ့လုပ်ရပ်၊ အဖျက်ဇာတ်ကို
ရပ်တန့်သင့်ပြီ သူငယ်ချင်း...။

ကိုရင်စော

# သီတဂူဆရာတော်၏ ဗုဒ္ဓနေ့ နှုတ်ခွန်းဆက်လွှာ

- ရှိသေလေးစားအပ်ပါသော သံဃာတော်အရှင်သူမြတ် အားလုံး၊
- ချစ်ခင်လေးစားအပ်ပါသော ကမ္ဘာတစ်ဝန်းလုံးမှ ဗုဒ္ဓဘာသာဝင်များ အားလုံး၊
- အစဉ်သဖြင့် မေတ္တာ ကရုဏာထားရပါသော ကမ္ဘာသူကမ္ဘာသားအားလုံး၊
- အထူးလေးစား မေတ္တာထားရပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသူ/ နိုင်ငံသားအားလုံးတို့ကို–

ရှေးဦးစွာ မေတ္တာပို့ဆုတောင်းပါတယ်။ အားလုံးပဲ– ရောဂါအမျိုးမျိုးဘေး၊ လက်နက်ဘေး၊ ငတ်မွတ်ဘေးဟူသော ဘေးသုံးပါးမှ ကင်းဝေးပါစေ။

၁။ လောဘထူပြောတဲ့ကမ္ဘာမှာ– ငတ်မွတ်တဲ့ဘေး၊

၂။ ဒေါသထူပြောတဲ့ကမ္ဘာမှာ– လက်နက်ဘေး၊

၃။ မောဟထူပြောတဲ့ကမ္ဘာမှာ– ရောဂါဘေးလို့ လောဘ၊ ဒေါသ၊ မောဟ၊ အကြောင်းသုံးပါးကြောင့် ဘေးကြီးသုံးပါး ကျရောက်တယ်လို့ မြတ်ဗုဒ္ဓက ဟောထားပါတယ်။ ဒါကြောင့် ဘေးကြီးသုံးပါးရဲ့ အကြောင်းရင်းဖြစ်သော လောဘ၊ ဒေါသ၊ မောဟ တရားသုံးပါးကိုလည်း ကမ္ဘာသူ/သားတွေ ထိန်းချုပ်နိုင်ပါစေလို့ ရှေးဦးစွာ ဆုတောင်းပါတယ်။

ဒီကနေ့ဟာ ၂၆၁၀ – နှစ်မြောက် ဗုဒ္ဓနေ့ဖြစ်ပါတယ်။ ဖွားတော်မူခြင်း၊ ဘုရားဖြစ်တော်မူခြင်း၊ ပရိနိဗ္ဗာန်ပြုတော်မူခြင်း ဟူသော ဗုဒ္ဓ၏ထူးခြားသော ဖြစ်ရပ်ကြီးသုံးခုဟာ ဝေသာခပုဏ္ဏမ = Vesakha Punnima တစ်နေ့တည်းမှာပဲဖြစ်ခဲ့တာမို့ ဒီကနေ့ကို ဗုဒ္ဓဘာသာလောကမှာ Vesakha နေ့ဟုလည်း ခေါ်ကြပါတယ်။ ဗုဒ္ဓရဲ့ထူးမြတ်တဲ့ အခါတော်နေ့ကို ဗုဒ္ဓတရားတော်(ဓမ္မ)၏ မွေးဖွားရာမြေ အိန္ဒိယမှာသာမက ဗုဒ္ဓဘာသာ နိုင်ငံတိုင်းမှာ ကျင်းပနေကြမှာဖြစ်လို့ ကမ္ဘာတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာလောကကြီးတစ်ခုလုံးသို့ ဤနှုတ်ခွန်းဆက်သဝဏ်လွှာကို ပေးပို့ပါတယ်။ ဒီကနေ့ မှတ်မှတ်သားသား ဗုဒ္ဓနေ့အခမ်းအနားတွေ လုပ်တယ်ဆိုတော့ ဗုဒ္ဓဘာသာအဖွဲ့အစည်းများအားလုံးကို အထူးပဲကျေးဇူးတင် ဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။

တကယ်တော့ ဗုဒ္ဓဓမ္မဟာ အိန္ဒိယမှာ မွေးဖွားတာ ဖြစ်ပါတယ်။ အခြားသော ဘာသာရေး ခေါင်းဆောင်တွေ အားလုံးဟာလည်း



အာရှတိုက်နိုင်ငံတွေမှာချည်းပဲ မွေးဖွားကြတာဖြစ်လို့ အာရှတိုက်သားဖြစ်နေတာ ဂုဏ်ယူစရာပါပဲ။ ဒါကြောင့် အာရှတိုက်ကြီးကို Noble Continent လို့တောင် ဆိုနိုင်ပါတယ်။ ဗုဒ္ဓကွယ်သွားတာ နှစ်ပေါင်း ၂၅၆၄–နှစ် ရှိပါပြီ။ မြတ်ဗုဒ္ဓ ညွှိထွန်းသွားခဲ့တဲ့ တရားဆီမီးတိုင်(ဓမ္မဒီပိကာ) တွေဟာ သူ့ရဲ့မွေးဖွားရာ အိန္ဒိယပြည်ကြီးမှထွက်ပြီး ကမ္ဘာတစ်ဝန်း ပျံ့နှံ့ထွန်းတောက်လျက်ရှိနေပါတယ်။ ကမ္ဘာတစ်ဝန်းလင်းလျက်၊ ထွန်းတောက်လျက်ရှိနေတဲ့ တရားဆီမီးတိုင်များကို ချုပ်ငြိမ်းမသွားရအောင်၊ ပို၍ထွန်းတောက်လာအောင် အားထုတ်ဖို့ ကျွန်ုပ်တို့အားလုံးမှာ တာဝန်ရှိကြောင်းကို ပြောကြားလိုပါတယ်။ ဗုဒ္ဓရဲ့ဒေသနာမှာ –

၁။ သဗ္ဗောလောကော ပကမ္ပိတော
တစ်လောကလုံးမှာ တုန်လှုပ်နေတယ်၊

၂။ သဗ္ဗောလောကော ပဓူပိတော
တစ်လောကလုံးမှာ အခိုးတလူလူထနေတယ်၊

၃။ သဗ္ဗောလောကော အာဒီပိတော
တစ်လောကလုံးမှာ အတွင်းလှိုက်လောင်နေတယ်၊

၄။ သဗ္ဗောလောကော ပဇ္ဇလိတော
တစ်လောကလုံးမှာ မီးဟုန်းဟုန်းတောက်နေတယ်၊

၅။ သဗ္ဗောလောကော ဥဒ္ဒိနော
တစ်လောကလုံး လိုနေတယ်စသည်ဖြင့် ဟောထားပါတယ်။

ဒါကြောင့် နိဂုံးချုပ်အားဖြင့်–

၁။ တုန်လှုပ်နေသော ကမ္ဘာကြီး တည်ငြိမ်မှုရအောင် မြတ်ဗုဒ္ဓ၏ ဓမ္မစွမ်းရည်ဖြင့်
ဆောင်ရွက်ကြပါစို့။

၂။ တစ်လောကလုံး ဖုံးလွှမ်းနေသော ကိလေသာမီးခိုးတွေ ကင်းရှင်း၍ ကြည်လင်သွားအောင် မြတ်ဗုဒ္ဓ၏ ဓမ္မစွမ်းရည်ဖြင့် ဆောင်ရွက်ကြပါစို့။

၃။ တစ်လောကလုံးတောက်လောင်နေတဲ့ အတွင်းမီး၊ အပြင်မီးတွေကို မြတ်ဗုဒ္ဓ၏ ဓမ္မစွမ်းရည်ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ကြပါစို့။

၄။ ကမ္ဘာသူ ကမ္ဘာသားတွေရဲ့ လိုအပ်ချက်တွေကို မြတ်ဗုဒ္ဓ၏ ဓမ္မစွမ်းရည်ဖြင့် ဖြည့်စွက်ကြပါစို့– ဟူ၍

၂၆၁၀– နှစ်၊ ဗုဒ္ဓနေ့– ဝေသာခပုဏ္ဏမ – ဗုဒ္ဓဇယန္တိနေ့မှာ ဆုတောင်းလိုက်ပါတယ်။

သူတော်ကောင်းတရား နေရာတိုင်းမှာ ထွန်းတောက်ပါစေ–
သီတဂူစန်းလပမာ ချမ်းမြသာယာ ရှိပါစေ –



သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိသရ (D.Litt., Ph.D.)
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူအာယုဒါနဆေးရုံတော်များ၏ အဓိပတိ။
စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းမြို့။ ။

## ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်မှတ်ပုံတင် အခကြေးငွေဆိုင်ရာ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၄

**ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်မှတ်ပုံတင် အခကြေးငွေဆိုင်ရာ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။** (ယာပုံ)

### ပူးပေါင်းဆောင်ရွက်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက မူပိုင်ခွင့်ဦးစီးဌာနကို နေပြည်တော်ရုံးချုပ်နှင့် ရန်ကုန်၊ မန္တလေးတွင် ဌာနခွဲများ ဖွင့်လှစ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် မူပိုင်ခွင့်ဦးစီးဌာနရုံးအဆောက်အအုံ တည်ဆောက်ရေး၊ ဝန်ထမ်းအင်အားဖြည့်တင်းရေးနှင့် ဝန်ထမ်းများအနေဖြင့် မိမိဌာန၏လုပ်ငန်းဆောင် ရွက်ချက်များကို သိရှိစေရန်အတွက် ဌာနတွင်းဟောပြောပွဲများ၊ Case Study များ ဆောင်ရွက်သွားရန်နှင့် ယှဉ်ပြိုင်မှုဥပဒေဆိုင်ရာလုပ်ငန်းများကိုလည်း ပါဝင်ဆွေးနွေးသွားရန်လိုကြောင်း၊ လိုအပ်ပါက ပညာရှင်များခေါ်ယူဖိတ်ကြားဆောင်ရွက်သွားရန် လိုကြောင်းနှင့် မူပိုင်ခွင့် ဦးစီးဌာနအနေဖြင့် ဌာနအသစ်ဖြစ်၍ ဆောင်ရွက်ရမည့်လုပ်ငန်းများစွာရှိနေ၍ ဝန်ကြီးဌာနရှိ ကျန်ဦးစီးဌာနများမှလည်း လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဝန်ကြီး ဦးညွန့်အောင်နှင့် အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းတို့က မူပိုင်ခွင့်ဦးစီးဌာနနှင့်ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်



က မူပိုင်ခွင့်ဦးစီးဌာန၏ လုပ်ငန်းများဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းဆိုင်ရာ ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က လိုအပ်သည်များ ဖြည့်စွက်ပြောကြားကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂၄**

ပြည်သူလူထု၏ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နားနှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ဒေသအသီးသီးမှ ဝန်ထမ်းများနှင့် ဒေသခံများ၏ တောင်းဆိုမှုအရ တပ်မတော်မှ ဆေးကုသရေးအဖွဲ့များ စေလွှတ်၍ ဆေးကုသရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆေးကုသရေးအဖွဲ့များကို စေလွှတ်ကုသလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရှိ သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ်ရှိ ပင်းတလဲတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ်ရှိ တကောင်းတိုက်နယ်ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ကျောက်ဆည်ခရိုင်ရှိ စဥ့်ကိုင်ပြည်သူ့ဆေးရုံ၊ မြစ်သားမြို့ပြည်သူ့ဆေးရုံ၊ ကူမဲ တိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံတို့ရှိ လူနာများအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများနှင့် ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့သို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ **မိမိတို့ကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် နိုင်ငံအတွင်း စားရေရိက္ခာ ပေါများစေရန်၊ ယိမ်းယိုင်နေသည့် စီးပွားရေးများ ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်၊**

❖ **မိမိတို့နိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပစ်ပယ်ထား၍မရ၊**

❖ **ကျေးလက်စီးပွားရေး မြှင့်တင်ရေးအတွက် ပြည်နယ်နှင့်တိုင်း ဆင်းရဲချမ်းသာကွာဟမှုကို လျှော့ချရေးဆောင်ရွက်ရာတွင် ပြည်နယ်များကို ဦးစားပေးဆောင်ရွက်လျက်ရှိ၊**

*✻ ရှေ့ဖုံးမှ*

နားလည်သဘောပေါက်သူများရှိသကဲ့သို့ နားမလည်သူများလည်းရှိကြောင်း၊ ယခုအခါဆူပူသောင်းကျန်းမှုများမှတစ်ဆင့် အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လာကြောင်း၊ လက်နက်ကိုင်သောင်းကျန်းသူများ၏ နယ်မြေများအတွင်း ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ တက်ရောက်ခြင်း၊ မတရားအသင်းအဖြစ် ကြေညာထားသည့် CRPH၊ NUG၊ PDF များဖွဲ့စည်း၍ အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ပြီး ဖျက်ဆီးရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလာကြကြောင်း၊ ပြည်သူများ လုံခြုံရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### သဘောတူညီချက်များရယူဆောင်ရွက်

၂၀၁၁ ခုနှစ် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် စတင်လျှောက်လှမ်းစဉ် ကာလကတည်းကပင် ရာနှုန်းပြည့်ငြိမ်းချမ်းရေးရရှိသည့် ဒီမိုကရေစီဖြင့် ဆောင်ရွက်ခဲ့ခြင်းမဟုတ်ဘဲ လက်နက်ကိုင်ပဋိပက္ခများအကြားမှပင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၁၁ ခုနှစ်တွင် ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်၍ ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ NCA လက်မှတ်မရေးထိုးမီကာလအတွင်း Gentleman Agreement များဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် သဘောတူညီချက်များရယူ ဆောင်ရွက်ခဲ့သည်များလည်းရှိကြောင်း။

မိမိတို့အနေဖြင့် လိုအပ်ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဝင်ရောက်တာဝန်ယူခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အား ဖျက်သိမ်းခြင်းမရှိကြောင်း၊ ၁၉၅၈ ခုနှစ်အိမ်စောင့်အစိုးရလက်ထက်တွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ဖျက်သိမ်းခြင်းမရှိဘဲ အခြေခံဥပဒေအား ပြင်ဆင်ချက်များဖြင့်သာ နိုင်ငံတော်အား တာဝန်ယူဆောင်ရွက်ပြီး ရွေးချယ်ခံအစိုးရ ဖဆပလကို ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း၊ တာဝန်ယူချိန်ကာလအတွင်း လက်နက်ကိုင်ပဋိပက္ခများဖြေရှင်းခြင်းနှင့် ကတိကဝတ်ပေးထားသည့်အတိုင်း သန့်ရှင်းသည့် ရွေးကောက်ပွဲကျင်းပ၍ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း၊ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီတက်လာသည့်အချိန်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား ဖျက်သိမ်းခဲ့ပြီး တပ်မတော်မှ ဗဟိုဦးစီးစနစ်ဖြင့် ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် အုပ်ချုပ်ရေး အာဏာများဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၇၄ ခုနှစ်တွင် ၁၉၇၄ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် လမ်းစဉ်ပါတီအစိုးရက ဆိုရှယ်လစ်စနစ်ဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီစနစ်တောင်းဆိုမှုများအရ နိုင်ငံ၏ အုပ်ချုပ်မှုယန္တရားများ ပျက်စီးခဲ့ရပြီး တပ်မတော်မှ ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း။

### စည်းလုံးညီညွတ်မှုရှိစွာဖြင့် ဆောင်ရွက်

မိမိတို့ ယခုတာဝန်ယူ ဆောင်ရွက်နေခြင်းသည် အာဏာသိမ်းခြင်းမဟုတ်ဘဲ အာဏာထိန်းဆောင်ရွက်နေခြင်းသာ ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ် အာမခံချက်ရှိစေရန်အတွက် ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပါတီပေါင်း ၉၀ ကျော်ရှိကြောင်း၊ အခြားနိုင်ငံများတွင် မိမိတို့နိုင်ငံကဲ့သို့ ပါတီများစွာမရှိကြောင်း၊ ပါတီများဖွဲ့စည်းရာတွင် နိုင်ငံရေးကို အခြေခံသည့်ပါတီ၊ ဒေသကို အခြေခံသည့်ပါတီ၊ တိုင်းရင်းသားကို အခြေခံသည့် ပါတီများရှိကြောင်း၊ နိုင်ငံရေးဆောင်ရွက်ရာတွင် သဘောထားကွဲလွဲနေ၍မရဘဲ စည်းလုံးညီညွတ်မှုရှိစွာဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ညီညွတ်မှုမရှိပါက တည်ငြိမ်အေးချမ်းရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရှိစေရန်အတွက် နိုင်ငံရေးဆောင်ရွက်သူများ၊ မီဒီယာများအနေဖြင့် သတင်းမှားများကို သွေးထိုးလှုံ့ဆော်မှုများ မပြုလုပ်ရန်လိုကြောင်း၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန် လိုအပ်သဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

### စဉ်းစားဆောင်ရွက်ကြရန်လို

မိမိတို့ကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် နိုင်ငံအတွင်း စားရေရိက္ခာ ပေါများစေရန်၊ ယိမ်းယိုင်နေသည့် စီးပွားရေးများပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေ ပြည်သူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပစ်ပယ်ထား၍ မရကြောင်း၊ ကျေးလက်စီးပွားရေး မြှင့်တင်ရေးအတွက်ပြည်နယ်နှင့်တိုင်း ဆင်းရဲချမ်းသာကွာဟမှုကို လျှော့ချရေးဆောင်ရွက်ရာတွင် ပြည်နယ်များကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစိုက်ပျိုးရေးမှာ ဆန်စပါး၊ ပဲနှင့် ဆီထွက်သီးနှံများဖြစ်ကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ ထို့အတူရပ်နားထားသည့် ပြည်တွင်းကုန်ထုတ်လုပ်ရေးစက်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးအတွက်လည်း တွန်းအားပေးဆောင်ရွက်ရန်လိုကြောင်း၊ စက်မှုကုန်ကြမ်းများ ထုတ်လုပ်နိုင်သည့် ဝါနှင့် ဝါးစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ပင်လယ်ကမ်းရိုးတန်းဒေသများတွင်လည်း အုန်းစိုက်ပျိုးရေး လုပ်ငန်းများကို ဆောင်ရွက်၍ အုန်းထွက်ပစ္စည်းများ ထုတ်လုပ်ကာ နိုင်ငံတကာသို့တင်ပို့နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ၏ဝင်ငွေ တိုးတက်ရေးအတွက် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိစေရေး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုအပ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ ရေကို အကျိုးရှိစွာ အသုံးချ၍ လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိနိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည် ဖြစ်ကြောင်း၊ အလားတူ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်၍ စိုက်ပျိုးရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ "ညီညွတ်ခြင်းသည် အင်အား" ဆိုသည့်အတိုင်း အစိုးရ၊ ပါတီများနှင့် နိုင်ငံသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

### ဆွေးနွေးတင်ပြ

ယင်းနောက် ကောင်စီဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုးနှင့် ဦးရွှေကြိမ်းတို့က အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် လုံခြုံရေးကို ထိရောက်စွာ ဆောင်ရွက်ပေးရေးကိစ္စ၊ အချို့မြို့နယ်များတွင် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်နိုင်ရေး၊ မသမာသည့်ရည်ရွယ်ချက်ဖြင့် ငွေကြေးအမြောက်အမြားကို လက်ဝယ်ထိန်းသိမ်းထားရှိသူများအား စိစစ်ဖော်ထုတ် အရေးယူနိုင်ရေး၊ မီဒီယာတုံ့ပြန်မှု လျင်မြန်သွက်လက်စွာ ဆောင်ရွက်နိုင်ရေး၊ ပြည်သူလူထု၏ လုံခြုံမှုအတွက် ပြည်သူ့အင်အားဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်ရေး၊ ဘဏ်လုပ်ငန်းစနစ်နှင့် ငွေကြေးစီးဆင်းမှုကို ထိခိုက်အောင် ဆောင်ရွက်နေသူများအား ရှာဖွေဖော်ထုတ်အရေးယူရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသအလိုက် ရပ်/ကျေး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိသားစုဝင်များ လုံခြုံရေးအတွက် အကာအကွယ်ပေးနိုင်ရန် ဆောင်ရွက်ပေးရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ဌာနအလိုက် အလုပ်ရုံဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနိုင်ရေး၊ ရခိုင်ပြည်နယ်အတွင်း သောက်သုံးရေ လုံလောက်စွာ ရရှိရေးအတွက် စီမံကိန်းတစ်ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ တောင်ပေါ်ဒေသများတွင် ကုန်းမြင့်လယ်ယာဖော်ထုတ်ရေး၊ ဌာနများအလိုက် လစ်လပ်သွားသည့် ရာထူးနေရာများတွင် ပြန်လည် ဖြည့်ဆည်းခန့်ထားနိုင်ရေး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်အတွင်း တရားမဝင် ရွှေသတ္တု တူးဖော်နေမှုများအား ထိန်းသိမ်းပေးနိုင်ရေးနှင့် သောက်သုံးရေ အခက်အခဲရှိသည့်ကျေးရွာများ၌ စက်ရေတွင်းများ တူးဖော်ပေးနိုင်ရေးတို့ကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဘဏ်လုပ်ငန်းများနှင့် ငွေကြေးစီးဆင်းမှုများကို ပြည်သူလူထုယုံကြည်မှုရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ အခွန်စနစ်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ရပ်/ကျေးဥက္ကဋ္ဌများနှင့်ပတ်သက်၍ လုံခြုံရေးအတွက် စီမံဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနများအလိုက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပသွားရမည်ဖြစ်ကြောင်း၊ မြို့နယ်အချို့တွင် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်နိုင်ရေးအတွက် စိစစ်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် မီဒီယာတုံ့ပြန်မှုလျင်မြန်စေရေးအတွက် ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်းရှိ NGO၊ INGO များနှင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ပြန်လည်စိစစ်ကြပ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဝန်ကြီးဌာနအလိုက် လစ်လပ်ဝန်ထမ်းများ ပြန်လည်ခန့်ထားရေးနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ

*စာမျက်နှာ ၅ သို့*

**လျှပ်စစ်ဓာတ်အားဖူလုံစွာရရှိစေရေး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်သွားရန် လိုအပ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် အလေးထားဆောင်ရွက်**

# နှစ်စဉ် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး ဘီလီယံနှင့်ချီရှိ

မိမိတို့နိုင်ငံတွင် သဘာဝဘေးအန္တရာယ်များ မကြာခဏ ကျရောက်လေ့ရှိပြီး နှစ်စဉ် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးဘီလီယံနှင့်ချီရှိကြောင်း၊ လက်ရှိ ရာသီဥတုအခြေအနေအရ မုန်တိုင်းနှင့် မိုးသက်လေပြင်းများ ကျရောက်မည့် အနေအထားများရှိနေကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာအလိုက် မိမိတို့ ဌာနအဆောက်အဦများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးနှင့် ဒေသအလိုက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ထားကြရန်လိုကြောင်း၊ မကြာမီ မိုးတွင်းကာလရောက်ရှိမည်ဖြစ်သဖြင့် သက်ဆိုင်ရာမြို့နယ်များအလိုက် တံတားများနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် မြို့အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ပျက်စီးဆုံးရှုံးမှုများကြောင့် နိုင်ငံတော်ဘဏ္ဍာငွေ များစွာကျခံသုံးစွဲနေရကြောင်း၊ ထို့အတူ လူ၏ပေါ့ဆမှုကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက်လည်း ကြိုတင်စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၅-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

*စာမျက်နှာ ၄ မှ*

ပြန်လည်စိစစ် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဒေသအလိုက် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်များ၏လိုအပ်ချက်ကို ဦးစားပေးဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

**အထူးအလေးအနက်ထားဆောင်ရွက်**

**"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်အတိုင်း စာသင်ကျောင်းမှ အမျိုးသားစည်းကမ်းများကို ဆောင်ရွက်ပေးနိုင်ရန်နှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစည်းကမ်းများကို လိုက်နာရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ကြားရေးကိုသာ အလေးထားစေလိုကြောင်း၊ သူ့နေရာနှင့်သူသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊** တရားဥပဒေစိုးမိုးရေးအတွက် အဓိကအားဖြင့် ပြည်သူများအနေဖြင့် ဥပဒေကို နားလည်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တက္ကသိုလ်၊ ကောလိပ်များတွင် ဥပဒေပညာရပ်များ သင်ကြားရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ဥပဒေအား လေးစားလိုက်နာခြင်း မရှိပါက တရားဥပဒေစိုးမိုးရေး မဖြစ်နိုင်သကဲ့သို့ လွတ်လပ်ပြီးတရားမျှတသည့် သန့်ရှင်းသည့် ဒီမိုကရေစီစနစ်မဖြစ်နိုင်ကြောင်း၊ နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးအတွက် ပညာတတ်များ ပေါ်ကြွယ်ဝအောင် ဆောင်ရွက်ခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူများ ပညာတတ်ဖြစ်စေရေးသည် အရေးကြီးသဖြင့် အထူးအလေးအနက်ထားဆောင်ရွက်ရမည့် ကိစ္စရပ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့် စိတ်ဓာတ်ရှိမှသာ နိုင်ငံကြီးပွားတိုးတက်မည်ဖြစ်ပြီး နိုင်ငံကောင်းအောင် ဆောင်ရွက်လိုသည့်စိတ်ဓာတ်ရှိရန်အတွက် ပညာရေးတွင် အခြေခံကောင်းရန် လိုအပ်ကြောင်း၊ ပြည်သူလူထု လက်ရှိအချိန်တွင် ကြုံတွေ့နေရသည့် စီးပွားရေးနှင့် စားသောက်ရေးများ အဆင်ပြေစေရန်အတွက် စားရေရိက္ခာများ ပေါများအောင်

- **ဒီမိုကရေစီစနစ်တွင် ဥပဒေအား လေးစားလိုက်နာခြင်း မရှိပါက တရားဥပဒေစိုးမိုးရေး မဖြစ်နိုင်သကဲ့သို့ လွတ်လပ်ပြီး တရားမျှတသည့် သန့်ရှင်းသည့် ဒီမိုကရေစီစနစ်မဖြစ်နိုင်၊**
- **နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးအတွက် ပညာတတ်များ ပေါ်ကြွယ်ဝအောင် ဆောင်ရွက်ခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်၊**
- **ပြည်သူများ ပညာတတ်ဖြစ်စေရေးသည် အရေးကြီးသဖြင့် အထူးအလေးအနက်ထားဆောင်ရွက်ရမည့် ကိစ္စရပ်တစ်ခုဖြစ်၊**

ဆောင်ရွက်နေချိန်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လိုအပ်သည်များကို အကြံပြုဆွေးနွေး တိုက်တွန်းပေးကြစေလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

**ဆိုင်ကလုန်းမုန်တိုင်း "ယာစ်"၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ယာစ်" သည် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၇ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၉ ဒသမ ၂ ဒီဂရီတွင်ရှိပြီး ဗဟိုချက် လေဖိအား ၉၉၀ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၆၀ နှုန်း ဖြစ်သည်။

**နောက် ၃၆ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါဆိုင်ကလုန်းမုန်တိုင်း "ယာစ်"သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး ပိုမိုအားကောင်းလာကာ နောက် ၁၂ နာရီအတွင်း အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ယာစ်" အဖြစ်သို့ လည်းကောင်း၊ နောက် ၃၆ နာရီအတွင်း အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ယာစ်" အဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

ဆိုင်ကလုန်းမုန်တိုင်း"ယာစ်"၏အရှိန်ကြောင့် ယနေ့ညမှ နောက် ၄၈ နာရီအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ၁၃ ပေမှ ၁၇ ပေခန့် ရှိနိုင်သည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ကိုးပေမှ ၁၃ ပေ ခန့်ရှိနိုင်သည်။

**အကြံပြုချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ယာစ် "၏အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# နွေးထွေးသောလက်များ

**မောင်အောင်**

"အဘတို့ ဒီဆည်လေးကို ဆောက်ပေးလို့ ကျွန်တော်တို့ တစ်ရွာလုံးက လွတ်ပြီးကျေးဇူးတင်နေတာ။ ဟိုတစ်နေ့က မိုလေးနည်းနည်း ရွာလိုက်တာနဲ့ ဒီရေကန်လေးတောင် ရေသုံးပေလောက် မြင့်တက်လာတယ်"။

ကျွန်တော်တို့အဖွဲ့ မြိုင်မြို့နယ် လယ်စုညောင်ပင်ကျေးရွာသို့ ညနေ ၄ နာရီလောက် ရောက်ရှိချိန်တွင် ဆည်ဘေးရှိမန်ကျည်းပင်အောက် မဏ္ဍပ်၌ လယ်စုညောင်ပင်သားတချို့ရောက်ရှိနေကြသည်။ သူတို့အထဲမှ အညာဖျင်ကြမ်းအင်္ကျီဝတ်ပြီး တဘက်ခေါင်းပေါင်းထားသည့် လူကြီးတစ်ဦးက ကျွန်တော့်ကို နှုတ်ဆက်ပြော ပြောလာခြင်းဖြစ်သည်။

"နေစမ်းပါအုံး၊ ခင်ဗျားက ကျွန်တော့်ကို အဘလို့ ခေါ်ရအောင် ခင်ဗျားအသက်က ဘယ်လောက် မို့လို့လဲ"ကျွန်တော်က ရင်းရင်းနှီးနှီး ပြန်ပြီးမေးလိုက်သည်။

"၆၉ နှစ်"

ဦးမြသောင်းက ပြန်ဖြေသည်။

"ဒါဆို ၁၃၁၄ ခု ဖွားလား၊ ၁၅ ခုဖွားလား"

"၁၃၁၅ ခုဖွား ဆရာရော ဘယ်နှခုဖွားလဲ"

ကျွန်တော်က ရင်းရင်းနှီးနှီး ပြုံးပြုံးရွှင်ရွှင် မေးနေခြင်းဖြစ်၍ ဦးမြသောင်းက အခေါ်အဝေါ် ပြောင်းသွားသည်။ အဘခေါ်ရာမှ ဆရာဖြစ်သွားသည်။

"ကျွန်တော်က ၁၄ ခုဖွား၊ ခင်ဗျားထက် တစ်နှစ်ပဲကြီးတာ။ အဘ မခေါ်ပါနဲ့ဗျာ။ တိုင်းပြည်အတွက် အလုပ်လုပ်ချင်သေးတယ်"

ကျွန်တော့်အပြောကြောင့် ဦးမြသောင်းက ကျေနပ်သွားသည်။

"မသိဘူးလေဆရာ ဒီမှာပါတဲ့လူတွေက အဘ အဘနဲ့ ပြောနေကြတော့ ကျွန်တော်လည်း အဘလို့ ခေါ်လိုက်တာပေါ့"

ကျွန်တော်နှင့်အတူပါလာသည့် ကျွန်တော်တို့ ဝန်ကြီးဌာနမှ ဝန်ထမ်းများကို ကြည့်၍ ဦးမြသောင်းက ပြောလိုက်ခြင်းဖြစ်သည်။

### လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်

သည်နေ့မနက် ကျွန်တော်တို့အဖွဲ့ နေပြည်တော်မှ ထွက်လာခဲ့ပြီး ကျေးလက်ဒေသစိုက်ပျိုးရေးလုပ်ငန်းများ၊ မြစ်ရေတင်လုပ်ငန်းများနှင့် မြန်မာပြည်အလယ်ပိုင်း ရေရှားပါးသည့်ဒေသများတွင် မြေအောက်ဆည် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာခဲ့ခြင်းဖြစ်သည်။

နံနက်ပိုင်းက ဧရာဝတီမြစ်ကမ်းနံဘေးရှိ ညောင်ဦးမြို့နယ် လက်ပံခြေပေါ် မြစ်ရေတင်လုပ်ငန်းကို ကြည့်ရှုခဲ့သည်။ ညောင်ဦးမြို့နယ်၌ လွန်ခဲ့သည့် ၁၀ နှစ်က ပျမ်းမျှမိုးရေချိန် ၂၆ လက်မ ရွာသွန်းခဲ့သည်။ ပြီးခဲ့သည့် နှစ်နှစ် သုံးနှစ်ခန့်ကစ၍



မြိုင်မြို့နယ် လယ်စုညောင်ပင်ကျေးရွာရှိ တူးဖော်ထားသော ရေတွင်းကို ကြည့်ရှုစစ်ဆေးစဉ်။

မိုးရေချိန် သိသိသာသာ လျော့နည်းလာသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် စိုက်ပျိုးသီးနှံများ အောင်ရေရရှိရေးအတွက် ရေလိုအပ်ချက် များပြားလာသည်။

### မိုးသီးနှံနှင့် နွေသီးနှံများ စိုက်ပျိုးရေ ရရှိရေး

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)သည် အညာဒေသနေ တောင်သူများ၏ စိုက်ပျိုးသီးနှံများအောင်ရေရရှိရေးအတွက် မြစ်ရေတင်လုပ်ငန်း ၃၇ ခု တည်ဆောက်ခဲ့ပြီး ယခုတည်ဆောက်ဆဲ မြစ်ရေတင်လုပ်ငန်း တစ်ခုရှိသည်။ မြစ်ရေတင်လုပ်ငန်းများမှ ဒေသခံတောင်သူများ၏ စိုက်ပျိုးသီးနှံ ၈၀၃၉၄ ဧကအတွက် မိုးသီးနှံနှင့် နွေသီးနှံများ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

### လက်ပံခြေပေါ် မြစ်ရေတင်လုပ်ငန်းကြည့်ရှု

တကယ်တော့ မြစ်ရေတင်လုပ်ငန်းသည် အရင်းအနှီးတန်ဖိုးကြီးလှသည်။ မြစ်ရေကို ဒီဇယ်ဆီသုံးပန့်များဖြင့် ရေတင်၍ ဖြန့်ဖြူးရခြင်းဖြစ်သဖြင့် အညာဒေသနေတောင်သူ ဦးကြီးများ၏ တစ်ဧက ရေပေးဝေနိုင်ရေးအတွက် ငွေကျပ် ၁၈၀၀၀၀ ကုန်ကျသည်ဟု သိရသည်။ သို့ဖြစ်၍လည်း ၂၅-၂-၂၀၂၂ ရက်နေ့က ကျင်းပပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၂)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက **"စိုက်ပျိုးရေအတွက် မြစ်ရေတင်စီမံကိန်းများကို ပြန်လည်ဆောင်ရွက်သွားရန်၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မြစ်ရေတင်စီမံကိန်းများအတွက် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ဆိုလာ(Solar) စီမံကိန်းများကို ဆောင်ရွက်ရန်နှင့် မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများတွင် လျှပ်စစ်မီးသုံးစွဲနိုင်ရေးအတွက်ပါ ဆောင်ရွက်သွားရန်"** ဟု လမ်းညွှန်မှာကြားခဲ့ပါသည်။ သို့ဖြစ်၍လည်း ညောင်ဦးမြို့ လက်ပံခြေပေါ် မြစ်ရေတင်လုပ်ငန်းနှင့် ပခုက္ကူမြို့ ရက်ကန်းသင်တန်းကျောင်းတို့ကို ကြည့်ရှုခဲ့သည်။

သည့်နောက် ကျွန်တော်တို့အဖွဲ့ ပခုက္ကူမြို့နယ် ရွှေတန့်တစ်ကျေးရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖောက်လုပ်ပေးသည့် ကျေးလက်ကုန်ထုတ်လမ်းကို ကြည့်ရှုစစ်ဆေး သည်။ ကုန်ထုတ်လမ်းက ပေ ၃၉၆၀ ရှိပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်ပေးခဲ့ ခြင်းဖြစ်သည်။ ငွေကျပ် ၂၄ ဒသမ ၀၇၇ သန်း အကုန်အကျခံ၍ ဖောက်လုပ်ပေးခဲ့ပြီး ကျေးရွာ သုံးရွာရှိ အိမ်ထောင်စု ၆၃၂ စု၏ မိသားစုဝင် ၃၁၈၉ အတွက် အကျိုးပြုကြောင်း သိရှိရသည်။

"ဒီလမ်းနဲ့ ဒီရေပေးမြောင်းလုပ်ပေးတဲ့အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ နိုင်ငံတော်ကို ကျွန်တော်တို့ရွာသားတွေက ပြောမပြတတ်အောင် ကျေးဇူးတင်ပါတယ်။ ဒီရေပေးမြောင်းကြောင့် ကျွန်တော်တို့စိုက်တဲ့သီးနှံတွေ အောင်ရေရတယ်။ ဒီကုန်ထုတ်လမ်းကြောင့် ကျွန်တော်တို့ ရွာသားတွေ သွားရေးလာရေး လွယ်ကူတယ်။ ကျွန်တော်တို့ ကလေးတွေ ကျောင်းသွားရတာ အဆင်ပြေတယ်။ အန္တရာယ်ကင်းတယ်။ ဒါကြောင့် စောစောက ဒီက ဆရာကြီးပြောသလို နိုင်ငံတော်က ဒီလောက်အကုန်အကျခံပြီး ဖောက်လုပ်ပေးခဲ့တဲ့လမ်းကို ကျွန်တော်တို့ ရွာသားတွေက ဝိုင်းပြီး ထိန်းကြမှာပါ။ လမ်းမဖျက်ဖို့ ရေရှည်ခံဖို့က ကျွန်တော်တို့ တာဝန်ပါ။"

နေပူကြီးထဲတွင် ချွေးသံတရွှဲရွှဲဖြင့် ပြောလာသည့် ကျေးလက်လမ်းဖြစ်မြောက်ရေးအဖွဲ့ အဖွဲ့ဝင် ရွှေတန့်တစ်ရွာသား ဦးညိုမောင်၏ ရင်တွင်းစကားများကလည်း အညာနွေအောက်တွင် ကျွန်တော့်ရင်ကို ချမ်းမြေ့စေသည်မှာ အမှန်ပင်။

### တစ်ရွာလုံးနီးပါး ဆိတ်မွေးမြူကြ

ကျွန်တော်တို့အဖွဲ့ ပခုက္ကူမြို့နယ် ရွှေတန့်တစ်ကျေးရွာမှ ရေစကြိုမြို့နယ် တောင်ဇင်းကျေးရွာတွင် မွေးမြူထားသည့် ဆိတ်မွေးမြူရေးခြံများကို ကြည့်ရှုသည်။ ရေစကြိုမြို့နယ် တောင်ဇင်းကျေးရွာသည် တစ်ရွာလုံးနီးပါး ဆိတ်မွေးမြူကြသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ မြစိမ်းရောင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းချေးငွေဖြင့် မွေးမြူထားခြင်းဖြစ်သည်။

ဆိတ်များက အဖြူနှင့် အနက်ကြား ထိန်စမ်းဒေသမျိုး ဖြစ်သည်။ ကဆီထု (သင်းကွပ်ထား)သဖြင့် ဆိတ်များက ကြီးထွားလှသည်။ သာမန်လူတစ်ယောက်၏ ရင်ဆို့နီးပါးရှိသည်။ "ကျွန်တော့်တစ်သက် ဒီလောက်ကြီးတဲ့ ဆိတ်မျိုးတစ်ခါမှ မမြင်ဖူးဘူး" ဟု ကျွန်တော်တို့အဖွဲ့တွင် ပါလာသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ပြောသည်။ သူပြောမည်ဆိုလည်း ပြောစရာပင်။ နိုင်ငံခြားသို့ တင်ပို့ရောင်းချလျှင် ဈေးကောင်းရမည်ဟူသော မျှော်မှန်းချက်ဖြင့် အစာကောင်းကောင်းကျွေး၍ မွေးမြူထားကြခြင်းဖြစ်သည်။ အထူးသဖြင့် ပုဂ္ဂလိကဆိတ်ခြံကြီး နှစ်ခုတွင် ဝါစေ့ ကြိတ်ဖတ်၊ ပဲဖတ်၊ ဆီးခွံများ ရောစပ်ကျွေးသည့်အပြင် မြက်ခင်းပါစနစ်တကျ စိုက်၍ ကျွေးမွေးခြင်းဖြစ်သဖြင့် ဆိတ်များက ကြီးချင်တိုင်း ကြီးနေခြင်းဖြစ်ပါသည်။

"ဆိတ်တွေကတော့ ကောင်းပါတယ်။ ကူးစက်ရောဂါဖြစ်တာတော့ ဘာမှမရှိပါဘူး။ အထူးသဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဒီဆရာကြီး အမြဲလာကြည့်ပေးနေလို့ ကျန်းမာရေးလည်း ကောင်းပါတယ်။ ကူးစက်ရောဂါလည်း ဘာမှမဖြစ်ပါဘူး။ အရေးကြီးတာက ဒီဆိတ်တွေ နိုင်ငံခြားကို မြန်မြန်ရောင်းချင်တယ် ဆရာ၊ ကျွန်တော်တို့ ရောင်းရအောင် အမြန်လုပ်ပေးပါ"

ပုဂ္ဂလိကဆိတ်ခြံမန်နေဂျာက ရေစကြိုမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ မြင့်စိုး၏ တာဝန်ကျေပွန်မှုကို အသိအမှတ်ပြုရင်း သူတို့၏ အခက်အခဲကို တင်ပြခဲ့ခြင်း ဖြစ်သည်။

### ကိုဗစ်ကြောင့် တစ်ကမ္ဘာလုံး ဒုက္ခရောက်

ခက်တာက ကိုဗစ်။ ဒီကိုဗစ်ကြောင့် တစ်ကမ္ဘာလုံး ဒုက္ခရောက်နေကြသည်။ ကျောင်းတွေပိတ်သည်။ အသွားအလာတွေ ကန့်သတ်သည်။ ကုန်သွယ်မှုတွေ ရပ်ဆိုင်းကုန်သည်။ ပြည်သူတွေ ဒုက္ခရောက်နေကြသည်။ ကမ္ဘာတွင် အချမ်းသာဆုံး၊ စီးပွားရေးအင်အား၊ ကာကွယ်ရေးအင်အား အကြီးဆုံးဆိုသည့် နိုင်ငံသည် ကိုဗစ်ကြောင့် လူအသေအပျောက်အများဆုံးနှင့် ကူးစက်ဖြစ်ပွားမှုအများဆုံး နိုင်ငံဖြစ်နေသည်။

ကျွန်တော်တို့နိုင်ငံတွင် ဆရာတော်၊ သံဃာတော်ကြီးများအပါအဝင် နိုင်ငံ့ခေါင်းဆောင်များက ကိုဗစ် ကပ်ရောဂါကူးစက်ဖြစ်ပွားမှုလျော့ကျရေး၊ ဆုံးရှုံးမှုနည်းပါးစေရေးအတွက် ပြည်သူတစ်ရပ်လုံးကို စည်းရုံး ဦးဆောင်ပြီး ဆောင်ရွက်နေသည်။ ပြည်သူများ ကလည်း ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် လိုက်နာ ဆောင်ရွက်ကြသဖြင့် အထိုက်အလျောက် လျော့ပါးလာသည်။ သို့သော် "ပန်းမဝင်ခင် ကျွန်တော်တို့ တက်ထောင်လို့ မဖြစ်။" ယခုပင် ဆိတ်မွေးမြူရေးသမားများက ကျွန်တော့်ကို သူတို့ မွေးထားသည့် ဆိတ်တွေ နိုင်ငံခြားသို့ တင်ပို့ရောင်းချရေး အကူအညီ တောင်းခံနေကြပြီ။

*စာမျက်နှာ ၇ သို့*

> **"နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက "စိုက်ပျိုးရေအတွက် မြစ်ရေတင်စီမံကိန်းများကို ပြန်လည်ဆောင်ရွက်သွားရန်၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မြစ်ရေတင်စီမံကိန်းများအတွက် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ဆိုလာ (Solar) စီမံကိန်းများကို ဆောင်ရွက်ရန်နှင့် မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများတွင် လျှပ်စစ်မီးသုံးစွဲနိုင်ရေးအတွက်ပါ ဆောင်ရွက်သွားရန်" ဟု လမ်းညွှန်မှာကြားခဲ့"**

# ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၂၄**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိ မြို့နယ် အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ဇမ္ဗူသီရိမြို့နယ် အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "ကျောင်းအပ်နှံရေး သီတင်းပတ်" သီချင်းဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်သည်။

**အသိပေးဆောင်ရွက်**

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ က ကျောင်းအပ်နှံရေး သီတင်းပတ်ကို မေ ၂၄ ရက်မှ မေ ၃၁ ရက်အထိ တစ်နိုင်ငံလုံး ကျင်းပအပ်နှံနေကြပြီဖြစ်ရာ ကျောင်းသားမိဘများအနေဖြင့် ထပ်တူဝမ်းသာကြည်နူးနေမည်ဟု ယုံကြည်မိပါကြောင်း၊ ဇွန် ၁ ရက်တွင် အခြေခံပညာကျောင်းများအားလုံး တစ်ပြိုင်နက်တည်း ဖွင့်လှစ်တော့မည်ဖြစ်ပါကြောင်း၊ ကျောင်းသားကျောင်းသူလေးများ တည်ငြိမ်အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးကို ပျက်ပြားစေလိုသူများက ကျောင်းအပ်နှံသည့်အခါ ငွေကြေးများ ကောက်ခံမည်ဟု ကောလာဟလသတင်းမှားများ ထုတ်လွှင့်ကာ ပြည်သူများ အထင်အမြင်မှားအောင် ဆောင်ရွက်မှုများ ရှိနေသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ကျောင်းသားမိဘများအနေဖြင့် သတင်းမှားများကို မယုံကြည်ရန်နှင့် တာဝန်ရှိသူများနှင့် ဆရာ ဆရာမများကလည်း ပြည်သူများ သတင်းအမှန်သိရှိရန် အချိန်နှင့်တစ်ပြေးညီ အသိပေးဆောင်ရွက်ရန်



လိုအပ်ပါကြောင်း။

ဆရာ ဆရာမများအားလုံးသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် ပါတီနိုင်ငံရေး ကင်းရှင်းရန် လိုအပ်ပါကြောင်း၊ ခေတ်စနစ်မည်သို့ပင် ပြောင်းနေပါစေ ဝန်ထမ်းများသည် ကိုယ့်အလုပ်တာဝန်ကို ကျေပွန်အောင် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ပညာရေး ဝန်ထမ်းများသည် နိုင်ငံ၏အနာဂတ် သားကောင်းရတနာများကို မွေးထုတ်ပေးနေသည့် ပွဲကိုင်ရှင် ဆရာ ဆရာမများဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ အား ခံယူချက်၊ ယုံကြည်ချက်၊ ယူဆချက်များ မှန်ကန်အောင် ပညာသင်ကြားပေးစေလိုပါကြောင်း။

ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူလေးများအား ကျောင်းပြဋ္ဌာန်းစာအုပ်တွင် ပါဝင်သည့် သင်ခန်းစာများအပြင် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ယဉ်ကျေးမှုများ၊ လိမ္မာရေးခြားရှိစေမည့် သင်ခန်းစာအကြောင်းအရာများကိုလည်း သင်ကြားပေးစေလိုပါကြောင်း၊ မွန်မြတ်သည့်ဆရာဟူသော ဂုဏ်သိက္ခာကို တန်ဖိုးထား၍ ပညာရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်စေလိုပါကြောင်း၊ ဆင်းရဲချမ်းသာမခွဲခြားဘဲ ကလေးများအားလုံး ပညာသင်ယူခွင့်ရအောင် ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင် က ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အခြေခံပညာကျောင်းပေါင်း ၇၅၇ ကျောင်းရှိရာ ဇွန် ၁ ရက်တွင် တစ်ပြိုင်နက်တည်းဖွင့်လှစ်နိုင်ရန် အဆင်သင့်အနေထား ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ကျောင်းများ ဖွင့်လှစ်ချိန်တွင် ဘေးပတ်ဝန်းကျင်၏ ရိုက်ခတ်မှုများမရှိစေရေး ဆရာကြီး၊ ဆရာမကြီးများအားလုံး၊ ကျောင်းသား ကျောင်းသူများအားလုံးအတွက် လုံခြုံရေးဆောင်ရွက်ပေးရန် စီစဉ်ထားရှိပြီး ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူလေးများကို စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားနိုင်စေလိုပါကြောင်း ပြောကြားသည်။

**ဗလာစာအုပ်နှင့် ပုံနှိပ်စာအုပ်များ ပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးဇော်ဝင်းတို့က ဗလာစာအုပ်နှင့် ပုံနှိပ်စာအုပ်များကို ပေးအပ်ရာ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများက လက်ခံရယူသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက "ဇာတိမာန်"သီချင်းဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက စာသင်ခန်းအလိုက် ကျောင်းအပ်လက်ခံနေမှုများကို လှည့်လည်ကြည့်ရှုပြီး (ဝဲပုံ) ကျောင်းလာရောက်အပ်နှံကြသော ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

အညာနွေ၏ ပူလောင်ပြင်းပြသည့် နေပူပူအောက်တွင် ဆိတ်မွေးမြူရေးသမားများ၏ ခံစားချက်ကို ဖွင့်ဟလာသည့်အပူက ကျွန်တော့်၏ရင်ကို ဗလောင်ဆူစေသည်။ ရေစကြိုမှ မြိုင်အထိလာခဲ့ရသည့် ကားလမ်းတစ်လျှောက် ကျွန်တော့်ရင်ထဲက အပူက မအေးငြိမ်းနိုင်ခဲ့။ ယခုမြိုင်မြို့နယ် လယ်စုညောင်ပင်ရွာမှ ဦးမြသောင်း၏ ရင်တွင်းစကားများကို ကြားရတော့မှ ကျွန်တော့်ရင်တွင် အပူမီးတွေပျောက်၍ အေးငြိမ်းခြင်းသို့ ရောက်ရတော့သည်။

"လယ်စုညောင်ပင်ကျေးရွာ မြေအောက်ဆည် တည်ဆောက်ရေးနဲ့ ပတ်သက်ပြီး ကျွန်တော်နည်းနည်း ရှင်းလင်းတင်ပြပါရစေခင်ဗျာ"

ကျွန်တော်တို့အဖွဲ့တွင်ပါလာသည့် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး၏ တင်ပြသံကြောင့် ကျွန်တော် သူ့ဘက်သို့ လှမ်းကြည့်ပြီး နားစွင့်လိုက်မိသည်။ ရေအောက်ဆည် တည်ဆောက်ထားသည့် ချောင်းနံဘေး မန်ကျည်းပင်အောက်တွင် တဲထိုးထားပြီး တဲအတွင်း ကားချပ်ချိတ်သည့် စင်နံဘေးမှ ရှင်းလင်းတင်ပြခြင်းဖြစ်သည်။

"ဒီလယ်စုညောင်ပင်ကျေးရွာမှ မြေအောက်တမံကို ၂၀၂၀ ပြည့်နှစ် တစ်လပိုင်းက တည်ဆောက်ဖို့စခဲ့တာပါခင်ဗျာ။ အညာမှာရှိတဲ့ ဒီသဲချောင်းတွေက မိုးတွင်းမှာ မိုးရွာတဲ့အခါ ရေရှိတတ်ပြီး နွေအခါမှာတော့ ခန်းခြောက်ပါတယ်ခင်ဗျာ။ ရွာကလူတွေ သောက်သုံးရေလိုချင်ရင် ဒီသဲချောင်းထဲမှာ လက်ယက်တွင်းတူးပြီး ရေခပ်ရပါတယ်ခင်ဗျာ။ ကဲ ဦးမြသောင်းကပဲ ပြီးခဲ့တဲ့ သုံး၊ လေးနှစ် အခြေအနေကို အဘကို ရှင်းပြပါဦး"

မန္တလေးတိုင်း ကျေးလက်ဦးစီးဌာနမှူးက ဦးမြသောင်းကို ဆက်လက်ရှင်းပြရန် အကူအညီ တောင်းလိုက်သည်။ ဦးမြသောင်းက လုံချည်ကို ပြင်ဝတ်လိုက်ရင်း ချောင်းတစ်ချက်ဟန့်လိုက်သည်။

"ကျုပ်တို့ ငယ်ငယ်တုန်းကတော့ ဒီချောင်းထဲ မိုးမှာတော့ ရေများပြီး၊ နွေမှာတော့ ရေရှိတော့ရှိတာပေါ့။ နည်းတော့နည်းတယ်။ ပြီးခဲ့တဲ့ လေး၊ငါး၊ခြောက်နှစ်လောက်ကစပြီး မိုးလည်းနည်းလာတယ်။ ရေလည်းဆုတ်လာတယ်။ နောက်ပိုင်းနွေရာသီဆိုရင် ချောင်းထဲမှာ လက်ယက်တွင်းတူးပြီး ရေခပ်တာတောင် သိပ်ပြီးမရချင်တော့ဘူး။ ဒါကြောင့် ဟိုရေတွင်းကို တူးခဲ့တာ"

ဦးမြသောင်းက မန်ကျည်းပင်အောက်ရှိ ရေတွင်းကို လက်ညှိုးထိုးပြပြီး ပြောလိုက်ခြင်းဖြစ်သည်။

"အဲဒီတွင်းကလည်း ၁၅ တောင်လောက် တူးထားတာ။ နွေဆိုရင်



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး (စာရေးသူ) နှင့်အဖွဲ့ မြိုင်မြို့နယ် လယ်စုညောင်ပင်ကျေးရွာရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ထားသောမြေအောက်တမံပေါ်၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ရေက လေး၊ ငါးတောင်လောက် ရှိတယ်။ ပထမတော့ တစ်နှစ်၊ နှစ်နှစ် အဆင်ပြေသေးတယ်။ ပြီးခဲ့တဲ့ သုံးနှစ်လောက်ကစပြီး ရေကအတော်လေး ခန်းလာတယ်။ အဲဒီအချိန်မှာ ဒီဆရာတွေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနဲ့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာလုပ်ပေးရမလဲ မေးလာတော့ ကျုပ်တို့က ရေလိုတယ်ပြောခဲ့တာ"

"ရွှေကိုမလို ရေကိုသာလိုတယ် ဆိုတဲ့သဘောပေါ့"

ကျွန်တော်က ကြားဖောက်၍ ပြောလိုက်ခြင်းဖြစ်သည်။

"အမှန်ပေါ့ဆရာရယ်။ အဲဒီအချိန်မှာ ရွှေလာပေးလည်း ကျွန်တော်တို့ ဘာမှလုပ်လို့ရမှာ မဟုတ်ဘူး။ ရေသာအဓိကပါ။ ကျွန်တော်တို့ ပြောပြီး နှစ်လ သုံးလကြာတော့ ဒီဆရာတွေလာပြီး ဆာဗေးလုပ်တယ်ဆိုပြီး၊ လေး၊ ငါး၊ ခြောက်နေရာ ကျင်းလေးတွေတူးတယ်။ စမ်းသပ်တယ်။ နောက်တော့မှ ဒီနေရာမှာ မြေအောက်တမံဆိုပြီး ဒီတမံကို ဆောက်ပေးတာပဲ"

"ဟုတ်ပါတယ် အဘ၊ ဒီတမံက အလျားပေ ၁၀၀ ရှိပြီး အောက်ခြေအကျယ် ၁၀ ပေ၊ အပေါ် နှုတ်ခမ်း နှစ်ပေရှိပြီး အမြင့် ၁၀ ပေရှိပါတယ် ခင်ဗျာ"

ဦးမြသောင်း၏ စကားကို မြို့နယ်ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးက ဖြည့်စွက်တင်ပြခြင်းဖြစ်သည်။

"ဒီ့ဝန်ကြီးဌာနက ဘယ်လောက်ကုန်ကျသွားသလဲ၊ ကျေးရွာလူထုရော ဘယ်လောက်အကျိုးပြုသလဲ"

"ကျွန်တော်တို့ စုစုပေါင်း ၁၀ ဒသမ ၅ ကျပ်သန်း ကုန်ကျပြီး ကျေးရွာမှာရှိတဲ့ အိမ်ခြေ ၂၁၅ အိမ်က လူဦးရေ ၁၁၂၅ ဦးအတွက် အကျိုးပြုပါတယ် ခင်ဗျာ"

ကျွန်တော်၏ အမေးကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဦးစီးမှူးက ပြန်လည်ဖြေကြားခြင်းဖြစ်သည်။

"ကျုပ်တို့ကတော့ ဘယ်လောက်ကုန်တာ၊ လူဦးရေဘယ်လောက် အကျိုးပြုတာတော့မသိဘူး ဆရာရေ။ တစ်ရွာလုံးကတော့ ဒီရေအောက်တမံ တည်ဆောက်ပေးတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ကျေးဇူးတင်လွန်းလို့ အခုသူတို့လူကြီးလာတယ်ဆိုတာသိရလို့ ဆရာ့ကို ကျေးဇူးတင်လွန်းလို့ လာပြီးတွေ့တာ ပြောတာ"

"ရပါတယ်ခင်ဗျာ၊ အစိုးရနဲ့ ဌာနဆိုင်ရာ ဝန်ထမ်းတွေဆိုတာ ပြည်သူကိုအလုပ်အကျွေးပြုဖို့ ဖွဲ့စည်းထားတာပါ။ အခုလို အလုပ်အကျွေးပြုခွင့်ရတာကိုပဲ ဝမ်းသာဂုဏ်ယူလှပါပြီ"

ကျွန်တော်က ရင်တွင်းစကားကို အားရပါးရ ပြန်ပြောလိုက်မိသည်။ ဦးမြသောင်းက ကျွန်တော့်လက်ကိုဆွဲ၍ အတင်းနှုတ်ဆက်လိုက်သည်။ ကိုဗစ်ကို သတိမရတော့ဘဲ ကျွန်တော်ကလည်း ဦးမြသောင်းလက်ကို နွေးထွေးတင်းကျပ်စွာ ပြန်၍နှုတ်ဆက်မိပါတော့သည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၂၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် မေ ၂၃ ရက် နံနက်ပိုင်းတွင် မော်လမြိုင် - ချောင်းဆုံ လမ်းအခြေအနေနှင့် သံလွင်တံတား (မော်လမြိုင်) ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အမြင်တင့်တယ်လှပရေးအတွက် တံတားအပေါ်ထည် သံပေါင်များ၏ လိုအပ်သည့် အပိုင်းများကို ဆေးသုတ်ပေးရန်နှင့် တံတားကိုယ်ထည်နှင့် တံတားအောက်ပိုင်းကြံ့ခိုင်မှုတို့ကို နှစ်စဉ်စစ်ဆေးပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် ကျိုက်ထို - ကျိုက္ကသာ ကျေးလက်လမ်း ကတ္တရာခင်းပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ကျိုက်ထို-ကျိုက္ကသာ ကျေးလက်လမ်းသည် အရှည် ၁၂ မိုင် ၂ ဖာလုံ ကျော်ရှိပြီး လမ်းအဆင့်အတန်း Class A အမျိုးအစား တွင် ပါဝင်ကာ ကျေးရွာအုပ်စု ခြောက်အုပ်စု၊ ကျေးရွာ ခုနစ်ရွာ၊ အိမ်ခြေ ၄၄၄၆ အိမ်နှင့် လူဦးရေ ၂၆၈၀၀ ကျော်တို့ကို အကျိုးပြုမည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မော်လမြိုင်လမ်း၊ ( ဘုရားကြီး - ကျိုက်ထိုအပိုင်း ) မိုင်တိုင်အမှတ်(၇၅/၀ နှင့် ၇၅/၁) ကြားတွင် တံတားဦးစီးဌာနမှ တင်ဒါစနစ်ဖြင့် ဆောင်ရွက်သည့် အဇ္ဈားရေလွှဲပေါက် တံတားဘေးတွင် အရှည်ပေ ၂၄၀ သံကူကွန်ကရစ် တံတားသစ် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်း လိုအပ်ချက်များ မှာကြားသည်။

### လိုအပ်သည်များကို မှာကြား

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပဲခူးမြို့သို့ရောက်ရှိပြီး ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ( မြို့ပြ ) က ပဲခူး- သနပ်ပင် - ခရမ်း - သုံးခွ - သန်လျင်လမ်း (ပဲခူး- သနပ်ပင် လမ်းအပိုင်း) တွင် ကတ္တရာကွန်ကရစ်လမ်း ( AC ) ခင်းနေမှုကိုလည်းကောင်း၊ ပဲခူးမြို့ အရှေ့မြို့ရှောင်လမ်း ( ၀/၀ ) မိုင်မှ ( ၆ / ၀ ) မိုင်အထိ လမ်းသစ်ဖောက်လုပ်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေတို့ကိုလည်းကောင်း၊ ပဲခူးမြို့ ဝန်းကျင်တွင် ကွန်ရက်သဖွယ် ဖောက်လုပ်ထားရှိသည့် လမ်း၊ တံတားအခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လမ်း၊ တံတားများ တိုးတက်ကောင်းမွန်ရေး အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၉) မှ သမိန်ဗရမ်း-သံတော်တွင်း- မဂ္ဂတစ်လမ်းပေါ်ရှိ အရှည်ပေ ၂၁၀ ကျုံးကူး တံတားတည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ **သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၂၄**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နယ်တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ ကလေးဝမြို့၊ တမူးမြို့၊ မင်းကင်းမြို့၊ မုံရွာမြို့၊ မြင်းမူမြို့၊ မြင်းခြံမြို့နှင့် ပေါက်မြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ခန္တီးမြို့တွင် ၃ ဒသမ ၈၉ လက်မ၊ ချောင်းဆုံမြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ပြင်ဦးလွင်မြို့နှင့် ပေါင်မြို့တို့တွင် ၁ ဒသမ ၃၀ လက်မစီ၊ ထားဝယ်မြို့နှင့် မြိတ်မြို့တွင် ၁ ဒသမ ၁၈ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ ကော့ကရိတ်မြို့တွင် ၁ ဒသမ ၀၆ လက်မ၊ လှိုင်းဘွဲ့မြို့တွင် ၀ ဒသမ ၉၈ လက်မ၊ ဂွမြို့တွင် ၀ ဒသမ ၉၁ လက်မနှင့် မော်လိုက်မြို့တွင် ၀ ဒသမ ၈၆ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းများတွင်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများကျင်းပ

**ရန်ကုန် မေ ၂၄**

၂၀၂၀-၂၀၂၁ ပညာသင်နှစ်၌ ကျောင်းနေအရွယ် ကလေးများအားလုံး ပညာသင်ယူခွင့်ရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများကို မေ ၂၄ ရက် နံနက် ၉ နာရီခန့်က တစ်ပြိုင်တည်းကျင်းပရာ အလုံမြို့နယ် အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမတွင် ကျင်းပသည့် အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးနှင့် ကောင်စီဝင်များ တက်ရောက်သည်။ **(ယာပုံ)**

ရှေးဦးစွာ အခမ်းအနားစတင်ဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူများက “ခေါင်းလောင်းသံချိုအားမာန်ပို” သီချင်းသီဆို၍ ဂုဏ်ပြုသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုး က ကျောင်းများ ပြန်လည် ဖွင့်လှစ်သည့်အခါ မသမာသူများ၏ နှောင့်ယှက်ဟန့်တားမှုများကို နည်းမျိုးစုံနှင့် ကြုံတွေ့နိုင်ဖွယ်ရှိသည့်အတွက် လုံခြုံရေးသတိရှိရန် ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာများ၊ ဒေသအာဏာပိုင်များ၊ စေတနာ့ဝန်ထမ်းများ အတူတကွ တွေ့ဆုံညှိနှိုင်းပြီး အကောင်းဆုံးနည်းလမ်းများနှင့် တုံ့ပြန်ဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံတော်က ပေးအပ်သည့် တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ကြရန်နှင့် နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာ လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။




ထို့နောက် အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဆရာမကြီး ဒေါ်နှင်းကြည်က ကျောင်းအပ်နှံရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးက အနောက်ပိုင်းခရိုင် ပညာရေးမှူးအား ကျောင်းသုံးဖတ်စာအုပ်များ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက မြို့နယ်ပညာရေးမှူး၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်ကြီးများအား ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းနှင့် လသာမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာ ဆရာမများက ကျောင်းအပ်နှံခြင်းကို လက်ခံဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

ရန်ကုန်တိုင်း ဒေသကြီးအတွင်း အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏအမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၊ တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်း၊ မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းများတွင် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများကျင်းပခဲ့ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ခရိုင်ပညာရေးမှူးများက တက်ရောက်ဖွင့်လှစ်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

# တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး(သဘောရေးဖြေ)စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၂၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပပြုလုပ်သည့် ၂၀၂၁ ခုနှစ်၊ (၇၃) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး (သဘောရေးဖြေ) စာမေးပွဲကို မေ ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့သည်။

တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေး(သဘောရေးဖြေ)စာမေးပွဲတွင် ဒီဃနိကာယ ကောဝိဒ (ပိဋက ၂ ပုံရေးဖြေအောင်) ၃ ပါး၊ ဝိနယကောဝိဒ(ပိဋက ၁ ပုံရေးဖြေအောင်) ၃ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ (ဝိနည်းအရှေ့ပိုင်း ရေးဖြေအောင်) ၅ ပါး၊ စုစုပေါင်း ၁၁ ပါး အောင်မြင်ခဲ့ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

**(၇၃) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ**
**(သဘောရေးဖြေ)စာမေးပွဲ**
**အောင်စာရင်း**

**သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေအောင်**
**ဒီဃနိကာယကောဝိဒ (၃) ပါး**

| | | |
|---|---|---|
| ၁။ | ပလ္လင်အမှတ် (၃၄) | အရှင်ဝိသုဒ္ဓ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ပလ္လင်အမှတ် (၃၅) | အရှင်ပဏ္ဍဝါလင်္ကာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | ပလ္လင်အမှတ် (၃၇) | အရှင်အာနန္ဒပဏ္ဍိတာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်း သဘောရေးဖြေအောင်**
**ဝိနယကောဝိဒ (၃) ပါး**

| | | |
|---|---|---|
| ၁။ | ပလ္လင်အမှတ် (၄၉) | အရှင်မင်္ဂလာစာရ၊ အသက်(၄၃)နှစ်၊ သိက္ခာ(၂၂)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ပလ္လင်အမှတ် (၇၁) | အရှင်နန္ဒိမာလင်္ကာရ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ပလ္လင်အမှတ် (၈၀) | အရှင်သုမင်္ဂလ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၃)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်း သဘောရေးဖြေအောင်**
**ဥဘတောဝိဘင်္ဂကောဝိဒ (၅) ပါး**

| | | |
|---|---|---|
| ၁။ | ပလ္လင်အမှတ် (၁၀၁) | အရှင်ဩဘာသ(ဝက်လက်)၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ပလ္လင်အမှတ် (၁၃၄) | အရှင်ပညာသိရီ(ဆီဆိုင်)၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | ပလ္လင်အမှတ် (၁၃၆) | အရှင်စန္ဒိမာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ပလ္လင်အမှတ် (၁၆၁) | အရှင်ပညာသာမီလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ပလ္လင်အမှတ် (၁၆၂) | အရှင်မဏ္ဍလာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |

**ဘဒ္ဒန္တပညိသရာဘိဝံသ**
**(အဘိဓဇမဟာရဋ္ဌဂုရု)**
**ဥက္ကဋ္ဌဆရာတော်**

**ဘဒ္ဒန္တဥ္မေယျာဘိဝံသ**
**(အဂ္ဂမဟာပဏ္ဍိတ)**
**အကျိုးတော်ဆောင်ဆရာတော်**

**တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးဩဝါဒါစရိယအဖွဲ့**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနေမှု ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၄

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မေ ၂၃ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းထလန်းကျေးရွာအုပ်စု မိုင်းကန်းကျေးရွာ ရုံးခန်းမ၌ မိုင်းဆတ်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒေသခံတိုင်းရင်းသားများကို ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ပေးနေမှုနှင့် နယ်မြေခံတပ်နယ်မှ တပ်မတော်သားဆရာဝန်များနှင့် သူနာပြုများက သွေးအုပ်စုခွဲခြားစစ်ဆေးပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။** (ယာပုံ)




ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်းဆတ်မြို့နယ် ဝမ်ဟုန်ကျေးရွာ၌ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး သော်ဇင်ဦး၊ ဒေသခံတိုင်းရင်းသား ခေါင်းဆောင် ဦးကျလောဘို၊ ဦးညီကပ်တို့နှင့်အတူ ဒေသခံတိုင်းရင်းသားများ အတွက် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲသို့ တက်ရောက်ကြသည်။

**စနစ်တကျဆောင်ရွက်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနေသည့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား ထုတ်ပေးခြင်း လုပ်ငန်းစဉ်သည် ဌာန၏ လုပ်ငန်းတာဝန် တစ်ရပ်ဖြစ်ပြီး ခေတ်အဆက်ဆက် ဆောင်ရွက်ထုတ်ပေးလျက်ရှိပါကြောင်း၊ သို့သော်လည်း ခရီးလမ်းပန်းခက်ခဲမှုနှင့် အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်ပေးရန် ကျန်ရှိနေသူများ ရှိနေသေးပါကြောင်း၊ ပန်းခင်းစီမံချက်ကို မေ ၃ ရက်မှစတင် ဆောင်ရွက်ခဲ့သော်လည်း မိုင်းဆတ်ခရိုင်အတွင်း စီမံချက် စမ်းသပ်ကာလအဖြစ် ဧပြီ ၂၃ ရက်မှစတင်၍ မိုင်းဆတ်နှင့် မိုင်းတုံမြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများ အတွက် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည့်အတွက် ယခုကဲ့သို့ အခမ်းအနားကျင်းပ၍ ဒေသခံကိုယ်စားလှယ်များထံ ပေးအပ်နိုင်ခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက် ပေးရာတွင်လည်း နိုင်ငံသားဥပဒေနှင့် မကိုက်ညီသူများအား ထုတ်ပေးခြင်းမရှိစေရေးအတွက် လုပ်ထုံး၊ လုပ်နည်းနှင့်အညီ စနစ်တကျ ဆောင်ရွက်ရပါကြောင်း၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားရရှိပြီးသူသည် နိုင်ငံသားတစ်ယောက်၏ ရရှိခံစားနိုင်သည့် အခွင့်အရေးများကို ရရှိခံစားနိုင်မည်ဖြစ်ပြီး ရရှိပြီးကတ်ပြားများကိုလည်း ကာယကံရှင်များက ပျက်စီး/ ပျောက်ဆုံးမှု မရှိစေရေး စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းကြရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ကျေးရွာအုပ်စုကိုယ်စားလှယ်များထံ ပေးအပ်ကြပြီး ဒေသခံတိုင်းရင်းသားများကိုယ်စား ဒေသခံတိုင်းရင်းသား ခေါင်းဆောင် တစ်ဦးဖြစ်သူ ဦးညီကပ်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ခင်းကျင်း ပြသထားသည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားကွင်းဆင်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

**၅၉၁၂ ကတ် ထုတ်ပေးနိုင်**

မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ်အတွင်း ဝမ်ဟုန်၊ မိုင်းယွန်း၊ မိုင်းထလန်းကျေးရွာနှင့် မိုင်းတုံမြို့နယ်အတွင်း ဟိုပန်၊ ပှေအော၊ မိုင်းကျွတ်၊ ခိုင်းလုံကျေးရွာ စသည့်ကျေးရွာနေရာ ခုနစ်နေရာ၌ မိုင်းဆတ်နှင့် မိုင်းတုံမြို့နယ်ဦးစီးမှူးရုံးတို့မှ ဝန်ထမ်းများအခြေပြုကာ ၂၀၂၁ ခုနှစ်၊ ဧပြီ ၂၃ ရက်မှစ၍ ပန်းခင်းစီမံချက် စမ်းသပ်ဆောင်ရွက်မှုအဖြစ် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ယခုအခမ်းအနားတွင် မိုင်းဆတ်နှင့် မိုင်းတုံမြို့နယ်အတွင်းရှိဒေသခံတိုင်းရင်းသားများအတွက် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ၂၅၇၂ စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၉၁၂ ကတ် ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူလူထု၏ တစ်ခဲနက် ထောက်ခံအားပေးကူညီမှု

— — ဒေါက်တာ သီတာတင် — —

**ပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံအားပေးကူညီမှုသည် အဖွဲ့အစည်း၊ အုပ်စုတစ်စု၊ အစိုးရတစ်ဖွဲ့၊ နိုင်ငံတစ်နိုင်ငံ၊ ပြည်သူနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ အသင်းများနှင့် လူပုဂ္ဂိုလ်များ၏ အောင်မြင်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်တံ့မှုများကို များစွာ အထောက်အပံ့ဖြစ်စေနိုင်သည့် အနေအထားတစ်ခုဖြစ်ကြောင်းကို ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းနှင့် ကျော်ကြားသည့် လူပုဂ္ဂိုလ်တို့၏ ဘဝအတွေ့အကြုံများကို လေ့လာကြည့်ပါက မြင်တွေ့ရမည်ဖြစ်ပါသည်။**

မိမိရည်မှန်းသည့် ကိစ္စရပ်သည် ပြည်သူလူထုနှင့် သက်ဆိုင်ပါက ၎င်းတို့၏ တစ်ခဲနက် ထောက်ခံအားပေးကူညီမှုသည် အရေးပါသဖြင့် ယင်းကို ပိုင်ပိုင်နိုင်နိုင် ရရှိအောင်လုပ်ဆောင်သင့်သည့် အရာတစ်ခုဖြစ်ပေသည်။

ထောက်ခံအားပေးကူညီမှုကိုရရှိအောင် မည်သို့လုပ်ဆောင်ရမည်နည်းကို မလေ့လာမီ စာလုံးနှစ်လုံးပေါင်းစပ်ထားသည့် ယင်းစကားလုံး၏ အဓိပ္ပာယ်တစ်ခုချင်းကို ဂဃနဏ သိရန်လိုအပ်ပေမည်။ ပြည်သူလူထု၏ တစ်ခဲနက် ထောက်ခံအားပေးကူညီမှုဆိုသည့် စကားရပ်မှာ ပြည်သူလူထုဆိုသည့် စကားလုံးနှင့် တစ်ခဲနက် ထောက်ခံအားပေးကူညီမှုဆိုသည့်စကားလုံးနှစ်လုံး ပေါင်းစပ်ထားသည်ကို တွေ့ရမှာဖြစ်ပါသည်။

> ✻ ပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံအားပေးကူညီမှုကို ရရှိအောင် လုပ်ရာတွင် ပြည်သူတို့၏ နှလုံးသားနှင့် စိတ်ကို သိမ်းကျုံးအနိုင်ယူနိုင်ခြင်းသည် အရေးကြီးသော အခြေအနေတစ်ခုဖြစ်ပါသည်။ ပြည်သူတို့၏ နှလုံးသားနှင့်စိတ်ကို သိမ်းကျုံးအနိုင်ယူနိုင်ဖို့ သိမ်းသွင်းစည်းရုံးမှုကို လုပ်ဆောင်ရပါမည်။ သိမ်းသွင်းစည်းရုံးခြင်းသည် မရှိမဖြစ်လိုအပ်သည့် ကျွမ်းကျင်စွာ တတ်မြောက်ရမည့် ပညာတစ်ခုဖြစ်ပါသည်။ ပြည်သူများက မိမိနောက်ကို လိုက်ပါရမည်ကို လက်ခံယုံကြည်လာခြင်းသည် သူတို့၏ နှလုံးသားနှင့် စိတ်ကို သိမ်းကျုံးအနိုင် ယူနိုင်သည့် ထိရောက်သော ခေါင်းဆောင်မှုကောင်းပင်ဖြစ်

ပြည်သူလူထုဆိုသည်မှာ နေရာဒေသအနှံ့အပြားတွင် ကျဲပြန့်စွာနေထိုင်ကြပြီး အချင်းချင်း မသိကျွမ်းသူများလည်း ပါဝင်သည့် လူထုကြီးကိုဆိုသည်။ ပြည်သူလူထု ဆိုသည်မှာ မတူကွဲပြားသည့် သဘောထားအမြင်များရှိကြပြီး နေရာဒေသများစွာတို့တွင် ကျဲပြန့်စွာနေထိုင်သည့် လူပုဂ္ဂိုလ်တစ်ဦးချင်း ပါဝင်သည့် လူအုပ်စုကိုဆိုသည်ဟု လူမှုပညာရှင် အန်ဒါဆင် ( Anderson) နှင့် ဖရက်ဒရစ်ဘီပတ်ကား (Frederick B Parker) တို့က အဓိပ္ပာယ် ဖွင့်ဆိုခဲ့ကြပါသည်။

အားပေးထောက်ခံမှုဆိုသည်မှာ ကာယအား၊ ဉာဏအားဖြင့် စိတ်ရောကိုယ်ပါ ပါဝင်လုပ်ဆောင်ခြင်းကိုဆိုသည်ဟု အဓိပ္ပာယ် ဖွင့်ဆိုလိုပါသည်။

## ပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံအားပေးကူညီမှုဆိုသည်မှာ

နေရာဒေသအနှံ့အပြားတွင် ကျဲပြန့်စွာနေထိုင်ကြပြီး အချင်းချင်း မသိကျွမ်းသူများလည်း ပါဝင်သည့် လူထုကြီးက ကာယအား၊ ဉာဏအားဖြင့် စိတ်ရောကိုယ်ပါ အားတက်သရော တစ်ခဲနက် ပါဝင် လုပ်ဆောင်ခြင်းဟု အဓိပ္ပာယ် ဖွင့်ဆိုလိုပါသည်။

ပြည်သူလူထု၏ တစ်ခဲနက် ထောက်ခံအားပေးကူညီမှုကို မည်သို့ ရရှိအောင် ဆောင်ရွက်မည်နည်း။ ပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံအားပေးကူညီမှုကို ရရှိအောင် လုပ်ဆောင်မှုမှာ လွယ်ကူသော အလုပ်မဟုတ်ပေ။ လူတစ်ဦးတစ်ယောက်၊ လူတစ်စုက မိမိကို ထောက်ခံအားပေးလာအောင်လုပ်ရန် အချိန်၊ လုံ့လ၊ ဝီရိယ၊ ဇွဲ၊ သည်းခံမှု၊ စဉ်းစားချင့်ချိန်နိုင်မှု၊ အတတ်ပညာနှင့် ကိုယ်ရည်ကိုယ်သွေး အစရှိသည်တို့ မိမိတွင်ရှိနေရန် လိုအပ်ပါသည်။ သို့သော် ကျယ်ပြန့်လှသော ပြည်သူလူထု၏တစ်ခဲနက် ထောက်ခံအားပေးကူညီမှုကို ရရှိအောင် လုပ်ဆောင်ရာတွင် ယင်းထက်မကသော ဆောင်ရွက်မှုများကို အထူးဂရုပြုဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါသည်။

## လုပ်ဆောင်သင့်သည့်နည်းလမ်းများ

### ပြည်သူတို့၏ နှလုံးသားနှင့်စိတ်ကို သိမ်းကျုံးအနိုင်ယူနိုင်ခြင်း

ပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံအားပေးကူညီမှုကို ရရှိအောင် လုပ်ရာတွင် ပြည်သူတို့၏ နှလုံးသားနှင့် စိတ်ကို သိမ်းကျုံးအနိုင်ယူနိုင်ခြင်းသည် အရေးကြီးသော အခြေအနေတစ်ခုဖြစ်ပါသည်။ ပြည်သူတို့၏ နှလုံးသားနှင့်စိတ်ကို သိမ်းကျုံးအနိုင်ယူနိုင်ဖို့ သိမ်းသွင်းစည်းရုံးမှုကို လုပ်ဆောင်ရပါမည်။ သိမ်းသွင်းစည်းရုံးခြင်းသည် မရှိမဖြစ်လိုအပ်သည့် ကျွမ်းကျင်စွာ တတ်မြောက်ရမည့် ပညာတစ်ခုဖြစ်ပါသည်။ ပြည်သူများက မိမိနောက်ကို လိုက်ပါရမည်ကို လက်ခံယုံကြည်လာခြင်းသည် သူတို့၏ နှလုံးသားနှင့် စိတ်ကို သိမ်းကျုံးအနိုင်ယူနိုင်သည့် ထိရောက်သော ခေါင်းဆောင်မှုကောင်းပင် ဖြစ်ပါသည်။

လွှမ်းမိုးခြင်းနှင့် မတူဘဲ သိမ်းသွင်းစည်းရုံးရာတွင် ရာထူးနှင့် အာဏာတို့အပေါ်တွင် မှီမတည်၊ အတင်းအကျပ် အနိုင်အထက်ပြုကာ သဘောတူညီမှုကို ရယူခြင်းမျိုး မဟုတ်ဘဲ မိမိသဘောထား အမြင်၏ တရားနည်းလမ်းကျ၍ အမြော်အမြင်ရှိမှုကို ပြည်သူများက သိရှိလက်ခံလာအောင် လုပ်ဆောင်ခြင်းသာဖြစ်ပါသည်။ သိမ်းသွင်းစည်းရုံးရာတွင် ပါဝင်သည့် အချက်များမှာ ပရိသတ်ကို ဆန်းစစ်ခြင်း၊ ကျွမ်းကျင်မှု၊ ရိုးသားမှုနှင့် လူထုက ချစ်ခင်လေးစားခြင်းခံရမှုတို့ ပါဝင်သည့် အရင်းအမြစ်/အခြေခံ အရည်အချင်းများ ရှိနေခြင်း ၊ မိမိအကျိုးစီးပွား/ လိုလားချက်ကို လိုက်ပါလာအောင် ဆွဲဆောင်နိုင်ခြင်း၊ ရှင်းလင်းပြတ်သားသည့် သတင်းစကားကိုပေးခြင်း၊ ပေးလိုသည့် သတင်းစကား၏ အကြောင်းအရာနှင့် တည်ဆောက်ပုံ ကောင်းမွန်ခြင်း၊ အချိန်ကိုက်ညီခြင်းနှင့် အကြောင်းအရာနှင့် ဆီလျော်ခြင်း၊ ပရိသတ်ပါဝင်လာစေခြင်း၊ ပါဝင်ဆောင်ရွက်လာစေရန် စေ့ဆော်အကြံပေးခြင်းနှင့် ဆွဲဆောင်စည်းရုံး စကားပြောဆိုခြင်းတို့ ပါဝင်သည်။

ထို့အပြင် လူအများကို သိမ်းသွင်းစည်းရုံးနိုင်ရန် အောက်ပါ အခြေအနေများကို ရှေးဦးစွာ လုပ်ဆောင်ရပါမည်–

(၁) ကောင်းမွန်သောဆက်ဆံရေးထူထောင်ခြင်း၊
(၂) မိမိရည်မှန်းချက်ကို မိမိကိုယ်တိုင် ရှင်းလင်းပြတ်သားစွာ သိရှိထားရန် လိုအပ်ခြင်း၊
(၃) ရည်ရွယ်ထားသည့် ပရိသတ်တို့၏နေရာမှနေပြီး ခံစားနားလည်ပေးခြင်း၊
(၄) လူမှုဆက်ဆံရေးစိတ်ပညာကိုအသုံးပြုခြင်း။

### ကောင်းမွန်သော ဆက်ဆံရေးထူထောင်ခြင်း

“အကြောင်းအရာနှင့် တင်ဆက်ပုံထက် မိမိက ပြည်သူနှင့် ဆက်ဆံရေးကို ကောင်းမွန်စွာ ထူထောင်လုပ်ဆောင်နိုင်သည့်အရည်အချင်းသည်သာ ပြည်သူတို့၏ နှလုံးသားနှင့် စိတ်ကို သိမ်းကျုံးရယူနိုင်မည့် အခြေခံသဘောတရားဖြစ်ပါသည်။ ယင်းသို့ ရယူနိုင်ပါက သူတို့၏ အားပေးထောက်ခံမှုကို ပိုင်ပိုင်နိုင်နိုင်ရရှိမည် ဖြစ်ပါသည်။ ဆက်စတိန် ဆာလစ်ကရူ (Sebastian Salicru) က “ ခြိမ်းခြောက်မှုနဲ့ အန္တရာယ်တွေကို တွေ့ကြုံရင် ဘယ်တော့မှမတွန့်ဆုတ်ပါနဲ့၊ ရိုးဖြောင့်စွာ လုပ်ဆောင်ပါ၊ ကတိတည်ပါ၊ မိမိမှန်သည်ဟု ယူဆသည်ကို ပြောပါ။ ဒါဆို အခြားသူများက မိမိနောက်သို့ လိုက်ပါလာပါမယ်။ ကြင်နာတတ်မှု၊ စာနာထောက်ထားတတ်မှု၊ ကောင်းမွန်သော အပြုအမူနဲ့ သဘောကောင်း ရည်မွန်မှုတွေ ဖော်ပြနိုင်တဲ့သူနောက်ကို ပြည်သူတွေက လှိုက်လှိုက်လှဲလှဲ လိုက်ပါသွားကြလိမ့်မယ်” ဟု ပြောခဲ့ပါသည်။

ကောင်းမွန်သော ဆက်ဆံရေးထူထောင်နိုင်ရန် မိမိဆက်ဆံရေး ထူထောင်လိုသည့် လူအများ/ ပြည်သူများ၏ သဘောထားအမြင်များ မည်သို့ရှိသည်ကို သိရန်လည်း အရေးကြီးပါသည်။

### မိမိရည်မှန်းချက်ကို မိမိကိုယ်တိုင် ရှင်းလင်းပြတ်သားစွာ သိရှိထားရန် လိုအပ်ခြင်း

ဆက်ဆံရေးကို ကောင်းမွန်စွာထူထောင်ပြီးပါက နောက်တစ်ဆင့် ဆောင်ရွက်ရမည့် ကိစ္စမှာ မိမိလုပ်လိုသည့် /သိစေလိုသည့် အကြောင်းအရာကို ရှင်းရှင်းလင်းလင်းရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဂျူလီယက် အဲရစ်ဆန် (Juliet Erickson) က “အခြားသူများကို မိမိက သိမ်းသွင်းစည်းရုံးခြင်း၏ ရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်း သိရမည်။ ၎င်းတို့အား မည်သည့်အရာကို လုပ်စေလိုသနည်း၊ သို့မဟုတ် တွေးစေလိုသနည်း၊ အဘယ့်ကြောင့် ထိုသို့ လုပ်စေ တွေးစေလိုရသနည်းဆိုသည်ကို ရှင်းရှင်းလင်းလင်းသိရန် လိုအပ်သည်” ဟု မိန့်ဆိုခဲ့ပါသည်။ သုတေသန တွေ့ရှိချက်များအရ မိမိဖြစ်လိုသည့် ကိစ္စများကို လက်ဝယ်ပိုင်ပိုင် ရရှိသွားသူများမှာ မိမိဖြစ်လိုသည့် အဆိုပါ ကိစ္စရပ်များကို အသေးစိတ် အလေးထားဆောင်ရွက်တတ်သူများသာဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

### ရည်ရွယ်ထားသည့် ပရိသတ်တို့၏ နေရာမှနေပြီး ခံစားနားလည်ပေးခြင်း

ပြည်သူတို့၏ နှလုံးသားနှင့် စိတ်ကို သိမ်းကျုံးအနိုင်ယူနိုင်ရန် ၎င်းတို့၏ အနေအထားကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။ မိမိပြောသည့် အကြောင်းအရာနှင့် ပတ်သက်ပြီး ပြည်သူ (သို့) ပရိသတ်က သဘောကျထောက်ခံသည့် စိတ်ဖြစ်စေဖို့ မိမိက သူတို့နှင့် သင့်တော်ကိုက်ညီသည့် အကြောင်းအရာများကို ကြိုတင်ပြင်ဆင်ရန် အထူးလိုအပ်ပါသည်။ တစ်နည်းအားဖြင့် မိမိပရိသတ်၏ အနေအထားကို ကြိုတင်သိရှိခြင်းပင်ဖြစ်ပါသည်။ ဖိလစ်ပါဒေဗီးစ် (Philippa Davies) က “သင့်အနေဖြင့် အခြားသူတစ်ဦး၏ဘဝထဲ ခဏလောက် နေကြည့်ပြီး ထိုသူ၏နေရာမှနေကာ သူ၏ ခံစားမှုများနှင့် အမြင်များကို ခံစားကြည့်သင့်သည်” ဟု ရေးသားခဲ့ပါသည်။

ထိုစကားမှာ မှန်သည်ဟု ဆိုချင်ပါသည်။ သို့မှသာ အခြားသူများ တွေ့ကြုံနေသည့် အနေအထားများကို သိရှိပြီး မိမိဘက် ပါလာအောင် မည်သို့မည်ပုံ သိမ်းသွင်းစည်းရုံးနိုင်မည်ကို ကြိုတင်ပြင်ဆင်နိုင်မည် ဖြစ်ပါသည်။ ဤနေရာတွင် ထည့်သွင်းစဉ်းစားသင့်သည့် အချက်တစ်ခုမှာ မိမိရည်ရွယ်သည့်သူ/ပရိသတ် မည်မျှ များပြားသည့်အပေါ် မူတည်ကာ မိမိလုပ်ဆောင်ရမည့် လုပ်ငန်းပမာဏ အနည်းအများ ကွာခြားနိုင်သလို သူတို့၏ အတွေးအမြင်များကို မည်သည့်အရာများက ပုံဖော်ပေးနေသည်ဆိုသော အချက်များကိုလည်း ထည့်သွင်းစဉ်းစားကာ လုပ်ဆောင်ရမည်ဖြစ်ပါသည်။

### လူမှုဆက်ဆံရေးစိတ်ပညာကို အသုံးပြုခြင်း

သူတစ်ပါး၏ နှလုံးသားနှင့် စိတ်ကို သိမ်းကျုံးအနိုင်ယူနိုင်ရန် စမ်းသပ်ပြီး အောင်မြင်သော နည်းလမ်းတစ်ခုမှာ ဆုံးရှုံးမှုကို မလိုလားမနှစ်မြို့သည့် စိတ်ကို တိုးပွားလာအောင် ဆွပေးခြင်းပင် ဖြစ်ပါသည်။ အမျိုးမျိုးသော စိတ်ပိုင်းဆိုင်ရာ ဆန်းစစ်မှုများအရ မိမိ မပိုင်ဆိုင်ရသေးသော /မရရှိသေးသော အရာများ– ဥပမာ အချိန်၊ ငွေ၊ အကျိုးစီးပွား၊ သိက္ခာ – များ လက်လွှတ်သွားနိုင်သည့် အလားအလာများကြောင့် ဖြစ်ပေါ်လာသည့် စိုးရိမ်စိတ်ထက် မိမိပိုင်ဆိုင်ထားသည့် အလားတူ အရာများ –ဥပမာ အချိန်၊ ငွေ၊ အကျိုးစီးပွား၊ သိက္ခာ – များ ဆုံးရှုံးမည့် အလားအလာများကြောင့် ဖြစ်ပေါ်လာသည့် စိုးရိမ်စိတ်ကို နိုးဆွရသည်က ပို၍ လွယ်ကူကြောင်း တွေ့ရှိရသည်။ မိမိ၏အစီစဉ်ကို လက်မခံပါက သူတို့ဘက်က ဆုံးရှုံးနိုင်သည့် အခြေအနေကိုသိခြင်းအားဖြင့် မိမိလိုရာဘက်ကို ပါလာနိုင်သည့် အနေအထားကို ဖြစ်စေနိုင်ပါသည်။

### လူအများ/ပြည်သူများ၏ သဘောထားအမြင်သည် မိမိဖြစ်စေလိုသည့် သဘောထားအမြင် ဖြစ်လာစေရန် လုပ်ဆောင်ခြင်း

လူအများ/ပြည်သူများ၏ သဘောထားအမြင်သည် မိမိဖြစ်စေလိုသည့် သဘောထားအမြင် ဖြစ်လာစေရန်လုပ်ဆောင်ခြင်းမှာ လွယ်ကူသောကိစ္စမဟုတ်ပေ။ လူအများ၏ သဘောထားအမြင်၏ အဓိပ္ပာယ်နှင့်ပတ်သက်၍ ပညာရှင်များစွာက အမျိုးမျိုးဖွင့်ဆိုကြသည်ကို တွေ့ရှိရသည်။

*စာမျက်နှာ ၁၁ သို့*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး အလုံမြို့နယ် ဟာဘီချောင်း ရေစီးရေလာကောင်းမွန်စေရေး လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



**ရန်ကုန် မေ ၂၄**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့ နံနက် ၇ နာရီခွဲက အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက်၊ မိုးကောင်းလျှပ်စစ်အိမ်ရာဝင်းအတွင်းရှိ ဟာဘီရေထိန်းတံခါးတွင် ရေစီးရေလာစီမံခန့်ခွဲမှုဌာနမှ ချောင်းအတွင်းရှိ အမှိုက်များနှင့် နုန်းများအား ရှင်းလင်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါရေမြောင်းသည် စောရန်ပိုင်အရှေ့ရပ်ကွက်နှင့် အနောက်ရပ်ကွက်များမှ ဟာဘီရေထိန်းတံခါးသို့ရောက်ရှိပြီး ရန်ကုန်မြစ်အတွင်းသို့ စီးဝင်သွားကြောင်း၊ ရန်ကုန်မြစ် ရေတက်ချိန်နှင့် အလုံမြို့နယ်အတွင်း ရေစီးဆင်းမှု အခြေအနေပေါ် မူတည်၍ ဟာဘီရေထိန်းတံခါးကို အဖွင့် အပိတ်ပြုလုပ်ထိန်းချုပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

လူအများ၏ သဘောထားအမြင်ဆိုသည်မှာ လူတစ်ဦးချင်းစီ၏ သဘောထားနှင့် ယုံကြည်မှုများ စုပေါင်းထားခြင်းဟူ၍ လည်းကောင်း၊ အကြောင်းကိစ္စများ၊ အဖြစ်အပျက်များနှင့် ကိုယ်ရည်ကိုယ်သွေးများနှင့် ပတ်သက်ပြီး လူအများတွင်ရှိသည့် သဘောထားအမြင်များနှင့် တန်ဖိုးထားမှုများဟုလည်းကောင်း၊ လူအများစု၏ ထောက်ခံမှုကို ရရှိသည့်အပြင်၊ လူနည်းစုကလည်း မဆန့်ကျင်ဘဲ အားလုံးအကျိုးရှိစေနိုင်သောအရာဟု ထင်မြင်ထားရှိသည့် သဘောထားအမြင်ဟုလည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။

လူအများနှင့်ဆက်ဆံရေး မထူထောင်ခင် သူတို့၏ သဘောထားအမြင်များကို မိမိက ကြိုတင်သိရှိနားလည်ပါမှ ပြုပြင်ပြောင်းလဲရန် လိုအပ်သည့် အမြင်များကို ပြောင်းလဲနိုင်ရန် ဆောင်ရွက်ရမည့် အသေးစိတ်အစီစဉ်များကို ချမှတ်ကာ လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ ဤနေရာတွင် အလေးထား တင်ပြလိုသည်မှာ လူအများ/ ပြည်သူများ၏ သဘောထားအမြင်သည် လူအများ၏ ကောင်းကျိုးကို ဖြစ်ထွန်းစေသော၊ ဆင်ခြင်တုံတရားပါသောနှင့် ယုတ္တိတန်သောသဘောထားအမြင်များသာဖြစ်ပြီး အဖျက်သဘောဖြစ်စေခြင်း၊ မကောင်းမှုကိုဖြစ်စေခြင်း၊ ကိုယ်ကျင့်တရားနှင့် ဆန့်ကျင်သည့် လုပ်ရပ်များကို ဖြစ်စေခြင်း စသည့်သဘောထားအမြင်များကို ဆိုခြင်းမဟုတ်သည်ကို နားလည်သိရှိရန် အထူးအရေးကြီးပေသည်။

ယနေ့ခေတ်အခါတွင် လူအများ/ ပြည်သူများ၏ သဘောထားအမြင်နှင့် သမားရိုးကျအမြင် (အမှန်အမှားကို ပဓာနမထားဘဲ ယုံကြည်နေသည့် အမြင်)ကို လူအများစုက ခွဲခြားသိမြင်မှု အားနည်းလာမှုအပေါ် နိုင်ငံရေးအမြတ်ထုတ်ကာ သွေးထိုးလှုံ့ဆော်မှုများနှင့် ဆူပူအုံကြွမှုများ ဖန်တီးပြီး လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး မတည်ငြိမ်အောင် လုပ်ဆောင်နေသည်ကို တွေ့မြင်နေရသည့်အတွက် လူအများ/ပြည်သူများ၏ သဘောထားအမြင် ကောင်းမွန်စွာဖြစ်ထွန်းရေးကို လုပ်ဆောင်ရန် လိုအပ်လှသည်ကို တွေ့ရှိရပါသည်။

သမားရိုးကျအမြင်နှင့် ပတ်သက်၍ ရှင်းပြသင့်သည်ဟု ယူဆပါသည်။ သို့မှသာ လူအများ/ ပြည်သူများ၏ သဘောထားအမြင်နှင့် သမားရိုးကျအမြင်တို့ ကွာခြားပုံကို ကောင်းစွာ သိရှိနိုင်မည်ဖြစ်ပါသည်။ သမားရိုးကျအမြင်ဟူသော စကားလုံးကို ခေတ်သစ်အသုံးအနှုန်းအဖြစ် စီးပွားရေးပညာရှင် John Kenneth Galbraith ဆိုသူက ၁၉၅၈ ခုနှစ်တွင် ထုတ်ဝေသည့် သူ၏ The Affluent Society စာအုပ်တွင် ဖော်ပြခဲ့ပါသည်။ သမားရိုးကျအမြင်၏ အသွင်လက္ခဏာများကို နေ့စဉ် လူမှုဘဝ၏ ရှုထောင့်အမျိုးမျိုးတွင် ထင်ရှားစွာ တွေ့မြင်ရပါသည်။ ယင်းတို့မှာ-

(၁) မေးခွန်းပြန်လည်မမေးဘဲ အကြောင်းအရာဖြစ်စဉ်တို့ကို လက်ခံလိုက်ခြင်း၊

(၂) မိမိက တွေ့မြင်လိုသည့်/ရရှိလိုသည့် မျှော်မှန်းချက် အခြေအနေနှင့် ကိုက်ညီသည့် သတင်းအချက်အလက်အပေါ် မေးခွန်းထုတ်လိုမှု မရှိခြင်း၊

(၃) လူအများစုက မှန်သည်ဟု ထင်မြင်နေသည့်အကြောင်းအရာ/ တစ်စုံတစ်ခုအပေါ် မိမိကလည်းမှန်သည်ဟု လိုက်ပါယုံကြည်နေခြင်း၊

(၄) လူအများစု၏ သဘောထားအမြင်သည်သာ မှန်သည်ဟု လက်ခံခြင်း၊

(၅) အကြောင်းအရာ / တစ်စုံတစ်ခုကို ကျိုးကြောင်းဆီလျော်သည်ဟု ထင်မြင်သည့်အတွက် ယင်းသည်မှန်ရမည်ဟု ထင်မြင်ခြင်း၊

(၆) ရိုးရာအစဉ်အလာအရ (သို့) အာဏာအမိန့်အရ အကြောင်းအရာ / တစ်စုံတစ်ခုကို မှန်သည်ဟု လက်ခံခြင်း။

မိမိအနေဖြင့် အကြောင်းအရာ / တစ်စုံတစ်ခုကို သေချာစွာ မစဉ်းစားဘဲ ချက်ချင်းလက်ခံလိုက်သည်နှင့် တစ်ပြိုင်နက် မိမိသည် သမားရိုးကျအမြင်က ဦးဆောင်သည့်အတိုင်း လိုက်ပါလုပ်ဆောင်မည့် အနေအထားသို့ ရောက်ရှိနေမည်ဖြစ်ပါသည်။ အဆိုပါ အတွေးအမြင်များကို လက်ခံလိုက်ပါက သတိပြုရမည့် အရေးကြီးသည့် အချက်မှာ ယင်းတို့သည် မှန်ကန်တိကျ၍ လက်ခံခြင်းမဟုတ်သည်ကို သိရှိထားရန် လိုအပ်ပါသည်။

သိပ္ပံနည်းကျတွေ့ရှိချက်မျိုးမဟုတ်သော အယူအဆများ၊ အယူအစွဲများ၊ ပါးစပ်ရာဇဝင်များ၊ အယူအဆအမှားများ (သို့) မှားယွင်းသည့် သုတေသနတွေ့ရှိချက်များ ၊ မိမိလိုရာကို ပုံဖော်နိုင်ရန် အမှားအမှန်အကြောင်းအရာများ တမင်ရောထွေးထည့်သွင်း ဖန်တီးထားသည့် သုတေသနတွေ့ရှိချက်များ၊ မှန်ကန်တိကျမှု အားနည်းသော်လည်း အကြောင်းအရာများကို ထပ်ခါတလဲလဲ ပြောနေတတ်/ဖော်ပြသည့်အတွက်ကြောင့် ကြားပါများ၊ မြင်ပါများ၍ ယဉ်ပါးလာကာ သမားရိုးကျအမြင် ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

သမားရိုးကျအမြင်ကို ပြုပြင်ပြောင်းလဲလာအောင် လုပ်ဆောင်ရာတွင် ဖြည်းဖြည်းချင်း လုပ်ဆောင်ရပါသည်။ ယင်းသို့ လုပ်ဆောင်ရာတွင်- သမားရိုးကျအမြင် မည်သို့စတင်ဖြစ်ပေါ်လာရသနည်း၊ မည်သည့် အကြောင်းအရင်းက ယင်းသမားရိုးကျအမြင်ကို မှန်သည်ဟု ထင်မြင်စေသနည်း၊ ယင်းသမားရိုးကျအမြင်နှင့် ဆန့်ကျင်သည့် အထောက်အထား၊ အချက်အလက်များ ရှိ/မရှိ တို့ကို သုတေသနပြု လေ့လာကာ တွေ့ရှိချက်များကို လူအများ သိရှိစေရန် ချပြဆွေးနွေးမှုများ လုပ်ဆောင်ရပါမည်။

ယင်း သမားရိုးကျအမြင်နေရာတွင် အစားထိုးမည့် အခြားအတွေးအမြင်များ မှန်ကန်တိကျမှုရှိစေရန် ရှာဖွေဖော်ထုတ်မှုများကို လုပ်ဆောင်ထားရှိရပါမည်။ အဆိုပါ အစားထိုးမည့် အခြားအတွေးအမြင်များနှင့် ပတ်သက်၍ အခြားသင့်တော်သည့်သူများကို တိုင်ပင်ကာ အကြံဉာဏ်များ၊ သဘောထားများနှင့် အတွေးသစ်များကို ရယူသင့်ပါသည်။ သို့သော် အမှားအမှန်ကို သိရှိရန် အထောက်အထားခိုင်မာစွာဖြင့် ယင်းသမားရိုးကျအမြင်ကို တန်ပြန်ထောက်ပြသော်လည်း၊ ယင်းသမားရိုးကျအမြင်ကိုသာ မှန်သည်ဟု စွဲကိုင်နေကြသည်ကိုလည်း တွေ့မြင်ရတတ်ပါသည်။ ထို့ကြောင့် အများပြည်သူများအကြား သမားရိုးကျအမြင် ဖြစ်ပေါ်နေခြင်းထက် ဉာဏ်နှင့်ယှဉ်သည့် ပြည်သူများ၏ သဘောထားအမြင်များ ဖြစ်ပေါ်လာစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

လူအများ/ ပြည်သူများ၏ သဘောထားအမြင်များကို မည်သည့်အရာများက လွှမ်းမိုးပုံဖော်ကြသနည်း။ လွှမ်းမိုးပုံဖော်ကြသည့် အရာများမှာ အသက်အရွယ်၊ ကျားမ၊ ဝင်ငွေ၊ ဝါသနာ၊ လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ အလုပ်အကိုင်၊ နိုင်ငံရေးစရိုက်၊ စီးပွားရေးအခြေအနေ၊ ပြည်သူနှင့် သက်ဆိုင်သည့် အကြောင်းအရာ၊ ပြည်သူ့ဆက်ဆံရေးနှင့် မီဒီယာ အစရှိသည်တို့ဖြစ်ပါသည်။ မတူညီသော အသက်အရွယ်၊ မတူညီသောအခြေအနေများကြောင့် သဘောထားအမြင်များ မတူကွဲပြားနိုင်သော်လည်း လူမှုအသိုက်အဝန်းတစ်ခု၏ နိုင်ငံရေးစရိုက်သည် လူအများ/ပြည်သူများ၏ သဘောထားအမြင်ကို ဖော်ဆောင်ရာတွင် အရေးပါသော အခြေအနေတစ်ခုဖြစ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကူဝိတ်နိုင်ငံ၌ စားသောက်ဆိုင်နှင့်ကော်ဖီဆိုင်တို့တွင် ဆိုင်ထိုင်စားသောက်ခွင့်ပြု

ကူဝိတ်စီးတီး မေ ၂၄

**ကူဝိတ်ရှိ စားသောက်ဆိုင်များနှင့် ကော်ဖီဆိုင်များတွင် ဆိုင်ထိုင်စားသောက်ခွင့် ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။ ကိုဗစ် -၁၉ ကူးစက်မှုအန္တရာယ်ကြောင့် စားသောက်ဆိုင်များနှင့်ကော်ဖီဆိုင်များတွင် ဆိုင်ထိုင်စားသောက်မှုကို လအတန်ကြာပိတ်ထားသော်လည်း ယခုအခါ ပြန်လည်ခွင့်ပြုပေးလိုက်ပြီဟု သိရသည်။**



ကူဝိတ်စီးတီးရှိ စားသောက်ဆိုင်တစ်ဆိုင်မှ ဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။

အသက် ၂၄ နှစ်အရွယ် ကူဝိတ်နိုင်ငံသား ဖာယက်ဇ် အယ်ဆယ်လက်ရှိကမူ ကော်ဖီဆိုင်နှင့် စားသောက်ဆိုင်များကို ပြန်ဖွင့်ခွင့်ပေးရန် အစိုးရ၏ ဆုံးဖြတ်ချက်ကို ဝမ်းသာသည်ဟု ပြောကြားခဲ့သည်။ ၎င်းမှာ မိတ်ဆွေ အပေါင်းအသင်းများနှင့် တွေ့ဆုံလေ့ရှိပြီး စားသောက်ဆိုင်များနှင့် ကော်ဖီဆိုင်များတွင် တွေ့ဆုံလေ့ရှိကြောင်း ပြောသည်။

ပုံမှန်အတိုင်း ပြန်လည်ဖြစ်လာမည်ဖြစ်သည့်အတွက် ကန့်သတ်ချက်များ ဖယ်ရှားပေးမှုကို ပျော်ရွှင်မိသည်ဟု ပြောသည်။

အစိုးရအဖွဲ့အစည်းတစ်ခုမှ အလုပ်သမားဖြစ်သူ အမန်နီ အယ်ဖက်တက်ကမူ ၎င်းအနေဖြင့် စားသောက်ဆိုင်ကို တစ်ပတ်လျှင် နှစ်ကြိမ်မှ သုံးကြိမ်သွားလေ့ရှိကြောင်း ပြောသည်။ စားသောက်ဆိုင်များနှင့် ကော်ဖီဆိုင်များ ပြန်ဖွင့်ခွင့်ပေးခြင်းမှာ အကောင်းဆုံးဖြစ်ကြောင်း ပြောသည်။

အစိုးရက စားသောက်ဆိုင်များတွင် ဆိုင်ထိုင်စားသောက်မှုကို ပိတ်ပင်စဉ် ကာလက ဖောက်သည်များကို ၎င်းတို့၏ ကားများပေါ်သို့ အစားအသောက်များ ပို့ဆောင်သည့် စနစ်ကိုသာ လုပ်ဆောင်ခဲ့ရသည်။

ကူဝိတ်နိုင်ငံသားတစ်ဦး ဖြစ်သူ အိုစမာအယ်ဖက်လီက စားသောက်ဆိုင်များ ပြန်ဖွင့်ခွင့်ပေးခြင်းမှာ ပုံမှန်နေထိုင်မှုဘဝ ပြန်ရောက်ရန် အစပျိုးမှုတစ်ခုဖြစ်ကြောင်း၊ အစိုးရသည် ပြည်သူများအားလုံးကို ကာကွယ်ဆေးထိုးပေးနိုင်ရေးကြိုးပမ်းလျက်ရှိသည်ဟု ပြောသည်။

၎င်းကိုယ်တိုင်လည်း လွန်ခဲ့သောနှစ်လက ကာကွယ်ဆေးထိုးပြီးသော်လည်း ယခုအထိ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ခြင်းနှင့် လူမှုဝေးကွာ အစီအစဉ်အတိုင်း နေထိုင်နေဆဲဖြစ်သည်ဟု ပြောသည်။

ဆင်ဟွာ

# နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် လစ်ဗျားနှင့်ကာတာနိုင်ငံတို့ဆွေးနွေး

**ထရီပိုလီ မေ၂၄**

လစ်ဗျား နိုင်ငံခြားရေးဝန်ကြီး နဂ်ျလာအယ်မန်းဂုရှ်သည် ကာတာ နိုင်ငံခြားရေးဝန်ကြီး ရှိတ်ခ်မိုဟာမက်ဘင်အဗ္ဗဒူလာမန် အယ်သန်နီနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။

လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် သဘောတူညီမှုများကို သုံးသပ်ရန်၊ လေ့လာရန်နှင့် အသက်သွင်းနိုင်ရေး တို့အတွက် ပူးတွဲကော်မရှင် တည်ထောင်ရန် တောင်းဆိုခဲ့ကြောင်း နဂ်ျလာ အယ်မန်းဂုရှ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ လစ်ဗျားအစိုးရနှင့် လစ်ဗျားနိုင်ငံ၏ နိုင်ငံရေး ဆွေးနွေးပွဲများအတွက် ကာတာနိုင်ငံ၏ ကူညီထောက်ပံ့ပေးမှုကိုလည်း ကျေးဇူးတင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။



လစ်ဗျားဝန်ကြီးချုပ် အဗ္ဗဒူဟာမစ် ဒီဘီဘာနှင့် ကာတာနိုင်ငံခြားရေးဝန်ကြီး ရှိတ်ခ်မိုဟာမက်ဘင်အဗ္ဗဒူလာမန်အယ်သန်နီ ။

ပင်လယ်ကွေ့ဒေသ ပဋိပက္ခများကို ဖြေရှင်းရာတွင် ကာတာနိုင်ငံ၏ အရေးပါမှု၊ တူရကီနှင့် အခြားသော အာရပ်နိုင်ငံများကြားတွင် ကာတာနိုင်ငံက ကြားဝင်ဖြေရှင်းပေးမှုနှင့် အီရန်ပဋိပက္ခတွင် ကူဝိတ်နိုင်ငံ၏ ဖြေရှင်းပေးမှုတို့ကိုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ နှစ်နိုင်ငံကြား သဘောတူညီမှုများကို အကောင်အထည်ဖော်ရန်အတွက် လုပ်ငန်းအဖွဲ့ တည်ထောင်သွားရန်နှင့် လစ်ဗျားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် ထောက်ပံ့ပေးရေးတို့တွင် ဆက်လက်လုပ်ဆောင် သွားရန် သဘောတူခဲ့သည်။

ဆင်ဟွာ

# အစ္စရေးတွင် ကိုဗစ် -၁၉ ကန့်သတ်ချက်အများစုကို ဇွန်လအတွင်းဖယ်ရှားပေးမည်

**ဂျေရုဆလင် မေ ၂၄**

အစ္စရေးနိုင်ငံတွင် ကိုဗစ်-၁၉ ကန့်သတ်ချက်အများစုကို ဇွန် ၁ ရက်မှ စတင်ကာ ဖယ်ရှားပေးသွားမည်ဟု အစ္စရေးကျန်းမာရေးဝန်ကြီး ယူလီအက်ဒ်စတိုင်းက မေ ၂၃ ရက်တွင် ကြေညာခဲ့သည်။

အစ္စရေးနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုအခြေအနေများမှာ တည်ငြိမ်လာပြီး သေဆုံးမှု နည်းပါးလာသည့်အတွက် ယခုလို ဆုံးဖြတ်ချက်ချရခြင်းဖြစ်ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

သို့သော်လည်း အစ္စရေးနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်နှင့် ထွက်ခွာခွင့်များကိုမူ ဖြေလျှော့ပေးဦးမည်မဟုတ်ဘဲ လိုအပ်သည့်အတွက် ဆက်လက်တင်းကျပ်ထားဦးမည်ဟု ၎င်းက ပြောသည်။

အစ္စရေးနိုင်ငံတွင် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပြီးသူ ၅ ဒသမ ၄၄ သန်းရှိပြီး တိုင်းပြည်လူဦးရေ၏ ၅၈ ဒသမ ၃ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးပြီးဖြစ်သည်။

ဆင်ဟွာ

# တရုတ်နိုင်ငံ မာရသွန်ပြေးပွဲအတွင်း လူသေဆုံးမှုအတွက် ဝမ်းနည်းကြောင်း အီဂျစ်နိုင်ငံပေးပို့

**ကိုင်ရို မေ ၂၄**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကျန်းစုပြည်နယ်တွင် မေ၂၂ရက်ကပြုလုပ်သည့် တောင်တက်မာရသွန်ပြေးပွဲအတွင်း ရာသီဥတုဆိုးရွားမှုကြောင့် အပြေးသမား ၂၁ ဦး သေဆုံးခဲ့ရသည်။

မာရသွန်ပြေးပွဲအတွင်း လူသေဆုံးမှုဖြစ်စဉ်များအတွက် အီဂျစ်နိုင်ငံက ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ အီဂျစ်အစိုးရနှင့် ပြည်သူများသည် အဆိုပါ ဖြစ်စဉ်အတွက် ဝမ်းနည်းမိကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ခဲ့ပြီး အပြေးပြိုင်ပွဲဝင် ၁၇၂ ဦးအနက် ကစားသမား ၁၅၁ ဦးမှာ လုံခြုံစိတ်ချရမှုရှိသည်ဟု သိရသည်။

ဆင်ဟွာ

# တိုကျိုနှင့် အိုဆာကာတို့တွင် ကာကွယ်ဆေးထိုးပေးသည့်နေရာများဖွင့်လှစ်

တိုကျို မေ ၂၄

ဂျပန်နိုင်ငံ၌ မေ ၂၄ ရက်က တိုကျိုနှင့် အိုဆာကာတို့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးသည့် စင်တာကြီးများကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ ဂျပန်နိုင်ငံ၏ သက်ကြီးရွယ်အို ၃၆ သန်းကို ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးပေးရန် ရည်ရွယ်ပြီးနောက် ယခုလို လှုပ်ရှားခဲ့ခြင်းဖြစ်သည်။

ကာကွယ်ဆေးထိုးပေးသည့် စင်တာကြီး နှစ်ခုစလုံးတွင် မော်ဒါနာ ကိုဗစ် -၁၉ ကာကွယ်ဆေးကို ထိုးပေးသွားမည်ဖြစ် သည်။ တိုကျိုမြို့ရှိ ကာကွယ်ဆေးထိုးပေးရာနေရာတွင် တစ်ရက်အတွင်း လူပေါင်း ၅၀၀၀ကို ကာကွယ်ဆေးထိုးပေးသွားမည် ဖြစ်ပြီး အိုဆာကာရှိ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးရာနေရာတွင်မူ တစ်ရက်လျှင် လူပေါင်း ၂၅၀၀ ကို ကာကွယ်ဆေးထိုးပေးမည်ဖြစ်သည်။




ကာကွယ်ဆေးထိုးစဉ် ဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်ပါက ကုသပေးရန်စောင့်ဆိုင်းနေသည့်သူနာပြု တစ်ဦးကို တွေ့ရစဉ်။

မကြာမီအချိန်အတွင်း ကာကွယ်ဆေးထိုးနိုင်မှုကို နှစ်ဆတိုးသွားမည်ဟုလည်း အစိုးရက ပြောသည်။ ကာကွယ်ဆေးထိုးပြီး ပြန်လာသည့် အမျိုးသားတစ်ဦးက ကာကွယ်ဆေးပထမအကြိမ်ထိုးခြင်းဖြစ်ပြီး ချောမွေ့စွာ ပြီးဆုံးသွားသည်ဟုလည်း ၎င်းက ပြောသည်။ မေ ၂၄ ရက်မှစတင်ကာ ကာကွယ်ဆေးထိုးပေးသည့် နေရာနှစ်ခုတို့တွင် အွန်လိုင်းမှ စာရင်းပေးသွင်းခြင်းကို တိုးချဲ့သွားမည်ဖြစ်သည်။

စာရင်းထဲတွင် အိုဆာကာ နှင့် တိုကျိုတို့ရှိ အသက် ၆၅နှစ်နှင့်အထက်များ ပါဝင်သည်။ အိမ်နီးချင်းခရိုင်များတွင်လည်း ကာကွယ်ဆေးထိုးနှံမှု မကြာမီ စတင်နိုင်တော့မည်ဖြစ်သည်။ ယခုအချိန်အထိ ဂျပန်နိုင်ငံ ခရိုင်လေးခုမှ သက်ကြီးရွယ်အို ၄ ရာခိုင်နှုန်းကိုသာ ပထမတစ်ကြိမ် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးပြီး ဖြစ်သည်။

အင်န်အိတ်ချ်ကေ

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ ဖြင့် သေဆုံးသူ သုံးသိန်းကျော်လွန်လာပြီ



အိန္ဒိယနိုင်ငံ ဖိုပေါလ်မြို့တွင် ကျန်းမာရေးဝန်ထမ်းတစ်ဦး ကိုဗစ်–၁၉ စစ်ဆေးရန် တို့ဖတ်နမူနာ ရယူနေသည်ကို တွေ့ရစဉ်။

နယူးဒေလီ မေ ၂၄

**အိန္ဒိယတွင် မေ ၂၄ ရက်က ကိုဗစ်–၁၉ ကပ်ရောဂါ ထပ်မံကူးစက်ဖြစ်ပွားသူ သုံးသိန်းကျော်လွန်လာခဲ့ပြီး ၃၀၃၇၂၀ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာလိုက်သည်။**

အိန္ဒိယနိုင်ငံအတွင်း ကိုးလတာ ကာလနီးပါး အချိန်တွင် ပထမဆုံးအကြိမ်အဖြစ် ကိုဗစ်–၁၉ ဖြင့် သေဆုံးသူ တစ်သိန်းအထိ ရောက်ရှိလာခဲ့သည်။ ခုနစ်လတာအတွင်း ကိုဗစ်– ၁၉ ဖြင့် သေဆုံးသူ နှစ်သိန်းအထိ မြင့်တက်ခဲ့သည်။ ၂၆ ရက်အတွင်း ကိုဗစ်– ၁၉ ဖြင့် ထပ်မံသေဆုံးသူ တစ်သိန်းအထိ တိုးလာခဲ့ရာ စုစုပေါင်းနိုင်ငံအတွင်း ကိုဗစ်– ၁၉ ကပ်ရောဂါဖြင့်သေဆုံးသူ သုံးသိန်းကျော်လွန်လာခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် ဘရာဇီးနိုင်ငံပြီးနောက် ကိုဗစ်– ၁၉ ဖြင့် သေဆုံးသူ သုံးသိန်းကျော်လွန်လာသည့်နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း နောက်ထပ်သေဆုံးသူ ၄၄၅၄ ဦး ထပ်တိုးလာခဲ့ရာ ယင်းပမာဏသည် သတ်မှတ်ကာလအတွင်း အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ဖြင့် သေဆုံးခဲ့သည့် အမြင့်ဆုံးပမာဏဖြစ်သည်။

ထို့အပြင် အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူ ၂၆၇၅၂၄၄၇ ဦးရှိသည်။ **ဆင်ဟွာ**

# ဘရာဇီးနိုင်ငံတွင် ကိုဗစ်– ၁၉ ဖြင့် ထပ်မံသေဆုံးသူ ၈၆၀ ကျော်ရှိ

**ဆော်ပေါ်လို မေ ၂၄**

ဘရာဇီးနိုင်ငံတွင် မေ ၂၃ ရက်က ကိုဗစ်– ၁၉ ကပ်ရောဂါကြောင့် ထပ်မံသေဆုံးသူ ၈၆၀ ကျော်လာမှုနှင့်အတူ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သေဆုံးသူ ၄၄၉၀၆၈ ဦးရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

နောက်ထပ် ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၅၈၁၉ ဦး စမ်းသပ်တွေ့ရှိမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၆၀၈၃၂၅၈ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်ထုတ်ပြန်ဖော်ပြလိုက်သည်။



ဘရာဇီးနိုင်ငံတွင် ကိုဗစ်– ၁၉ ရောဂါသည်တစ်ဦးအား ရွှေ့ပြောင်းသယ်ယူနေသည်ကို တွေ့ရစဉ်။

ဘရာဇီးနိုင်ငံသည် အမေရိကန်ပြည်ထောင်စုပြီးနောက် ကိုဗစ်– ၁၉ သေဆုံးမှုတွင် ကမ္ဘာ့ဒုတိယ အမြင့်ဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှုတွင် အမေရိကန် ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံပြီးလျှင် ကမ္ဘာ့တတိယ ကူးစက်ဖြစ်ပွားမှု အများဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်သည်။

တောင်အမေရိက နိုင်ငံ တစ်နိုင်ငံဖြစ်သော ဘရာဇီးနိုင်ငံသည် ကိုဗစ်– ၁၉ လှိုင်းဂယက်အသစ် ထပ်မံဖြစ်ပွားမှုနှင့် ကြုံတွေ့နေရသည်။ ကိုဗစ်– ၁၉ လှိုင်းဂယက်သစ် ထပ်မံဖြစ်ပွားမှုကြောင့် ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူများနှင့် သေဆုံးသူများ မြင့်တက်လာခဲ့ပြီး ဆေးရုံများတွင်လည်း မနိုင်ဝန် ထမ်းနေရကြောင်း သိရသည်။

ဆင်ဟွာ

## အာဖရိကတိုက်တွင် ကိုဗစ်- ၁၉ အတည်ပြုလူနာ ၄ ဒသမ ၇ သန်းကျော်ရှိ

**အဒစ်အဘာဘာ မေ ၂၄**

အာဖရိကနိုင်ငံတွင် မေ ၂၄ ရက်အထိ ကိုဗစ်– ၁၉ အတည်ပြုလူနာပေါင်း ၄၇၅၉၇၇၂ ဦးအထိ ရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (အာဖရိက စီဒီစီ)က ပြောကြားလိုက်သည်။

ကိုဗစ်– ၁၉ ကြောင့်သေဆုံးသူပေါင်းမှာ ၁၂၈၄၆၃ ဦးအထိ ရောက်ရှိလာပြီး ကိုဗစ်– ၁၉ ကင်းစင်သွားသူ ၄၃၀၃၃၂၆ ဦးအထိ ရှိလာကြောင်း အာဖရိက စီဒီစီက ဖော်ပြသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုးပီးယား၊ အီဂျစ်နိုင်ငံများသည် အာဖရိကတိုက်တွင် ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးနိုင်ငံဖြစ်ကြောင်း အာဖရိက စီဒီစီက ထုတ်ပြန်ဖော်ပြသည်။

ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှု အခြေအနေအရ အာဖရိကတောင်ပိုင်းသည် ကူးစက်ဖြစ်ပွားမှုအများဆုံး၊ အာဖရိက မြောက်ပိုင်းနှင့် အာဖရိကအရှေ့ပိုင်းတွင် ကူးစက်မှု ဒုတိယအများဆုံးနှင့် အာဖရိကအလယ်ပိုင်းတွင် ကူးစက်မှု အနည်းဆုံးဖြစ်ကြောင်း အာဖရိကစီဒီစီက ဆက်လက်သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ဆင်ဟွာ

## ဂျပန်နိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု တစ်ရက်ပြီးတစ်ရက် ကျဆင်း

**တိုကျို မေ ၂၄**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မေ ၂၄ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၄၀ ရှိကြောင်း အစိုးရက အတည်ပြုဖော်ပြခဲ့သည်။

အဆိုပါ ပမာဏသည် လွန်ခဲ့သောသီတင်းပတ်ကထက် ၇၉ ဦး လျော့နည်းခဲ့သည်။ နေ့စဉ် ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှုသည် ၁၁ ရက်ဆက်တိုက်ကျဆင်းခဲ့သည်။ ဧပြီ ၁၂ ရက်မှစကာ ယခု အတည်ပြုဖော်ပြလိုက်သော ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှု ပမာဏသည် ပထမဆုံးအကြိမ်အဖြစ် ၄၀၀ အောက် ကျဆင်းခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# မလေးရှားနိုင်ငံတွင် ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးစံချိန်တင်

**ကွာလာလမ်ပူ မေ ၂၄**

မလေးရှားနိုင်ငံတွင် မေ ၂၃ ရက်က တစ်နေ့အတွင်း ကိုဗစ်– ၁၉ နေ့စဉ်ကူးစက်ဖြစ်ပွားမှု ၆၉၇၆ ဦးဖြင့် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံး စံချိန်တင်ခဲ့သည်။

ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကို တုံ့ပြန်သောအားဖြင့် အစိုးရသည် တင်းကျပ်သော ကန့်သတ်ပိတ်ဆို့မှုများကို ချမှတ်ရန် ဆုံးဖြတ်ခဲ့သည်။

ကိုဗစ်–၁၉ ကန့်သတ်ပိတ်ဆို့မှုသစ်များတွင် အစိုးရဝန်ထမ်း ၈၀ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိကကဏ္ဍများတွင် လုပ်ကိုင်နေသော အလုပ်သမား ၄၀ ရာခိုင်နှုန်း အိမ်မှအလုပ်လုပ်ရန် ပါဝင်သည်။ ပြည်သူ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုလည်း ထက်ဝက်လျှော့ချလိုက်ပြီး ပြေးဆွဲချိန်များကိုလည်း နာရီလျှော့ချလိုက်သည်။

အဆိုပါ ကိုဗစ်–၁၉ ကန့်သတ်ပိတ်ဆို့မှုသစ်များသည် မေ ၂၅ ရက်မှ ဇွန် ၆ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မလေးရှားနိုင်ငံသည် ယခုလအစောပိုင်းတွင် တစ်နိုင်ငံလုံး ကန့်သတ်ပိတ်ဆို့မှု ချမှတ်ထားသည်။ ကျောင်းများကိုလည်း ပိတ်ထားပြီး ပြည်သူများကိုလည်း ပြည်နယ်နှင့် ဒေသများသို့ ခရီးသွားလာခြင်း မပြုလုပ်ရန် တားမြစ်ထားသည်။

ဝန်ကြီးချုပ် မူယစ်ဒင်ယက်ဆင်က မေ ၂၃ ရက်က နိုင်ငံပိုင် အသံလွှင့်ဌာနက ထုတ်လွှင့်သော တွေ့ဆုံမေးမြန်းခန်းတွင် အကယ်၍ အစိုးရအနေဖြင့် စီးပွားရေးကဏ္ဍ အပါအဝင် အလုံးစုံ ကန့်သတ်ပိတ်ဆို့မှု ပြုလုပ်ခဲ့မည်ဆိုပါက နိုင်ငံ၏ စီးပွားရေး ပြိုလဲသွားမည့်


မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ လမ်းဘေးဈေးဆိုင်တန်းတစ်ခုကို ဖြတ်သန်းပြီး ပြည်သူများ နှာခေါင်းစည်းတပ်ဆင်ကာ သွားလာနေသည်ကို တွေ့ရစဉ်။

အကြောင်း ရှင်းလင်းပြောကြားသည်။

ဝန်ကြီးချုပ်က ပြည်သူကို ထောက်ပံ့ရန်နှင့် တင်းကျပ်သည့် ကန့်သတ်ပိတ်ဆို့မှု ကာလအတွင်း စီးပွားရေး ဆက်လက်ရှင်သန်နေစေရန် ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို စွမ်းဆောင်ပေးနိုင်ဦးမည် မဟုတ်ကြောင်း ပြောကြားသည်။

မလေးရှားနိုင်ငံတွင် ယခုအချိန်အထိ ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူ ၅၁၀၀၀၀ ကျော် ရှိလာပြီဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံကြသည့် မြင်ကွင်းများ

အခြေခံပညာ(အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းများကို ဇွန် ၁ ရက်တွင် ပုံမှန်စာသင်နှစ်အတိုင်း ပြန်လည်ဖွင့်လှစ်မည်ဖြစ်၍ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ၂၀၂၂ ခုနှစ် မေ ၂၄ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ပြီး ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းမှစတင်ကာ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ လာရောက်ကျောင်းအပ်နှံကြသည့် မြင်ကွင်းများကို စုစည်းဖော်ပြအပ်ပါသည်။



ရှာင်မြို့နယ်၌ ကျောင်းသား ကျောင်းသူများ လာရောက်ကျောင်းအပ်နှံကြစဉ်။ မြို့နယ်(ပြန်/ဆက်)



နေပြည်တော် အ.ထ.က (၁၀) ၌ ကျောင်းအပ်နှံပြီးသည့် ကျောင်းသားတစ်ဦးကို တွေ့ရစဉ်။ သတင်းစဉ်



နေပြည်တော် အ.ထ.က (၉) သို့ ကျောင်းသူများ လာရောက်ကျောင်းအပ်နှံကြစဉ်။ သတင်းစဉ်



တာလေမြို့နယ်၌ ကျောင်းလာရောက်အပ်နှံကြစဉ်။ မြို့နယ်(ပြန်/ဆက်)



ကျောက်ဖြူမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံကြစဉ်။ တင်ထွန်းဦး(ပြန်/ဆက်)



ရေနံချောင်းမြို့နယ်၌ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသူများကို ကျောင်းအပ်နှံအပြီး တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



ကျိုက်ထိုမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံကြစဉ်။ ဝင်းမောင်(ပြန်/ဆက်)



ပင်းတယမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံကြစဉ်။ မြို့နယ်(ပြန်/ဆက်)


အင်္ဂပူမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံကြစဉ်။ မန်းကျော်(ပြန်/ဆက်)


ပွင့်ဖြူမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံကြစဉ်။ နတ်မောက်သား


မော်လမြိုင်မြို့နယ်၌ ကျောင်းလာရောက်အပ်နှံမှုကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)


မိုးမိတ်မြို့နယ်၌ ကျောင်းသားတစ်ဦး ကျောင်းအပ်နှံစဉ်။ ခရိုင်(ပြန်/ဆက်)


မြဝတီမြို့နယ်၌ ကျောင်းသားများ ကျောင်းအပ်နှံစဉ်။ မန်းသန်းရွှေမြင့်(ပြန်/ဆက်)


အလုံမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံကြစဉ်။ သတင်းစဉ်


တာမွေမြို့နယ်၌ ကျောင်းလာရောက်အပ်နှံမှုကို တွေ့ရစဉ်။ သတင်းစဉ်


မိုင်းဆတ်မြို့နယ်၌ ကျောင်းအပ်နှံရန် လာရောက်ကြသူများကို တွေ့ရစဉ်။ မြင့်မောင်(ပြန်/ဆက်)


မိုင်းယောင်းမြို့နယ်၌ လာရောက်ကျောင်းအပ်နှံကြသူများကို တွေ့ရစဉ်။ စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)

# အကြမ်းဖက်လုပ်ရပ်မှန်သမျှ ပူးပေါင်းတိုက်ဖျက်

**--- မိုးဆွေ ---**

**မေလ၏ အပူရှိန်က ပူပူပြင်းပြင်းပင်။ အပူရှိန်ပြင်းသည့် ရာသီဥတုကြောင့် ကျွန်တော်တို့ခြံရှေ့ရှိ ဗာဒံပင်ရိပ်နှင့် ရေချမ်းစင်၌ အမောပြေ ရေတစ်ခွက် သောက်ရင်း၊ အပင်ရိပ်ခိုရင်း လမ်းသွားလမ်းလာ တစ်ဦးစ နှစ်ဦးစ ဆုံကြရင်း စကားလက်ဆုံကျ တတ်သည်။ အပင်ရိပ်ဝယ် ရေသောက် အမောဖြေကြရင်း မြန်မာလူမျိုးတို့ ထုံးစံအတိုင်း နှုတ်ဆက် စကားဆိုတတ်ကြသည်သာ။ စကားသံများ ဆိုသံကြားတိုင်း ရပ်ထဲ ရွာထဲ ဘာသတင်းစကားများ ထူးမလဲဟု ကျွန်တော်လည်း လူ့သဘာဝ နားစွင့်မိသည်သာ။ စကားများက ထုံးစံအတိုင်း လက်ရှိနိုင်ငံရေး အခြေအနေပင်။**

"ရန်ကုန်မှာ ဗုံးတွေကွဲတယ် ကြားတယ်။ မလုပ်သင့်ပါဘူးဗျာ။ မထိတ်သာ မလန့်သာရှိလိုက်တာ၊ အေးအေးချမ်းချမ်းပဲ နေချင်တာပါ"ဟု ဆိုသူက တစ်ဦး။

"ကလေးတွေ ကျောင်းတက်ရင် ဗုံးခွဲမယ်ဆိုပြီး ခြောက်လှန့်တာတွေ မကြားဘူးလား။ ကျွန်တော့် မြေးလေးတော့ ကျောင်းပို့ဖို့ ရင်ထိတ်နေရတယ်။ တကယ်တော့ ကလေးတွေနဲ့ မဆိုင်ပါဘူး။ ကိုဗစ်ကြောင့် ကျောင်းက မဖွင့်နိုင်သေးတာ၊ အခုပြန်ဖွင့်မှာကို အားလုံးဖေးမရမှာ" ဟု ဆိုသူက တစ်ဦး။

"မတည်မငြိမ်နဲ့ဆိုတော့ စီးပွားမဖြစ်ဘူးပေါ့။ အလုပ်ကောင်းကောင်းမှ မလုပ်ရတာ" ဟု ဆိုသူက ဆို။

ထိုကဲ့သို့ ဗာဒံပင်ရိပ် အရိပ်ခိုရင်း စကားဆိုသူများသည် လက်တွေ့သိမြင် ခံစားရမှုများကို တစ်ခွန်းစ နှစ်ခွန်းစဆိုကြပြီး သက်ဆိုင်ရာ အရပ်ရပ်သို့ ထွက်ခွာသွားကြသည်။ ဗာဒံပင်ရိပ်က ပျံ့လွင့်လာသည့် စကားသံများသည် ရပ်ထဲရွာထဲက ပြည်သူများ၏ ရင်တွင်းခံစားချက်စကားသံများဆိုလျှင်လည်း မမှားပေ။ ဤစကားများကို စေ့ငုသုံးသပ်ကြည့်လျှင် ပြည်သူများအနေဖြင့် ငြိမ်းငြိမ်းချမ်းချမ်း၊ အေးအေးချမ်းချမ်း နေထိုင်ရှာဖွေစားသောက်လိုကြသည့် စကားသံများကိုသာ ကြားခဲ့ရသည်။

## ပြည်သူများ လူမှုစီးပွားခက်ခဲ

နိုင်ငံတွင်း ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားနေသည်ကို ပြည်သူတိုင်း ပူပန်ကြသည်ပင်။ အကြမ်းဖက် မတည်ငြိမ်မှုများကြောင့် နောက်ဆက်တွဲ ဆိုးကျိုးအနေဖြင့် ပြည်သူများ လူမှုစီးပွား ခက်ခဲကြရသည်။

အကြမ်းဖက်သမားများသည်နိုင်ငံအနှံ့ မတည်မငြိမ်ဖြစ်စေရန်ရည်ရွယ်ပြီး လက်နက်ကိုင်ခြောက်လှန့်မှုများ၊ ဗုံးခွဲခြောက်လှန့်မှုများဖြင့် ပြည်သူထံ အကြောက်တရားများ ဖြန့်ဝေလျက်ရှိသည်။ ပြည်သူများအကြား အကြောက်တရား ဖြန့်ဖြူးပြီး ရပ်ထဲ၊ ရွာထဲ၊ မြို့ထဲမှာပင် အကြမ်းဖက်မှုများကို ကျူးလွန်နေသူများကြောင့် ပြည်သူအများ စိုးတထိတ်ထိတ်ဖြင့် နေထိုင်နေကြရသည်။ ရက်စက်ကြမ်းကြုတ်ခြင်းနှင့် ခြောက်လှန့်ခြင်းတို့ကို လက်နက်အဖြစ် အသုံးပြုလာကြပေပြီ။ အစိုးရကို ဦးတည်ပြီး အပြစ်မဲ့ ပြည်သူများကို အကြမ်းဖက်တိုက်ခိုက်ခြင်းဖြင့် နိုင်ငံရေးအမြတ်ထုတ်ရန် ကြိုးပမ်းလျက်ရှိသည်။ ၎င်းတို့လုပ်ရပ်အားလုံးကို အစိုးရက၊ လုံခြုံရေးအဖွဲ့များက လုပ်သလို လွှဲချပြီး လုပ်ကြံဝါဒ ဖြန့်သည်။ ဦးနှောက်ရှိသူတိုင်း၊ တွေးခေါ်မြော်မြင် တတ်သူတိုင်းက ဘယ်သူ့လုပ်ရပ်ဖြစ်သည်၊ နောက်ကွယ်တွင် ဘယ်သူရှိသည်၊ ငွေကြေးအကျိုးအမြတ်ကြောင့် အခုလို လုပ်ကိုင်ဆောင်ရွက်နေသည်ကို နားလည်သိရှိကြသည်။ ထို့ပြင် ရှေ့ကဖုံး၊ နောက်က ပေါ်သည့်လုပ်ရပ်တွေကြောင့်လည်း ပြည်သူလူထုက သတင်းမှန်များကို မပြတ်ရလျက်ရှိသည်။

**အာရပ်နွေဦးလို မြန်မာ့နွေဦးကို သွေးစွန်းအောင် ကြံစည်ကြသည်။ နွေဦးတော်လှန်ရေးဟု နာမည်တပ်ကြသည်။ ယခု နွေဦးတော်လှန်ရေး အမည်ခံ အကြမ်းဖက်လုပ်ရပ်များသည် မြန်မာပြည် မတည်မငြိမ်ဖြစ်ရေးကိုသာ ဦးတည်နေသည်။ အေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူများ၏ ဆန္ဒများကို လျစ်လျူရှုကြပြီး နွေဦးတော်လှန်ရေးကို အများ ကြိုက်ဟုသာ နာမည်ခံကြသည်။ သို့သော် အများအတွက် ကောင်းကျိုးမရှိသည့်၊ ဥပဒေနှင့် ငြိစွန်းသည့် လူသတ်၊ မီးရှို့၊ ဖျက်ဆီးစသည့် တိုင်းပျက်ပြည်ပျက်လုပ်ငန်းများကိုသာ ဦးတည်လုပ်ဆောင်နေခြင်းဖြစ်သည်။**



**⁂ အစွန်းရောက် နိုင်ငံရေးသမားများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆန္ဒပြမှုများသည် ဆူပူလှုပ်ရှားမှုများ၊ အကြမ်းဖက်လုပ်ရပ်များအဖြစ် အသွင်ပြောင်းလာခဲ့သည်။ ယခုလည်း ရပ်ထဲရွာထဲတွင် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF)ဟု ဖွဲ့စည်းကြပြန်သည်။ ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့ဟု ဆိုသော်လည်း ရပ်ထဲရွာထဲ အကြမ်းဖက်လုပ်ရပ်များ စေစားဖန်တီးရန် ပေါ်ပေါက်လာခြင်းမျိုးသာ။ မြို့တွင်း၊ ရွာတွင်း PDF ဖွဲ့စည်းပြီးစီးကြောင်း အွန်လိုင်းပေါ်တွင် ဖြန့်ဝေကြသည်မျိုးလည်း တွေ့မြင်ကြရသည်။ အမှန်တကယ်တွင် အရေးယူခံစရာရှိ ရှေ့က အရေးယူခံရမည့် နိုင်ငံရေးအစွန်းရောက်များ၏ ဒိုင်းများဆိုလျှင်လည်း မမှားပေ။ ထိုကဲ့သို့ ရှေ့က ဒိုင်းသဖွယ် ဥပဒေမဲ့လုပ်ရပ်များကို လုပ်ဆောင်ပေးမည့်လူတစ်စု ရှိနေသမျှ ပြည်ပြေးအစိုးရ၊ တစ်နည်းလေလှိုင်းပေါ်ကအစိုးရက လွတ်နေဦးမည်သာ။ ထိုအရာသည် ပြည်သူများ သတိချပ်စရာဖြစ်**

လူတိုင်းတွင် နိုင်ငံရေးယုံကြည်ချက် အမျိုးမျိုး ရှိကြသည်သာ။ ထိုသို့ နိုင်ငံရေးယုံကြည်ချက် ရှိသော်လည်း ပြည်သူအများစုက အေးချမ်းစွာ နေထိုင်လိုကြသည်။ ရပ်ထဲ ရွာထဲ အကြမ်းဖက် လုပ်ရပ်များကို မမြင်လိုကြပေ။

## မုန်းတီးရေးအတွက်သာ အသံလွှင့်ကြ

သို့သော် CRPH အမည်ခံ ပြည်ပြေးလွှတ်တော်ကော်မတီ၊ NUG အမည်ခံ ပြည်ပြေးအစိုးရတို့က လက်ရှိတာဝန်ယူထားရသည့် အစိုးရအား ပြည်သူများ မုန်းတီးရေးအတွက်သာ အသံလွှင့်ကြသည်။ အုပ်ချုပ်သည့် အစိုးရအနေဖြင့် ပြည်သူ့အတွက် ဖော်ဆောင်သည့် လုပ်ငန်းတာဝန်များ အောင်မြင်မှုမရှိ၊ နှောင့်နှေးကြန့်ကြာကာ ပြည်သူမှ အယုံအကြည်မရှိဖြစ်လာစေရေးကိုသာ လုပ်ဆောင်လာကြသည်။ ထို့အတူ အစိုးရအနေဖြင့် လုပ်ရခက်၊ ကိုင်ရခက် ပုံစံမျိုးဖြစ်လာမစေရန်အတွက် အကြမ်းဖက်ဆူပူမှုများ၊ ရှန်းရင်းဆန်ခတ်များနှင့် ပြည်သူများ ဒုက္ခရောက်စေမည့်ပုံရိပ်များကို ဖန်တီးလျက်ရှိသည်။

အစွန်းရောက် နိုင်ငံရေးသမားများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆန္ဒပြမှုများသည် ဆူပူလှုပ်ရှားမှုများ၊ အကြမ်းဖက်လုပ်ရပ်များအဖြစ် အသွင်ပြောင်းလာခဲ့သည်။ ယခုလည်း ရပ်ထဲရွာထဲတွင် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) ဟု ဖွဲ့စည်းကြပြန်သည်။ ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့ဟုဆိုသော်လည်း ရပ်ထဲရွာထဲ အကြမ်းဖက် လုပ်ရပ်များ စေစားဖန်တီးရန် ပေါ်ပေါက်လာခြင်းမျိုးသာ။ မြို့တွင်း၊ ရွာတွင်း PDF ဖွဲ့စည်းပြီးစီးကြောင်း အွန်လိုင်းပေါ်တွင် ဖြန့်ဝေကြသည်မျိုးလည်း တွေ့မြင်ကြရသည်။ အမှန်တကယ်တွင် အရေးယူခံစရာရှိ ရှေ့က အရေးယူခံရမည့် နိုင်ငံရေး အစွန်းရောက်များ၏ ဒိုင်းများဆိုလျှင်လည်း မမှားပေ။ ထိုကဲ့သို့ ရှေ့က ဒိုင်းသဖွယ် ဥပဒေမဲ့ လုပ်ရပ်များကို လုပ်ဆောင်ပေးမည့်လူတစ်စုရှိနေသမျှ ပြည်ပြေးအစိုးရ၊ တစ်နည်း လေလှိုင်းပေါ်က အစိုးရက လွတ်နေဦးမည်သာ။ ထိုအရာသည် ပြည်သူများ သတိချပ်စရာဖြစ်သည်။

အလားတူ သတိပြုဆင်ခြင်ရမည့် အချက်တစ်ခုလည်း ရှိနေပါသည်။ အကြမ်းဖက်အုပ်စုများတွင် ပါဝင်သူများကို ဖမ်းဆီး၍ အရေးယူခြင်း မပြုနိုင်စေရန်၊ လွတ်မြောက်စေရန် ထိမ်ချန်ပေးခြင်း၊ ခိုလှုံခွင့်ပေးခြင်း၊ ပုန်းအောင်းစေခြင်းနှင့် ပုန်းအောင်းခွင့်ပေးခြင်း၊ ယာယီတည်းခိုခွင့်ပေးခြင်းကဲ့သို့ ပြုမူဆောင်ရွက်မှုများသည် အကြမ်းဖက် ဥပဒေပုဒ်မ ၅၂ (က) နှင့် ငြိစွန်းကာ အနည်းဆုံး ထောင်ဒဏ် သုံးနှစ်မှ အများဆုံး ထောင်ဒဏ် ခုနစ်နှစ်အထိ ချမှတ်ခံရနိုင်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် ဥပဒေနှင့် ငြိစွန်းမှုမရှိစေရန် သတိပြု ဆင်ခြင်ကြရမည်ဖြစ်သည်။

ထိုကဲ့သို့ လေလှိုင်းပေါ်မှ အစိုးရ၏ စေစားမှုများကြောင့် ဒုက္ခရောက်နေကြသည့် နိုင်ငံသားများ ရှိနေပြီး စိုးရိမ်ထိတ်လန့်မှုများကြောင့် တိမ်းရှောင်နေကြသူများလည်း ရှိနေပါသည်။ ထိုကဲ့သို့ တိမ်းရှောင်နေသော်လည်း ရာဇဝတ်မှုများ ကျူးလွန်ထားခြင်း မရှိပါက ကိုယ့်နိုင်ငံ၊ ကိုယ့်မြို့ရွာ၊ ကိုယ့် အိမ်ကို စိတ်ချလက်ချနှင့် ပြန်လည်ဝင်ရောက် နိုင်ကြောင်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ဖိတ်ခေါ် သတင်းစကားပါးပြီး ဖြစ်သည်။

**လက်ရှိနိုင်ငံ၏ ပကတိအခြေအနေကို ပြည်သူများ နားလည်သဘောပေါက်ရန် အရေးကြီးပေသည်။ အစွန်းရောက်နိုင်ငံရေးသမားများ ညွှန်းဆိုနေသကဲ့သို့ လက်ရှိအစိုးရသည် အာဏာကို စွဲကိုင်ထားမည့်အစိုးရမဟုတ်။ နိုင်ငံ့အာဏာကို မတရားနည်းလမ်းဖြင့် ရယူခြင်းမှ ကာကွယ်ထိန်းသိမ်းခြင်းသာဖြစ်သည်ကို နားလည်သိမြင်စေလိုသည်။ ထိုသို့ တာဝန်ယူ ဆောင်ရွက်သည့် အခါတွင်လည်း အစွန်းရောက် နိုင်ငံရေးသမားများ ဝါဒဖြန့်သကဲ့သို့ တပ်မတော်မှ ဦးဆောင်နေခြင်းမျိုး မဟုတ်ပေ။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဦးဆောင်သည့် အစိုးရအဖွဲ့တွင် တိုင်းရင်းသားများ အပါအဝင် နိုင်ငံရေးပါတီအသီးသီးမှ ထက်မြက်သည့် ခေါင်းဆောင်များဖြင့် ပူးပေါင်းပါဝင် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ထိုသို့ ဖွဲ့စည်းခြင်းမျိုးဖြင့် နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားကို ကြိုးပမ်းဖော်ဆောင်နေသည်ကို သိရှိနားလည်စေလိုသည်။**

တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ကြိုးပမ်းဖော်ဆောင်ရာ၌ ဖြစ်သလို ဆောင်ရွက်သွားမည် မဟုတ်ပေ။ နိုင်ငံအတွက် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ် ဆောင်ရွက်နေခြင်းဖြစ်သည်။

## အသိ၊ သတိဖြင့် ဆင်ခြင်ကြရမည်

မည်သို့ဆိုစေ၊ နိုင်ငံရေးယုံကြည်ချက်ကို ကိုင်စွဲကာ တစ်ဖက်အစွန်းရောက်သွားသည့် အကြမ်းဖက်ဝါဒ လက်ကိုင်ပြုသူများသည် တိုင်းပြည် အုတ်အော်သောင်းတင်းဖြစ်စေမည့် လုပ်ရပ်များကို ဆက်လက်လုပ်ဆောင်နေဦးမည်ဖြစ်ရာ နိုင်ငံရေး အစွန်းရောက်သမားများ၏ နိုင်ငံရေးမှိုင်းလုံးများ၊ အဖျက်အမှောင့်လုပ်ရပ်များကို ပြည်သူများအနေဖြင့် အသိ၊ သတိဖြင့် ဆင်ခြင်ကြရမည်ဖြစ်သည်။

နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာ အေးချမ်းသာယာရေးပျက်ပြားစေရန် ဆောင်ရွက်နေသည့် CRPH , NUG, PDF တို့ကို တရားဥပဒေနှင့်အညီ အရေးယူသွားနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်သည်။ ပြည်သူများကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြလျှင် အကြမ်းဖက်လုပ်ရပ်များကို အမြန်ဆုံးတိုက်ဖျက်ချေမှုန်းနိုင်မည်ဖြစ်သည်။ နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးတည်ငြိမ်မှုမှသည် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးမြင့်ကောင်းမွန်လာမည် ဖြစ်ပါသည်။

ပြည်သူလူထုအနေဖြင့် မိမိတို့၏ မြို့ရွာ ရပ်ကွက် အေးချမ်းသာယာကာ တရားဥပဒေ စိုးမိုးပြီး တည်ငြိမ်လုံခြုံစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သမားများ အကြမ်းဖက်လုပ်ငန်းများ မလုပ်ဆောင်နိုင်ရန်၊ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို ဖော်ထုတ်အရေးယူနိုင်ရန် အတွက် ပူးပေါင်းပါဝင်ရန်မှာ အရေးကြီးပါကြောင်း တင်ပြရေးသားအပ်ပါသည်။ ။

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၂၄**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH နှင့် NUG တို့အား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ လှိုင်ထွန်းအောင် | ကထိက၊ မကွေးတက္ကသိုလ်၊ မကွေးမြို့ | မကွေးမြို့၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါက်တာ ဇော်လတ် | ကထိက၊ ရတနာပုံတက္ကသိုလ်၊ အမရပူရမြို့နယ် | အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဦးသော်ဇင်ဦး | ကထိက၊ နည်းပညာတက္ကသိုလ် (ပခုက္ကူ)၊ ပခုက္ကူမြို့ | ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဦးအောင်မျိုးဝင်း | ကထိက၊ ရွှေဘိုတက္ကသိုလ်၊ ရွှေဘိုမြို့ | ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဦးလားရမ်းလော်မာ | ကထိက၊ ကလေးတက္ကသိုလ်၊ ကလေးမြို့ | ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဒေါ်နှင်းရည်လှိုင် | ကထိက၊ နည်းပညာတက္ကသိုလ် (လွိုင်ကော်)၊ လွိုင်ကော်မြို့ | လွိုင်ကော်မြို့၊ ကယားပြည်နယ် | ၅၀၅-က |  |
| ၇ | ဦးတိုးဇော်သန့် | ကထိက၊ နည်းပညာတက္ကသိုလ် (လားရှိုး)၊ လားရှိုးမြို့ | လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၅၀၅-က |  |
| ၈ | ဦးစိုးမြတ်ထွေး | ကထိက၊ နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)၊ မြစ်ကြီးနားမြို့ | မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ် | ၅၀၅-က |  |
| ၉ | ဦးသန်းဇော်ဦး | လက်ထောက်ကထိက၊ နည်းပညာတက္ကသိုလ် (တောင်ငူ)၊ တောင်ငူမြို့ | တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဦးကျော်ကျော်အေး | ဓာတ်ခွဲကျွမ်းကျင်-၂၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ရေနံချောင်း)၊ ရေနံချောင်းမြို့ | ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်သည့် သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၂၄**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် CRPH နှင့် NUG တို့အား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်ကေသီနိုင် (သူနာပြုဆရာမကြီး) | နေပြည်တော် ပြည်သူ့ဆေးရုံ | နတ်မောက်မြို့၊ မကွေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါ်တင့်တင့် (သူနာပြုဆရာမကြီး) | နေပြည်တော် ပြည်သူ့ဆေးရုံ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | ၅၀၅-က |  |
| ၃ | ဒေါ်စန်းမြင့်ရီ (သူနာပြုဆရာမကြီး) | နေပြည်တော် ပြည်သူ့ဆေးရုံ | စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဒေါ်ယုဝါလွင် (အထက်တန်းသူနာပြု) | ကော့သောင်း ပြည်သူ့ဆေးရုံ | ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဒေါ်နှင်းပွင့်လှိုင် (အထက်တန်းသူနာပြု) | ကော့သောင်း ပြည်သူ့ဆေးရုံ | ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဒေါ်ငြိမ်းငြိမ်းစိုး (အထက်တန်းသူနာပြု) | ကော့သောင်း ပြည်သူ့ဆေးရုံ | လောင်းလုံးမြို့၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဒေါ်ဇင်မာဝင်း (အထက်တန်းသူနာပြု) | ကော့ကပ် တိုက်နယ်ဆေးရုံ | ဇလွန်မြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | ဒေါ်နှင်းဝေဝေ (အထက်တန်းသူနာပြု) | ကော့ကပ် တိုက်နယ်ဆေးရုံ | ငါးသိုင်းချောင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဒေါ်မျိုးသန္တာထွန်း (သူနာပြု) | လှည်းဆိပ် တိုက်နယ်ဆေးရုံ | သုံးခွမြို့၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | ဒေါ်ငုဝါစိုး (သူနာပြု) | ကျုံပျော် ပြည်သူ့ဆေးရုံ | ကျုံပျော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |

အဆိုပါအမှုဖွင့်လှစ်ထားသော သူနာပြုများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများကိုလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**





နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌဟောင်း ဒေါက်တာမျိုးအောင်တို့အပေါ် စွဲဆိုထားသည့်အမှုများကို သီးသန့်တရားရုံး၌ တရားစီရင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်စဉ်။

❖ *ကျောဖုံးမှ*

ထို့အတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်သည်လည်း ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၉ ရက်က ပြုလုပ်ခဲ့သည့် Car Campaign ၌ ၎င်း၏ နေအိမ်ရှေ့မှ ကြိုဆိုနှုတ်ဆက်အားပေး ပါဝင်ခဲ့သဖြင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၂၅ ဖြင့် လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၈ ရက်က ၎င်းကိုယ်တိုင်ဦးဆောင်၍ COVID-19 ဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်များကို ဖောက်ဖျက်ပြီး ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း မဲဆွယ်ပြုလုပ်ခဲ့ခြင်းကြောင့် ယင်းဥပဒေပုဒ်မ ၂၅ ဖြင့်လည်းကောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်း၏နေအိမ်တွင် ဝင်ရောက်ရှာဖွေစစ်ဆေးရာ တရားမဝင် စကားပြောစက် (၁၀)လုံးနှင့် Jammer (၁) စုံတို့ကို တွေ့ရှိသိမ်းဆည်းရမိ၍ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၇ နှင့် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ အရလည်းကောင်း အမှုဖွင့်အရေးယူခဲ့ပြီး ဇမ္ဗူသီရိမြို့နယ်တရားရုံးသို့ တရားစွဲတင်ထားရှိခဲ့သည်။

ထို့ပြင် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများသို့ ပေးပို့ခဲ့သည့် စစ်အာဏာသိမ်းအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုမပြုရေးနှင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည်သာ နိုင်ငံတော်၏ တရားဝင်အစိုးရဖြစ်ကြောင်း အကြောင်းကြားစာနှင့် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ကြေညာချက်အမှတ် ၆/၀၂/၂၁ တို့ပါ အကြောင်းအရာများသည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေသဖြင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင် ပါဝင်ပြီး တာဝန်ရှိသည့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းမြင့်နှင့် ဒေါက်တာမျိုးအောင်တို့အား ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ) ဖြင့် ဇမ္ဗူသီရိမြို့နယ် တရားရုံး၌ တရားစွဲဆိုခဲ့သည်။

ဦးဝင်းမြင့်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေါက်တာမျိုးအောင်တို့အပေါ်၌ စွဲဆိုထားသည့် အမှုများကို ယနေ့တွင် နေပြည်တော်ကောင်စီရုံးဝင်းအတွင်းရှိ သီးသန့်တရားရုံး၌ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ၎င်းတို့အား တရားရုံးသို့ ပို့ဆောင်ခဲ့ပြီး တရားစီရင်ရေးလုပ်ငန်းများမစတင်မီ ၎င်းတို့၏ ရှေ့နေများနှင့် လွတ်လပ်စွာ တွေ့ဆုံခွင့်ပြုခဲ့ကြောင်းနှင့် တရားစီရင်ရေးလုပ်ငန်း အဆင့်ဆင့်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

**သတင်းစဉ်**

---

❒ *ကျောဖုံးမှ*

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများတွင်လည်း ယနေ့ နံနက်ပိုင်းမှစတင်၍ ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်လျက်ရှိရာ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများအား ဆရာ ဆရာမများက ကျောင်းအတွင်းမဝင်ရောက်မီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ Mask များဖြန့်ဝေပေးခြင်းတို့ကို ဦးစွာဆောင်ရွက်ပေးပြီး ကျောင်းအတွင်းထားရှိပေးထားသော လက်ဆေးဘေစင်များတွင် စနစ်တကျ လက်ဆေးနိုင်စေရန်နှင့် ကျောင်းသားစာရင်းပေးသွင်းရာတွင်လည်း တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ တန်းစီ၍ ကျောင်းအပ်နှံနိုင်စေရေး ဆောင်ရွက်ပေးသည်။

နေပြည်တော်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ခိုင်က "နေပြည်တော်မှာရှိတဲ့ အခြေခံပညာကျောင်းတွေ၊ ဘုန်းတော်ကြီးသင်ကျောင်းတွေ၊ ပုဂ္ဂလိကကျောင်းတွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ Version 4.0 အချက် ၃၅ ချက်နဲ့သွားပြီး ကျောင်းတွေကို စစ်ဆေးပါတယ်။ အဲဒီ ၃၅ ချက်ထဲက အဓိကအချက်တွေဖြစ်တဲ့ ကျောင်းအဝင်ဝတွေမှာ ခြောက်ပေခြားစီစဉ်ထားရှိမှု၊ စာသင်ခန်းတွေထဲမှာ လေးပေခြား ထိုင်ခုံတွေကို စီစဉ်ထားရှိပြီး Hand Gel, Mask, Face Shield တွေ ပြင်ဆင်ထားရှိမှု၊ ပိုးသတ်ဆေးဖျန်းနိုင်ဖို့အတွက် ပိုးသတ်ဆေးအလုံအလောက်ရှိမှု၊ လေဝင် လေထွက်ကောင်းမကောင်းနဲ့ ကျန်းမာရေးစောင့်ရှောက်ခန်းတွေကို သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေနဲ့ လုပ်ထားခြင်း ရှိ၊ မရှိ စတဲ့အချက်တွေကို သွားရောက်ကြည့်ရှုစစ်ဆေးပါတယ်။ လိုအပ်ချက်ရှိရင်လည်း အမြန်ဆုံးပြန်လည်ဖြည့်ဆည်းပြီး ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

"ကျောင်းသား ကျောင်းသူများအတွက် ကျောင်း ကြို၊ ပို့ယာဉ်တွေကိုလည်း စီစဉ်ပေးထားပါတယ်။ အခြေခံပညာကျောင်းတွေမှာ အေးချမ်းစွာပညာသင်ကြားခွင့်ရရှိရေးအတွက် လိုအပ်တဲ့နေရာတွေမှာ လုံခြုံရေးတွေအပြည့်အဝ ဆောင်ရွက်ပေးထားပါတယ်။ ဒါကြောင့် မိဘများအနေနဲ့ သားသမီးတွေလုံခြုံရေးကို စိတ်ပူစရာမလိုဘဲ ယုံယုံကြည်ကြည်အပ်နှံကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်" ဟု ပြောသည်။

ကျောင်းအပ်နှံရာတွင် မည်သည့်အခကြေးငွေမျှ မယူသည့်အပြင် ကျောင်းသား ကျောင်းသူများအတွက် မူလတန်းအဆင့်တွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံလေးချောင်းစီ၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံ နှစ်ချောင်းနှင့် ဘောပင် နှစ်ချောင်းစီ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများတစ်ဦးလျှင် ပြန်လည်အသုံးပြုနိုင်သည့် Mask နှစ်ခုစီ၊ Face Shield တစ်ခုစီတို့ကို ပံ့ပိုးပေးသည်။

ကျောင်းလာရောက် အပ်နှံသည့် ကျောင်းသားမိဘဖြစ်သူ ဒေါ်ခင်သိန်းမြင့်က "ကျွန်မက အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းမှာ အိမ်ကကလေးတွေအတွက် ကျောင်းလာအပ်တာပါ၊ ဒီကျောင်းမှာ ကျောင်းအကျိုးတော်ဆောင်အနေနဲ့လည်း တာဝန်ယူထားပါတယ်။ အခု ကျောင်းလာရောက်အပ်နှံရာမှာ ငွေကြေးကုန်ကျမှုမရှိပါဘူး။ လိုအပ်တဲ့ စာရွက်၊ စာတမ်း၊ ခဲတံ၊ Mask၊ Face Shield တွေကို နိုင်ငံတော်က ထောက်ပံ့ပေးပါတယ်။ ဒီနေ့ကျောင်းလာရောက်အပ်နှံတဲ့သူတွေ အကုန်လုံးစိတ်ပျော်ရွှင် ကြည်နူးနေကြတာကို တွေ့မြင်ရပါတယ်။ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး ကြိုတင်ပြင်ဆင်ထားတာတွေကိုလည်း အားရကျေနပ်မှုရှိပါတယ်။ ကျောင်းအပ်နှံရာမှာ နိုင်ငံတော်ရဲ့စေတနာကို တန်ဖိုးထားပြီး ကျောင်းလာရောက်အပ်နှံကြပါလို့ ကျွန်မအနေနဲ့ ကျောင်းသားမိဘတွေကို ပန်ကြားလိုပါတယ်။

"ကလေးတွေအနေနဲ့လည်း ပညာသင်ကြားချင်နေကြပြီ။ သူတို့ရဲ့ သူငယ်ချင်းတွေနဲ့ ကျောင်းမှာ ပြန်ဆုံတွေ့ခွင့်ရကြတော့မယ်ဆိုတော့ ပျော်နေကြတယ်။ အခုလို နည်းပညာခေတ်မှာ ပညာတတ်ဖြစ်မှ အလုပ်ကောင်း၊ အကိုင်ကောင်း ရကြမယ်။ ပညာမတတ်ရင် အမှား၊ အမှန်၊ အကောင်း၊ အဆိုး တွေးခေါ်နိုင်စွမ်းမရှိနိုင်ဘူး။ ကျွန်မတို့လို မိဘတွေအနေနဲ့ကတော့ သားသမီးတွေရဲ့ ပညာရေးဆုံးခန်းတိုင်ဖို့အတွက် ထောက်ပံ့ပေးရမယ့် တာဝန်အပြည့်ရှိတယ်လို့ ခံယူထားပါတယ်" ဟု ပြောသည်။

ထို့ပြင် တာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများနှင့် ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာမြို့နယ်အလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့မြင်ရသည်။

ကျောင်းများပြန်လည်ဖွင့်လှစ်ရာတွင်လည်း စာသင်ခန်းများတွင် ကိုဗစ် – ၁၉ စည်းကမ်းများနှင့်အညီ စာသင်ခုံများ နေရာချထားခြင်း၊ စာသင်ချိန်များအား စနစ်တကျ စီမံထားခြင်း၊ ကျောင်းကြို/ပို့ယာဉ်များ စီစဉ်ထားခြင်း၊ ကျောင်းများအတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအစီအမံများ စီစဉ်ထားခြင်းနှင့် ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေး ပြင်ဆင်ခြင်းတို့ကိုလည်း ဆောင်ရွက်ထားကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ အခြေခံပညာကျောင်း ၇၅၇ ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းပေါင်း ၂၈ ကျောင်း၊ ကိုယ်ပိုင်ကျောင်း ၇၄ ကျောင်း စုစုပေါင်း ၈၅၉ ကျောင်းရှိကြောင်း သိရှိရသည်။

**နိုင်အောင်**

**ဓာတ်ပုံ – အေးနော်**

---

❖ *ကျောဖုံးမှ*

ဗီလာရီးရဲအသင်းနှင့် မန်ယူအသင်းတို့ နောက်ဆုံးထိပ်တိုက် တွေ့ဆုံထားသည်မှာ ၂၀၀၈ ခုနှစ်ကဖြစ်ပြီး ဂိုးမရှိ သရေကျထားသည်။ ထို့အပြင် အဆိုပါ နှစ်သင်းတွေ့ဆုံခဲ့သည့် နောက်ဆုံးလေးကြိမ်တွင်လည်း လေးကြိမ်စလုံး ဂိုးမရှိ သရေကျထားသည်ကို ထူးထူးခြားခြား တွေ့ရသည်။

ဗီလာရီးရဲအသင်းသည် လာလီဂါပိတ်သိမ်းချိန်တွင် ၅၈ မှတ်ဖြင့် အဆင့် ၇ နေရာတွင်သာ အဆုံးသတ်နိုင်ခဲ့သောကြောင့် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်၊ ယူရိုပါလိဂ်ဝင်ခွင့်နှင့် လွဲချော်ထားသည့်အသင်း ဖြစ်သည်။ ထို့ကြောင့် ဗီလာရီးရဲအသင်းသည် ယခုဗိုလ်လုပွဲတွင် မန်ယူအသင်းကို အနိုင်ရရှိခဲ့မည်ဆိုပါက သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ယူရိုပါလိဂ်ဖလားကို ဆွတ်ခူးနိုင်မည့်အပြင် ချန်ပီယံလိဂ်ဝင်ခွင့်လည်း ရရှိဖွယ်ရှိနေသည်။ မန်ယူအသင်းက ဖလားလက်မဲ့မဖြစ်စေရေးအတွက် ဗီလာရီးရဲအသင်းကို အနိုင်ကစားပြီး အသင်းသမိုင်းတစ်လျှောက် နှစ်ကြိမ်မြောက် ယူရိုပါလိဂ်ဖလားကို ကိုင်မြှောက်ခွင့် ရှိနေသည်။

ထို့ကြောင့် ယခုနှစ်ရာသီ ယူရိုပါလိဂ်ဖလားကို ပထမဆုံးအကြိမ်အဖြစ် ဗီလာရီးရဲအသင်းက ဆွတ်ခူးသွားမလား သို့မဟုတ် မန်ယူအသင်းက ဒုတိယအကြိမ်မြောက် ဆွတ်ခူးသွားမလားဆိုသည်ကို မေ ၂၇ ရက် နံနက် ၁ နာရီခွဲတွင် အဆုံးအဖြတ်ပေးသွားတော့မည်ဖြစ်သည်။

**အောင်ဇော်**

## ပုဏ္ဏားကျွန်းမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေး

ပုဏ္ဏားကျွန်း မေ ၂၄

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ပုဏ္ဏားကျွန်းမြို့နယ် မြက်သောက်ကျေးရွာ၌ မြစိမ်းရောင် လည်ပတ်ရန်ပုံငွေကျပ် ၃၇ သန်းကို အသင်းသား အသင်းသူ ၁၁၇ ဦးထံသို့ မေ ၂၃ ရက်က ကိုဗစ်-၁၉ လမ်းညွှန်ချက်နှင့်အညီ ဆဋ္ဌမအကြိမ် ထုတ်ချေးပေးကြောင်း မြို့နယ် ကျေးလက်ဦးစီးမှူး ဦးကျော်သန့်စင် (လက်ထောက်ညွှန်ကြားရေးမှူး နည်းပညာ)ထံမှ သိရသည်။

အဆိုပါကျေးရွာ၌ လည်ပတ်ရန်ပုံငွေ ထုတ်ချေးရာတွင် မြို့နယ်ကျေးလက်ဦးစီးဌာနက ကျေးရွာတာဝန်ခံ ဦးထွန်းထွန်းအောင်နှင့် ဦးကျော်မိုးဝင်း (အကြီးတန်းစာရေး)တို့က ကျေးရွာမြစိမ်းရောင်ကော်မတီတို့နှင့်အတူ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

အောင်လှဖြူ

## လူငယ်များနှင့် စိတ်ကြွမူးယစ်ဆေးများအန္တရာယ်

- ယာဘာ၊ ရာမ၊ မြင်းဆေး၊ အိုက်စ် (ice)စတဲ့ စိတ်ကြွမူးယစ်ဆေးပြားများသည် မက်သမ်ဖတမင်း (methamphetamine) နှင့် ကဖင်း (caffeine) တို့ ပေါင်းစပ်ထားပြီး စပျစ်သီး/ လိမ္မော်သီး/ ချောကလက်နံ့တို့ကဲ့သို့ **လူငယ်များကိုဆွဲဆောင်နိုင်မည့်** ရနံ့တစ်မျိုးမျိုး ထည့်သွင်းထားပါတယ်။
- ဒီဆေးတွေက ဗဟိုအာရုံကြောစနစ်အတွင်းရှိ Dopamine ကဲ့သို့သော အာရုံကြောဆက်သွယ်ဓါတုပစ္စည်း (neurotransmitter) များအား **သဘာဝကိုဆန့်ကျင်၍** များပြားစေကာ စိတ်ခံစားတက်ကြွမှုဖြစ်စေနိုင်ပါတယ်။ သို့သော်လည်း ဒီလိုစိတ်ခံစားတက်ကြွနေစေရန် ဆေးချိန်ကိုတိုးသည်ထက်တိုး၍ သုံးစွဲလာရပြီး **ရေရှည်မှာဦးနှောက်နှင့်ဗဟိုအာရုံကြောစနစ်ကို လုံးဝပျက်စီးစေပါတယ်။**
- ဒီဆေးတွေကြောင့် ကိုယ်အပူချိန်တိုးခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ အော့အန်ခြင်းနှင့် ရုတ်တရက်သေဆုံးခြင်းတို့ ဖြစ်ပွားနိုင်တယ်။ ဆေးကိုပုံမှန်မသုံးစွဲရပါက အိပ်မပျော်ခြင်း၊ စိုးရိမ်စိတ်လွန်ခြင်း၊ သံသယစိတ်များခြင်းမှ မိမိကိုယ်ကိုသတ်သေသည်အထိ စိတ်ခံစားကျခြင်းတို့ ဖြစ်ပွားနိုင်ပါတယ်။
- ရေရှည်သုံးစွဲခြင်းကြောင့် သွားများပျက်စီးခြင်း၊ နှာခေါင်းအတွင်းသားများ ပျက်စီးခြင်း၊ နှလုံး/ အသည်း/ ကျောက်ကပ်/ အဆုတ်ရောဂါများ ဖြစ်ပွားခြင်း၊ သွေးတိုးခြင်း၊ လေဖြတ်ခြင်း၊ ကိုယ်ခံအားကျဆင်း၍ ရောဂါပိုးအမျိုးမျိုး အလွယ်တကူဝင်ရောက်ခြင်း၊ မှတ်ဉာဏ်ဆုံးရှုံးခြင်းနှင့် ရူးသွပ်ခြင်းတို့ ဖြစ်ပွား၍ **သက်တမ်းစေ့မနေရဘဲ စောစီးစွာသေဆုံးစေပါတယ်။**
- ဒါ့အပြင် **ပညာရေး/ လူမှုရေး/ စီးပွားရေးနိမ့်ကျခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်း၊** တရားဥပဒေအရ ပြစ်မှုမြောက်ခြင်းကြောင့် **အကျဉ်းထောင်ကျ၍ပြစ်ဒါဏ်ခံရခြင်း**တို့ကို ဖြစ်ပွားစေပါတယ်။

လူငယ်သဘာဝ အသစ်အဆန်းကိုမြင်လျှင် စမ်းသပ်စူးစမ်းလိုစိတ်အား ရောင်းချသူများမှ အခွင့်ကောင်းယူကာ နည်းလမ်းပေါင်းစုံသုံး၍ ဖြားယောင်းတတ်သည်ကို အထူးဂရုပြု၍ စိတ်ကြွမူးယစ်ဆေးဝါးများအား လုံးဝရှောင်ကြဉ်ပါ။



စိတ်ကြွမူးယစ်ဆေးများ






အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၅- ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၅၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၆၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၅၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၆၃၅၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၅ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၂၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၆၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀.၅၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၂၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၃၅ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၁၂၁ | ၇၃၇၉၁၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀ | ၁၀၁ | ၃၅၃၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၁၄ | ၂၆၆၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၉ | ၂၅၂၀၀၀ |
| EFR | ၃၀၀၀ | ၃၀၀၀ | ၂ | ၆၀၀၀ |

ညီညီ - စုစည်းသည်

# COVID– 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၈ ဦး တွေ့ရှိ

## (၂၄-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၃-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၈၇၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂၈) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၁၁,၆၂၆) ခု အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၂၆၂) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၂၁၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၄-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၃၃၂) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၁) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၅) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၁) ခု | - |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၁၅) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂၈၇) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၄၄) ခု | (၁၄) ဦး |
| စုစုပေါင်း | (၈၇၉) ခု | (၂၈) ဦး |

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ၂၄-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၈၉၆၇၅၂ | ၂၇၅၀၂၂၅၅ | ၆၀၄၀၈၉ |
| ၂။ | အိန္ဒိယ | ၂၆၇၅၂၄၄၇ | ၂၃၇၂၈၀၁၁ | ၃၀၃၇၅၁ |
| ၃။ | ဘရာဇီး | ၁၆၀၈၃၅၇၃ | ၁၄၄၉၂၁၆၇ | ၄၄၉၁၈၅ |
| ၄။ | ပြင်သစ် | ၅၆၀၃၆၆၆ | ၅၁၉၉၂၄၀ | ၁၀၈၅၉၆ |
| ၅။ | တူရကီ | ၅၁၈၆၄၈၇ | ၅၀၂၄၃၁၃ | ၄၆၂၆၈ |
| ၆။ | ရုရှား | ၅၀၀၉၉၁၁ | ၄၆၂၄၂၁၂ | ၁၁၈၈၀၁ |
| ၇။ | ဗြိတိန် | ၄၄၆၂၅၃၈ | ၄၃၀၁၄၅၁ | ၁၂၇၇၂၁ |
| ၈။ | အီတလီ | ၄၁၉၂၁၈၃ | ၃၇၈၅၈၆၆ | ၁၂၅၂၂၅ |
| ၉။ | ဂျာမနီ | ၃၆၅၄၂၀၁ | ၃၄၀၈၈၀၀ | ၈၇၉၇၃ |
| ၁၀။ | စပိန် | ၃၆၃၆၄၅၃ | ၃၃၅၆၂၇၂ | ၇၉၆၂၀ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၄ - ၅ - ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၇၈၁၁၂၇ | ၁၆၃၈၂၇၉ | ၄၉၄၅၅ |
| ဖိလစ်ပိုင် | ၁၁၈၄၇၀၆ | ၁၁၁၅၈၀၆ | ၁၉၉၈၃ |
| မလေးရှား | ၅၁၈၆၀၀ | ၄၅၆၂၇၃ | ၂၃၀၉ |
| မြန်မာ | ၁၄၃၂၆၂ | ၁၃၂၂၁၈ | ၃၂၁၆ |
| ထိုင်း | ၁၃၂၂၁၃ | ၈၆၁၀၀ | ၈၀၆ |
| စင်ကာပူ | ၆၁၈၆၀ | ၆၁၂၉၄ | ၃၂ |
| ကမ္ဘောဒီးယား | ၂၅၇၆၁ | ၁၈၃၅၉ | ၁၇၉ |
| ဗီယက်နမ် | ၅၄၀၄ | ၂၇၉၄ | ၄၄ |
| လာအို | ၁၈၀၁ | ၁၀၇၄ | ၂ |
| ဘရူနိုင်း | ၂၃၆ | ၂၂၅ | ၃ |

## တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းတစ်သောင်းကျော် ကုသပေးနိုင်ခဲ့

နေပြည်တော် မေ ၂၄

တပ်မတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြု လုပ်ငန်းများအနက် ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် နယ်လှည့်ဆေးကုသရေးအဖွဲ့များ စုစည်း၍ ဒေသခံပြည်သူများလူထုကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများ ခွဲစိတ်ကုသပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင်ပြည်သူလူထု၏အရေးပေါ်ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၁၈၁၉၇ ဦးနှင့် အတွင်းလူနာပေါင်း ၆၆၁၉၃ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၀၁၈၃ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၅၂၀၁ ဦး၊ စုစုပေါင်း ၁၅၃၈၄ ဦး တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၅၂၃၃ ဦးကို ခွဲစိတ်၍ လည်းကောင်း၊ ၇၆၈၆ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၂၉၁၉ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရန်အတွက် အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော ဒေသခံတိုင်းရင်းသားပြည်သူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ ကျော်ထွန်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံ၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်ပြီး တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော ဒေသခံတိုင်းရင်းသားပြည်သူများအတွက် လိုအပ်သည့်ဆေးဝါးများ ဝယ်ယူအသုံးပြုနိုင်ရန် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီမှ လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၃၀ ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နေရပ်စွန့်ခွာစခန်းနေသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**မြစ်ကြီးနား မေ ၂၄**
ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်သည် ပြည်နယ်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ ဂျာမိုင်ကောင်းရပ်ကွက်အတွင်းရှိ ဂျာမိုင်ကောင်း (KBC) နေရပ်စွန့်ခွာစခန်း၌ နေသူများအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးသော နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် ဆန်အိတ်များ ထောက်ပံ့ပေးအပ်ကြသည်။



ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ပြည်သူများအားလုံးသိအောင် အသိပေးထုတ်ပြန်ခဲ့ပြီး လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ မရရှိသေးသည့် တိုင်းရင်းသားများကို နိုင်ငံသားစိစစ်ရေးကတ်ပြား အမြန်ဆုံးရရှိရေး အထူးစီမံချက်အဖြစ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ပန်းခင်းစီမံချက် ရေးဆွဲပြီး တစ်နိုင်ငံလုံးတွင်ရှိသည့် တိုင်းရင်းသားအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးကို ဆောင်ရွက်ပေးကြောင်း၊ ယင်းနိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲသည် ပြည်နယ်အတွင်း ပထမဆုံးပေးအပ်ခြင်းဖြစ်ပြီး နိုင်ငံသားမှတ်ပုံတင်များရရှိရေးအတွက် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးခြင်းကို ပြည်သူလူထုအနေဖြင့် တက်တက်ကြွကြွဖြင့် ပူးပေါင်းပါဝင်ပေးကြရန် လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကချင်ပြည်နယ် ဦးစီးမှူး ဦးဝင်းရဲထွန်းက နိုင်ငံသားများကို ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရေး ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကချင်ပြည်နယ်အတွင်း ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးသည့် နေရပ်စွန့်ခွာစခန်းမှ ပြည်သူ ၅၄ ဦး တို့အတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပြီး ဂျာမိုင်ကောင်း (KBC)စခန်း နေရပ်စွန့်ခွာသူများအတွက် ဆန်အိတ် ၃၀၊ ငွေကျပ် ငါးသိန်းနှင့် ဂျာမိုင်ကောင်း (RC) နေရပ်စွန့်ခွာစခန်းအတွက် ငွေကျပ် ငါးသိန်းကို ထောက်ပံ့ပေးအပ်သည်။

**ပြည်နယ်(ပြန်/ဆက်)**

## ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တန့်ယန်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**တန့်ယန်း မေ ၂၄**
ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းနှင့် အဖွဲ့ဝင်များသည် ပြည်နယ်/ ခရိုင် အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်အတူ တန့်ယန်းမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲအခမ်းအနားကို မေ ၂၃ ရက်က မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်းက ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်နေမှုများ၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြို့နယ်စည်ပင်သာယာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့မိမြို့ဖ ဦးစိုင်းမြင့်ဆွေက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ပြည်နယ်/ ခရိုင် အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ **မင်းလွင်ဦး(ပြန်/ဆက်)**




## ချင်းရွှေဟော် အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ် စတင်လက်ခံ

**ချင်းရွှေဟော် မေ ၂၄**
ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းဖွင့်လှစ်နိုင်ရေးအတွက် မေ ၂၄ ရက် နံနက် ၉ နာရီမှစ၍ ကျောင်းအပ်လက်ခံလျက်ရှိသည်။

ကျောင်းအပ်လက်ခံရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကျောင်းလာအပ်သည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်သန့်စင်စေခြင်း၊ နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပေးနေသလို လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက်လည်း ချင်းရွှေဟော် နယ်မြေခံတပ်မှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက တာဝန်ယူ၍ ကျောင်းလုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းဖွင့်လှစ်နိုင်ရေးအတွက် တစ်နိုင်ငံလုံး၌ မေ ၂၄ ရက်မှ ၃၁ ရက် အထိ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ သတ်မှတ်လက်ခံသွားမည်ဖြစ်ကာ ဇွန် ၁ ရက်မှစ၍ ကျောင်းဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ချင်းရွှေဟော်အထက၌ လာရောက်ကျောင်းအပ်နေသော ကျောင်းသားမိဘများ

## ကြာအင်းဆိပ်ကြီးမြို့နယ်၌ သစ်သီးဝလံအခြေခံ စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းဖွင့်

**ကြာအင်းဆိပ်ကြီး မေ ၂၄**
ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့နယ်အတွင်းမှ ကျေးလက်ဒေသနေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်နှင့် နေ့စဉ်ဝင်ငွေ ရရှိစေရေးအတွက် စိုက်ပျိုးရေး မွေးမြူရေးနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်လာနိုင်အောင် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သစ်သီးဝလံအခြေခံ စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းကို မေ ၂၄ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်သည့် သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်မှုသင်တန်း ဖွင့်ပွဲတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ယမင်းသင်းက သင်တန်းသားများအနေဖြင့် မိမိတို့ကျေးရွာများမှထွက်ရှိသည့် သစ်သီးဝလံများဖြင့် မိမိတို့၏နေအိမ်မှာပင် နေထိုင်ပြီး အခြေခံစားသောက်ကုန်များ ထုတ်လုပ်ကာ နေ့စဉ် အပိုဝင်ငွေများ ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ သင်ကြားပို့ချမှုများကို ကျွမ်းကျင်တတ်မြောက်သည်အထိ သင်ယူကြရန် ပြောကြားသည်။

သင်တန်းသို့ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသား ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မေ ၂၄ ရက်မှ ၃၀ ရက်အထိဖြစ်ကြောင်း သိရသည်။ **မျိုးမင်းဦး**

# ဒီမိုကရေစီနှင့် ဖီလာဆန့်ကျင်သည့် အကြမ်းဖက်လုပ်ရပ်များ - သတိထား

—— ငြိမ်းချမ်းမောင် ——

**ယနေ့အချိန်ကာလတွင် ဒီမိုကရေစီဟုဆိုသည့် ဆန္ဒထုတ်ဖော်တောင်းဆိုလှုပ်ရှားမှုများ ကြိုးကြား ကြိုးကြားနှင့် လျော့ပါးလာပြီဖြစ်သည်။ ဒီမိုကရေစီရေး ဆန္ဒပြမှုများအစား ဒီမိုကရေစီအမည်ခံ၍ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာကြသည်။**

ယနေ့ကာလတွင် မြို့ရွာများ၌ Protester အဖြစ်မှ Terrorist အဖြစ်သို့ ပြောင်းလဲသွားကြသည်။ "ဒီမိုကရေစီရရှိရေး" မှ "အာဏာရှင်စနစ်ကျဆုံးရေး"၊ "အာဏာရှင်စနစ်ကျဆုံးရေး" မှ "နိုင်ငံအလုံးစုံ ပျက်သုဉ်းရေး"ကို ဦးတည်လာကြသည်။



### အကြမ်းဖက်အုပ်စုများ

အလုံးစုံပျက်သုဉ်းရေးမှာ ဒီမိုကရေစီဝါဒ မဟုတ်ပေ။ ဒီမိုကရေစီစနစ်ကို တန်ဖိုးထားသော၊ အကောင်အထည်ဖော်နေသော နိုင်ငံရေးပါတီကြီးသည် မိမိအာဏာရရေးအတွက် မိမိတန်ဖိုးထားသည့် ဒီမိုကရေစီကိုပင် ဖျက်ဆီးဖို့ ကြိုးစားနေသည်။ အစိုးရဟူသော အခွင့်အာဏာဖြင့် ရွေးကောက်ပွဲစံနှုန်းများနှင့် မလျော်ညီသည့် အမှုများကို လုပ်ဆောင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်၍ အာဏာယူရန် ကြိုးပမ်းခဲ့သည်။

တပ်မတော်သည် ပါတီစုံဒီမိုကရေစီလမ်းကြောင်း သွေဖည်မသွားစေရေးအတွက် ထိန်းသိမ်းကာကွယ်ခဲ့သည်။ နိုင်ငံ့တာဝန်ကို မလွှဲမရှောင်သာဘဲ လွှဲပြောင်းယူပြီး စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်နေသည်။ အာဏာလက်လွှတ်လိုက်ရသည်ကို မခံမရပ်နိုင်ဖြစ်၍ အလုံးစုံပျက်သုဉ်းရေး လမ်းကြောင်းပေါ်သို့ ရောက်လာကြသည်။

တိုင်းပြည်အလုံးစုံ ပျက်သုဉ်းရေးကို ဖန်တီးကြသူများမှာ ယနေ့မတရားအသင်းအဖြစ် ကြေညာထားသော အဖွဲ့အစည်းများဖြစ်သည်။ NLD မှ လွှတ်တော်ကိုယ်စားလှယ်အချို့နှင့် နိုင်ငံရေးအစွန်းရောက်များ ပါဝင်ဖွဲ့စည်းသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH) နှင့် ၎င်းက ထပ်မံဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government–NUG)၊ ၎င်းမှ ထပ်မံဖွဲ့စည်းသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF) ၊ ၎င်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများအားလုံး ဖြစ်သည်။ ၎င်းတို့သည် တိုင်းပြည်ကို ဖျက်ဆီးသည့် မတရားအသင်းများ ဖြစ်သလို အကြမ်းဖက်အုပ်စုများလည်း ဖြစ်သည်။

### အစဉ်တစိုက်လှုံ့ဆော်

အကြမ်းဖက်မှု တိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (င)နှင့် ပုဒ်မ ၇၂ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် အထက်ပါအဖွဲ့များအား အကြမ်းဖက်အုပ်စုများအဖြစ် မေလ ၈ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ ယင်းက ဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့သည် Civil Disobedience Movement–CDM တွင် ပါဝင်သူများကို အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် အစဉ်တစိုက် လှုံ့ဆော်အားပေးခဲ့သည့်အဖွဲ့များ ဖြစ်သည်။

ယင်းတို့၏ လှုံ့ဆော်မှုကြောင့် နိုင်ငံအတွင်းရှိ နေရာများစွာတွင် အကြမ်းဖက်မှုအမျိုးမျိုး ဖြစ်ပေါ်လာခဲ့ရသည်။ CRPH နှင့် NUG တို့မှ ဦးဆောင်သူများ၏ လှုံ့ဆော်အားပေးမှုကြောင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန် CDM ပြုလုပ်ကြခြင်း၊ ခြိမ်းခြောက်ခြင်း၊ မီးရှို့ခြင်း၊ ဗုံးခွဲခြင်း၊ တိုက်ခိုက်ခြင်း၊ လူသတ်ခြင်းများပါ ပြုလုပ်လာကြသည်။ ထို့အပြင် NUG အဖွဲ့သည် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF) ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ CRPH နှင့် NUG တို့၏ လှုံ့ဆော်စည်းရုံးမှုကြောင့် ဒေသန္တရ ကာကွယ်ရေးတပ်ဖွဲ့ဟု အမည်တပ်ကာ မြို့ရွာအချို့တွင် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ဆောင်မှုများ ပေါ်ပေါက်လာသည်။

❖ **အကြမ်းဖက်အုပ်စုတစ်ခုခုက အသုံးပြုရန် ရည်ရွယ်၍ ဖြစ်စေ၊ အသုံးပြုမည်ဟု သိလျက်နှင့်ဖြစ်စေ ငွေကြေး ကောက်ခံခြင်း၊ လက်ခံခြင်း၊ ထောက်ပံ့ခြင်း၊ ပေးပို့ခြင်း၊ လွှဲပြောင်းခြင်းတို့ကို ပြုလုပ်ပါက အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၁ (က)အရ အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့ခြင်းဆိုင်ရာ ဥပဒေမြောက်သဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀ (ည)အရ အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်မှ အများဆုံးထောင်ဒဏ် တစ်သက်အထိ ချမှတ်ခံရနိုင်သည်ကို သတိပြုရမည် ဖြစ်သည်**

### အကြမ်းဖက်လုပ်ရပ်များ

အဆိုပါ မတရားအသင်းအဖြစ် သတ်မှတ်ထားသော အဖွဲ့များ၏ သွေးထိုးလှုံ့ဆော်ခြင်းခံထားရသည့် နိုင်ငံအတွင်း၌ ကဏ္ဍပေါင်းစုံမှ နိုင်ငံရေးမှိုင်းမိနေသူများသည် နိုင်ငံ့ဝန်ထမ်းများနှင့် ပြင်ပဝန်ထမ်းများကိုပါ CDM ပြုလုပ်ရန် စည်းရုံးလှုံ့ဆော်ခြင်း၊ CDM မပြုလုပ်သူများကို ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ကျောင်းမတက်ရန် လှုံ့ဆော်ခြင်း၊ ကျောင်းတက်သူများကို ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်း၊ အကြမ်းဖက် လုပ်ရပ်များတွင် ပါဝင်လုပ်ဆောင်ရန် ကြံစည်အားထုတ်ခြင်းတို့ကို ပြုလုပ်လာကြသည်။

အကြမ်းဖက်မှုနှင့် ပတ်သက်၍ ၂၀၁၄ ခုနှစ် ဇွန်လ ၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ ဥပဒေအမှတ် ၂၃ ဖြင့် အတည်ပြုပြဋ္ဌာန်းထားသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁၃)အရ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုကို ဖြစ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုခုကို အတင်းအကျပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ ပြုလုပ်မှုများသည် အကြမ်းဖက်မှုများတွင် အကျုံးဝင်လျက်ရှိသည်။ ထို့ကြောင့် ၎င်းအဖွဲ့များနှင့် လက်အောက်ခံ အဖွဲ့အစည်းအားလုံးကို အကြမ်းဖက် အုပ်စုအဖြစ် သတ်မှတ်ကြေညာခဲ့ခြင်း ဖြစ်သည်။

### ပြစ်ဒဏ်ကျခံရနိုင်

**ထို့အပြင် အကြမ်းဖက်သမား တစ်ဦးဦးနှင့် အကြောင်းဆက်စပ်သော ပြည်သူများအနေဖြင့် အထူးသတိပြုရမည့် ဥပဒေများကိုလည်း သိရှိထားသင့်သည်။ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်အား ဖမ်းဆီး၍ အရေးယူခြင်း မပြုနိုင်စေရန်ဖြစ်စေ၊ လွတ်မြောက်စေရန်အတွက်ဖြစ်စေ ထိမ်ချန်ခြင်း သို့မဟုတ် သိလျက်နှင့် ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် ပုန်းအောင်းခွင့်ပေးခြင်း၊ ယာယီတည်းခိုနေထိုင်ခွင့်ပေးခြင်း သို့မဟုတ် ဝှက်ထားခြင်းတို့ကို ပြုလုပ်ပါက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က) အရ အနည်းဆုံး ထောင်ဒဏ်သုံးနှစ်မှ အများဆုံး ထောင်ဒဏ် ခုနစ်နှစ်အထိ ပြစ်ဒဏ်ကျခံရနိုင်ပေသည်။**

ထိုမျှသာမက အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်အား အဆောက်အအုံနှင့် နေရာတစ်ခုခုကို အသုံးပြုခွင့်၊ စုဝေးခွင့်၊ အစည်းအဝေးပြုလုပ်ခွင့် ပေးရန်၊ အကြမ်းဖက်မှုဆိုင်ရာ လေ့ကျင့်သင်တန်းပေးရန် သို့မဟုတ် သယ်ယူပို့ဆောင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ပြုလုပ်မှုများဆောင်ရွက်ပါက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂ (က)နှင့် ငြိစွန်းပါသည်။

ထို့အပြင် **အကြမ်းဖက်အုပ်စုတစ်ခုခုက အသုံးပြုရန် ရည်ရွယ်၍ဖြစ်စေ၊ အသုံးပြုမည်ဟု သိလျက်နှင့်ဖြစ်စေ ငွေကြေးကောက်ခံခြင်း၊ လက်ခံခြင်း၊ ထောက်ပံ့ခြင်း၊ ပေးပို့ခြင်း၊ လွှဲပြောင်းခြင်းတို့ကို ပြုလုပ်ပါက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၄၁ (က)အရ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ ဥပဒေမြောက်သဖြင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀ (ည)အရ အနည်းဆုံးထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ချမှတ်ခံရနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။**

### ကြံရာပါအဖြစ်ပါဝင်

ထို့အပြင် ငွေကြေး၊ ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို အကြမ်းဖက်အုပ်စုတစ်ခုခုက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် အသုံးပြုခြင်း သို့မဟုတ် အသုံးပြုရန် ရည်ရွယ်၍ သော်လည်းကောင်း၊ အသုံးပြုမည်ဟု သိရန်အကြောင်းရှိလျက်နှင့်သော်လည်းကောင်း ဥပဒေနှင့်မညီဘဲ လက်ဝယ်ထားရှိပါက အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၁ (ခ)အရ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုမြောက်သဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀ (ည) အရ အနည်းဆုံး ထောင်ဒဏ် ၁၀ နှစ်မှ အများဆုံး ထောင်ဒဏ်တစ်သက်အထိ ပြစ်ဒဏ်ချမှတ်ခြင်း ခံရနိုင်သည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၁ ပါ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုတစ်ခုခုကျူးလွန်ရန် အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ လှုံ့ဆော်မှု ပြုလုပ်ခြင်း၊ စည်းရုံးခြင်း၊ ပေးကမ်းထောက်ပံ့ခြင်း၊ အခြားသူများကို ညွှန်ကြားခြင်း၊ ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်ခြင်း ပြုပါကလည်း အလားတူပြစ်ဒဏ်များ ကျခံရနိုင်သည်ကို သိရှိထားရမည်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများ ဖြစ်ပေါ်နေသည်။ အကြမ်းဖက်မှုများဖြစ်ပေါ်စေရန်အတွက် တွန်းအားပေးလှုံ့ဆော်ကြသူများသည် လွတ်ရာလွတ်ကြောင်း လွတ်မြောက်ရာနယ်မြေမှ လုပ်ဆောင်နေခြင်းဖြစ်ပြီး ၎င်းတို့၏ စည်းရုံးမှု၊ လှုံ့ဆော်မှုကို နားယောင်ကြသော ပြည်တွင်းမှ အစွန်းရောက်များ၊ ဒုစရိုက်သမားများက အကြမ်းဖက်မှုများကို ပြုလုပ်ကြသည်။ မကောင်းမှုဒုစရိုက်ဟူသည် ပြေးလွတ်ရိုးထုံးစံ မရှိသဖြင့် ဖမ်းဆီးအရေးယူခြင်း ခံကြရမည်သာဖြစ်သည်။

*စာမျက်နှာ ၂၄ သို့*

# ပညာပန်းများပွင့်စေဖို့ ဝိုင်းဝန်းကူညီကြပါစို့

ရှေ့နေ ဦးဝင်းကြည်(စဉ့်ကိုင်)

> ◆ ကျောင်းမတက်နဲ့ ကျောင်းထွက်ဆိုသူများသည် ပညာအရည်အချင်း အဘယ်မျှ ရှိပါသနည်း။ အနာဂတ်ကလေးငယ်များ ပညာတတ်မည်ကို စိုးရိမ်နေခြင်းမှာ အဘယ်ကြောင့်ပါနည်း။ မြန်မာနိုင်ငံရှိ ပညာသင်ကျောင်းများကို မည်သည့်အချိန်အခါကမျှ မီးရှို့ဖျက်ဆီးနှောင့်ယှက်ခြင်း မရှိခဲ့ဘဲ ယနေ့ခေတ်ကာလတွင်မှ မည်သည့်အတွက် နှောင့်ယှက်ဖျက်ဆီးနေရပါသနည်း စသည့် မေးခွန်းများ ထုတ်ရပေမည်

**"ပန်းကလေးများ ပွင့်တော့မည်**
**ဖူးတံဝင့်လို့ချီ၊**
**နေခြည်မှာ ရွှေရည်လောင်း**
**ငါတို့ စာသင်ကျောင်း"**

အခြေခံပညာမူလတန်း ကျောင်းသားကျောင်းသူလေးများ၏ ချစ်မြတ်နိုးဖွယ် အသံသာသာဖြင့် စာအံသံများ မကြားခဲ့ရသည်မှာ ၂၀၂၀-၂၀၂၁ စာသင်နှစ် တစ်နှစ်လုံးဖြစ်သည်။

## ကိုဗစ်-၁၉ ကြောင့် ပိတ်ခဲ့ရသောကျောင်းများ

မြန်မာနိုင်ငံတွင် ၂၀၂၀ မတ်လအတွင်းမှစ၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုရှိခဲ့ပြီး ကမ္ဘာ့ကပ်ရောဂါဆိုးဟု ခေါ်ဆိုအပ်သော ထိုရောဂါကြောင့် စာသင်ကျောင်းများ ပိတ်ထားခဲ့ရသည်။ ကိုဗစ်-၁၉ ကြောင့် Quarantine ဝင်ရသူများ၊ Stay at home နေရသူများ၊ Lock down သတ်မှတ်ရသော နယ်မြေများသည်လည်း တစ်နေ့တခြား များပြားခဲ့သည်။ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကျောင်းများ သာမက ဈေးများ၊ ခရီးသွားလာရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများလည်း ပိတ်ထား၊ ရပ်ဆိုင်းထားခဲ့ရသည်။ လုပ်ငန်း လည်ပတ်မှုမရှိတော့ပေ။ ကိုဗစ်-၁၉ ကြောင့် လူငါးဦး သို့မဟုတ် ငါးဦးထက်ပို၍ စုဝေးနေထိုင်ခွင့်မရှိပေ။ ထို့ကြောင့် တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများ ပိတ်ထားရကာ ကလေးများသည် စာပေ သင်ကြားရန် အခွင့်အရေး ဆုံးရှုံးခဲ့ရသည်။ ကျောင်းသား ကျောင်းသူ များ ပညာသင် တစ်နှစ် ရပ်ဆိုင်းသွားသဖြင့် များစွာ နစ်နာရပေသည်။ ကျောင်းသား မိဘများနှင့်တကွ နိုင်ငံတော်၏ လူ့အရင်းအမြစ်များ လည်း ဆုံးရှုံး နစ်နာခဲ့ရသည်။

**"ပညာသမာ အာဘာနတ္ထိ"။ ပညာ-ပညာနှင့်၊ သမာ - တူမျှသော၊ အာဘာ - အလင်းရောင်သည်၊ နတ္ထိ- မရှိ** ဟူ၍ ရှေးပညာရှိများ မိန့်ဆို ခဲ့သည်။ ထို့အတူ "အလိမ္မာ စာမှာရှိ၊ ပညာရွှေအိုး လူမခိုး၊ ပညာ ရဲရင့် ပွဲလယ်တင့်"ဟု ဆိုရိုးစကားများလည်း ရှိခဲ့သည်။ "အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက" ဟု ဆောင်ပုဒ်ရှိသည်။

လောကီပညာ(လောကဓာတ်) သင်ကြားပေးသော ကျောင်းများ သည် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အနုပညာရှင်များနှင့် မြောက်မြားစွာသော နိုင်ငံ့ဝန်ထမ်း သားကောင်းရတနာများ မွေးထုတ် ပေးသည်။ ၂၀၂၀-၂၀၂၁ စာသင်နှစ်တွင်မူ နိုင်ငံ့သားကောင်းရတနာများ မွေးထုတ်ပေးနိုင်ခဲ့ခြင်း မရှိချေ။

၂၀၂၀-၂၀၂၁ စာသင်နှစ်တွင် ကိုဗစ်-၁၉ ကြောင့် ကျောင်းပိတ်ထား သော်လည်း ဆရာ ဆရာမများမှာ အငြိမ်မနေရ။ နားနားနေနေ မနေ ကြရပေ။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့သည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲရုံများ၌ တာဝန်ထမ်း ဆောင်ကြရသည်။ ရွေးကောက်ပွဲဆိုင်ရာ သင်တန်းများ တက်ရောက် ရခြင်း၊ မဲစာရင်းများ ပြုစုရခြင်း၊ စစ်ဆေးရခြင်း စသည်ဖြင့် ရွေးကောက်ပွဲဆိုင်ရာ ဗာဟီရလုပ်ငန်းများနှင့် အလုပ်ရှုပ်ခဲ့ကြသည်။ ကျောင်းသား ကျောင်းသူများအား စာသင်နှစ် တစ်နှစ် ရပ်ဆိုင်းထား သော်လည်း ဆရာ ဆရာမများကား အနားမနေရ။ အလုပ်ရှုပ်လျက်ပင် ရှိခဲ့သည်။

## ၂၀၂၀ အထွေထွေရွေးကောက်ပွဲ

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပသည်။ ရွေးကောက်ပွဲ မဲရလဒ်များသည် ဆန္ဒမဲ ပေးခွင့်ရှိသူ ဦးရေထက် များပြားနေသည်။ ထုတ်ယူသည့် ဆန္ဒမဲ လက်မှတ်များထက် ဆန္ဒမဲပေးခြင်းက ပိုနေကြောင်း၊ အချို့သော မြို့နယ်မဲရုံများတွင် ထုတ်ယူသည့် ဆန္ဒမဲလက်မှတ်ထက် လျော့နည်း နေသော်လည်း အတည်ပြုသည့် ဆန္ဒမဲလက်မှတ်က ပိုမိုများပြားနေ ကြောင်း၊ ၂၀၂၀ ပြည့်နှစ် တတိယအကြိမ်မြောက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတမှု မရှိ ကြောင်း၊ ပွင့်လင်းမြင်သာမှု မရှိကြောင်း၊ အချို့သော မဲရုံများတွင် တာဝန်ကျသည့် ဆရာ ဆရာမများက မဲမသမာမှုများဖြစ်အောင် ပြုလုပ်ကြကြောင်း ဝေဖန် သုံးသပ်မှုများရှိသည်။ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် ဆရာ ဆရာမများသည် မိမိတို့ထောက်ခံလိုသည့် ပါတီ အား မဲပေးရန် စည်းရုံးပြောဆိုခြင်း၊ ဆန္ဒမဲလက်မှတ်များတွင် ကိုယ်တိုင်တံဆိပ်ရိုက် မဲပေးခြင်းများ ရှိသည်ဟု ဝေဖန်ပြောဆိုသံများ ကြားရသည်။

## ဆန့်ကျင်ဆန္ဒပြမှု အဆင့်ဆင့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့တာဝန်များကို လွှဲပြောင်းလက်ခံကာ နိုင်ငံတော်၏ ယိုယွင်းနေသောစီးပွားရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို စီမံဆောင်ရွက်နေစဉ် နေရာဒေသ အသီးသီးတို့တွင် မိမိတို့၏ သဘောထားများကို ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခြင်း (Peaceful Protests) များ ရှိလာခဲ့သည်။ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခြင်းကို ဒီမိုကရေစီယဉ်ကျေးမှုအရ လက်ခံရပေမည်။ သို့သော် ဆန္ဒပြသူများသည် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခြင်း (Peaceful Protests) အဆင့်မှ လူစုလူဝေးဖြင့် ဆူပူဆန္ဒပြမှု(Riots)အဆင့်သို့ ပြောင်းလဲကာ ဆူပူဆန္ဒပြကြသည်။ ဆူပူဆန္ဒပြမှုသည် ငြိမ်းချမ်းစွာ နေထိုင်လိုသော ပြည်သူလူထုအတွက် စိတ်မချမ်းမြေ့ ဖွယ်ရာဖြစ်ပေါ်လာသည်။

လူစုလူဝေးဖြင့်ဆန္ဒပြမှု(Riots)အဆင့်မှ NLD ပါတီဝင် တက်ကြွ လှုပ်ရှားသူများ၊ အစွန်းရောက် ထောက်ခံသူများ၊ CRPH နှင့် NUG ထောက်ခံသူများ၏ ဦးဆောင်လှုပ်ရှားမှု၊ နောက်ကွယ်မှ ကြိုးကိုင် လှုပ်ရှားမှုများကြောင့် အချို့ဒေသများတွင် မင်းမဲ့စရိုက်ပုံစံ လူစုလူဝေး ဖြင့် ဆူပူအကြမ်းဖက်ဆန္ဒပြမှု (Anarchy Mob) အသွင် ဖြစ်လာသည်။ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အုပ်ချုပ်ရေးယန္တရား ရပ်ဆိုင်းရေးအတွက် (Civil Disobedience Movement(CDM)) လှုပ်ရှားမှုနှင့်အတူ လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်လုပ်ဗုံး၊ လက်လုပ် သေနတ်၊ လောက်လေးခွ၊ ဂျင်ကလိစသည့် လူကို အန္တရာယ်ဖြစ်စေ နိုင်သော လက်နက်များဖြင့် တိုက်ခိုက်ကြသည်။ ရဲစခန်းများကိုလည်း လူစုလူဝေးဖြင့် အကြမ်းဖက်စီးနင်းတိုက်ခိုက်ကြသည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များကို လူစုလူဝေးဖြင့် ဖမ်းဆီးသတ်ဖြတ်မှုများ ပြုလုပ်ကြ သည်။ အစိုးရရုံးဌာနများ၊ ရဲတပ်ဖွဲ့စခန်းများ၊ စက်ရုံများ၊ အလုပ်ရုံများ၊ စာသင်ကျောင်းများ၊ ဈေးများ၊ အပြစ်မဲ့ပြည်သူလူထု၏ စိုက်ပျိုး သီးနှံများ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများရှိ လယ်ယာလုပ်ငန်းသုံး ကိရိယာများကို မီးရှို့ဖျက်ဆီးကြသည်။ ထိုသို့ လူစုလူဝေးဖြင့် ဆူပူအကြမ်းဖက်ဆန္ဒပြမှု (Anarchy Mob)အဆင့်မှ လက်နက်ကိုင် ပုန်ကန်အကြမ်းဖက်သည့်အသွင် (Insurrection) သို့ ရောက်ရှိခဲ့သည်။ ထိုသို့ ဆူပူအကြမ်းဖက်ဆန္ဒပြခြင်း၊ လက်နက်ကိုင် ပုန်ကန်အကြမ်း ဖက်ခြင်းများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိခိုက်မှုနည်းနိုင် သမျှ နည်းပါးစေရန် သတိကြီးစွာဖြင့် နှိမ်နင်းဆောင်ရွက်ရ သည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အုပ်ချုပ်ရေးယန္တရား ရပ်ဆိုင်းစေရေးအတွက် CDM လှုပ်ရှားမှုတွင် အချို့သော ဆရာဝန် များ၊ တက္ကသိုလ်အသီးသီးမှ ဆရာ ဆရာမများ၊ အခြေခံပညာကျောင်း များမှ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်လှုပ်ရှားကြ သည်။ CDM တွင် ပါဝင်ခြင်းမရှိသောသူများအား ခြိမ်းခြောက်ခြင်း၊ လူမှုရေးအပြစ်ဒဏ်ခတ်ခြင်း(Social Punishment)များ ပြုလုပ် လျက်ရှိသည်။ CDM လုပ်နေသော ဆရာ ဆရာမများ၊ ဝန်ထမ်းများ အား သတ်မှတ်ကာလအတွင်း သက်ဆိုင်ရာလုပ်ငန်းခွင်များသို့ ပြန်လည် ဝင်ရောက်ရန် နိုင်ငံတော်အစိုးရက သတိပေးတိုက်တွန်းသော်လည်း အဖျက်လုပ်ငန်းလုပ်ကိုင်လိုသူ၊ အာဏာငန်းဖမ်းနေသူများက လုပ်ငန်း ခွင် မဝင်ရောက်နိုင်ရန် အမျိုးမျိုး နှောင့်ယှက်ဟန့်တားနေသည်။

## ကျောင်းများပြန်ဖွင့်မည်

၂၂-၄-၂၀၂၂ ရက်က ကျင်းပခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး(၅/၂၀၂၂)တွင် ပညာ ရေးနှင့်ပတ်သက်၍ တက္ကသိုလ်အဆင့်များကို မေလဆန်းတွင် ဖွင့်လှစ် နိုင်ရန်နှင့် အခြေခံပညာကျောင်းများကို ဇွန်လဆန်းတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့်သတင်း ဖတ်ရှုရသည်။ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်မည့်သတင်း ကြားသိရ သဖြင့် ဝမ်းမြောက်ကြည်နူးမိသည်။ ကျောင်းများပြန်ဖွင့်လျှင် ပညာ သင်ကြားနေသည့် ကလေးငယ်များ၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်မည့် အရေးကိုတွေးကာ ဝမ်းသာပီတိဖြစ်ရသည်။

တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများ၌ နယ်မြေခံတပ်မတော် သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း ကာ ကျောင်းတွင်း ကျောင်းပြင် သန့်ရှင်းရေးဆောင်ရွက်နေသည့် သတင်းများ ကြားသိရသည်။ မေ ၅ ရက်နေ့က တက္ကသိုလ်များဖွင့်သည်။ တက္ကသိုလ်အသီးသီးတွင် တက်ရောက်၍ ပညာသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများအတွက် ဝမ်းမြောက်ဂုဏ်ယူမိသည်။ အချို့သော တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ မိဘများကမူ စစ်ကျွန်ပညာရေး အလိုမရှိဟု ကြွေးကြော်ကာ "ကျောင်းမတက်နဲ့ ကျောင်းထွက်"ဟု ဆိုကြသည်။ ထို့အတူ ဆရာ ဆရာမများ၊ ပညာရေး ဝန်ထမ်းများကလည်း CDM လှုပ်ရှားမှုတွင် ဆက်လက်ပါဝင်လှုပ်ရှား နေသည်။ အချို့သော အရပ်ဒေသများတွင် မြို့နယ်ပညာရေးမှူးရုံးများ၊ စာသင်ကျောင်းများကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် မီးရှို့ဖျက်ဆီးခြင်း၊ လက်လုပ်ဗုံးများဖြင့် ပစ်ပေါက်ခြင်း စသည့် အဖျက် လုပ်ငန်းများ လုပ်ဆောင်နေကြသည်။ အနာဂတ် မျိုးဆက်သစ်လူငယ် များအား ပညာမဲ့ထ လူ့ဗာလကလေးများဖြစ်မည်ကို စိုးရိမ်ပူပန်နေသူ များလည်း ရှိနေကြလေသည်။

မကြာမီကာလတွင် အခြေခံပညာ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံကြတော့မည်။ "စစ်ကျွန်ပညာရေး အလိုမရှိ၊ ကျောင်း မတက်နဲ့ ကျောင်းထွက်"ဆိုကာ ကျောင်းမအပ်နှံရေးအတွက် စည်းရုံး လှုံ့ဆော်နေကြသည်။ အနာဂတ်လူငယ်များအား မည်သည့်အတွက် ပညာမတတ်စေလိုပါသနည်း။ မြန်မာနိုင်ငံ၏ ပညာရေးသည် ၁၉၄၈ မှ ၁၉၅၈ ခုနှစ်(ပါလီမန်ဒီမိုကရေစီအစိုးရလက်ထက်)အတွင်းသာ စစ်တပ်နှင့် ကင်းကွာသည်။ ၁၉၅၈ နောက်ပိုင်း နိုင်ငံတော် အုပ်ချုပ် စီမံခန့်ခွဲရေးတွင် တပ်မတော် ပါဝင်ခဲ့သည်။ နိုင်ငံတော်၏ လုံခြုံရေး၊ တိုင်းတစ်ပါး လူမျိုးခြားတို့၏ ကျူးကျော်စစ်ကို တပ်မတော်ကသာလျှင် တိုက်ထုတ်ခဲ့ရသည်။ သို့ဖြစ်လျှင် တပ်မတော်၏ အုပ်ချုပ်မှုကင်းသော ပညာရေးစနစ် ရှိခဲ့ပါသလားဟု မေးခွန်းထုတ်ရပေမည်။ "စစ်ကျွန် ပညာရေး အလိုမရှိ" ဆိုသူများသည် မည်သည့်နိုင်ငံမှ ဘွဲ့၊ ဒီဂရီ ရခဲ့ ပါသနည်း။ မြန်မာနိုင်ငံ မည်သည့်တက္ကသိုလ်မှ ဘွဲ့၊ ဒီဂရီ ရခဲ့ပါ သနည်း။ မြန်မာနိုင်ငံမှ ဘွဲ့ဒီဂရီ ရရှိပါသည်ဟုဆိုက ထိုသူများပြော သကဲ့သို့ စစ်ကျွန်ပညာရေး ကင်းပါသလားဟု မေးရပေမည်။

ကျောင်းမတက်နဲ့ ကျောင်းထွက်ဆိုသူများသည် ပညာအရည် အချင်း အဘယ်မျှ ရှိပါသနည်း။ အနာဂတ်ကလေးငယ်များ ပညာ တတ်မည်ကို စိုးရိမ်နေခြင်းမှာ အဘယ်ကြောင့်ပါနည်း။ မြန်မာနိုင်ငံရှိ ပညာသင်ကျောင်းများကို မည်သည့်အချိန်အခါကမျှ မီးရှို့ ဖျက်ဆီး နှောင့်ယှက်ခြင်းမရှိခဲ့ဘဲ ယနေ့ခေတ်ကာလတွင်မှ မည်သည့်အတွက် နှောင့်ယှက်ဖျက်ဆီးနေရပါသနည်း စသည့် မေးခွန်းများ ထုတ်ရပေ မည်။ ပညာမတတ်သောသူသည် အမှားအမှန်၊ အဆိုးအကောင်း၊ အကျိုးအကြောင်းကို ဝေဖန်ပိုင်းခြား သိမြင်နိုင်စွမ်းမရှိပေ။ သူတစ်ပါး တို့၏ ပြောစကားတွင် လမ်းဆုံးနေသူများဖြစ်သည်။

## ပညာပန်းများ ပွင့်လန်းစေဖို့

အနန္တဂိုဏ်းဝင် ဆရာ ဆရာမများထဲမှ အချို့သည် အဘယ့်ကြောင့် တပည့်သားငယ်များ စာသင်ကြားရာ စာသင်ခန်းကို စွန့်ခွာလိုကြပါ သနည်း။ ပညာတတ် ခေါင်းပါးသည့်နိုင်ငံ ဖြစ်စေလို၍လား၊ နိုင်ငံတော် အလုံးစုံပျက်စီးရေး (Failed State) ကို ဦးတည်ဆောင်ရွက်နေခြင်းလား ဟုလည်း မေးလိုပါသည်။

မည်သို့ဆိုစေ အနာဂတ်လူငယ်များ ဘဝလှပရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ် တိုးတက်ရေးအတွက် ပညာသင် ကလေးငယ် များအား ကျောင်းအပ်နှံပေးရန် လိုအပ်သည်။ ကျောင်းသား ကျောင်း သူ၊ ကျောင်းဆရာ ဆရာမများနှင့် ကျောင်းတွင်း ကျောင်းပြင် ပတ်ဝန်း ကျင်ကို လာရောက်နှောင့်ယှက်သူများကိုလည်း ပြည်သူလူထုအားဖြင့် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးရမည်မှာ သမိုင်းပေးတာဝန်ဖြစ် သည်။ အနာဂတ်လူငယ်များ၏ ပညာပန်းများပွင့်လန်းစေဖို့ ပြည်သူ လူထုက ဝိုင်းဝန်းကူညီ စောင့်ရှောက်ကြပါစို့ဟု နှိုးဆော်တိုက်တွန်း အပ်ပါသည်။ ။

# ဆီဆိုင်မြို့နယ်ရှိ ရွှေတဂူသစ်သားတံတား ပြန်လည်ပြုပြင်ပေးရန် ကွင်းဆင်းစစ်ဆေး

**ဆီဆိုင် မေ ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုးဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဆီဆိုင်မြို့နယ် တဘက်ကျေးရွာအုပ်စုအတွင်းရှိ နောင်စကာကျေးရွာနှင့် ရွှေတဂူဘုရားအကြား ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းပေါ်ရှိ နမ့်တဘက်ချောင်းမကြီးအား ဖြတ်ကျော်တည်ဆောက်ထားသည့် ရွှေတဂူသစ်သားတံတားကြီးသည် နှစ်ပေါင်း ၅၀ ကျော်ခန့် သက်တမ်းရှိပြီဖြစ်၍ ပြန်လည်ပြုပြင်ပေးနိုင်ရန်အတွက် မေ ၂၀ ရက်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးရဲလွင်ဦး၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါတံတားသည်ကျေးရွာပြည်သူများ၏ ကိုယ့်အားကိုယ်ကိုးဖြင့် အရှည်ပေ ၁၄၀ ခန့်၊ အကျယ် ၁၄ ပေ၊ အမြင့်ပေ ၂၀ ရှိ သစ်သားတံတား အမျိုးအစားဖြစ်ပြီး နောင်စကာ၊ ဝမ်ဟော့၊ နောင်ပါရင်၊ ဟိုခဲ (ကယန်း)၊ လွယ်စဲ့နှင့် ကောင်ထိုကျေးရွာတို့မှ အိမ်ခြေ ၃၈၅ အိမ်မှ ပြည်သူများ နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိသည့် တံတားကြီးဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အဓိကအားထားရသော တံတားတစ်စင်းဖြစ်သည်။

အဆိုပါ တံတားပြုပြင်ပေးပါက ဝမ်ဟော့သဘာဝရေပူစမ်းနှင့် သမိုင်းဝင်ဘုရားဖြစ်သည့် ရွှေတဂူဘုရားသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားပြည်သူများ ပိုမိုများပြားလာမည်ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**



## မိုးဦးကျကာလတွင် ဖြစ်ပွားတတ်သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ပတ်သက်ပြီး ဘာတွေ သိထားသလဲ?

- ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် ကာလဝမ်းရောဂါပိုး ***(Vibrio cholerae)*** ပါဝင်နေသော မသန့်ရှင်းသောအစားအစာနှင့် သောက်သုံးရေတို့အား စားသောက်မိရာမှတစ်ဆင့် ကူးစက်တတ်သော ရောဂါဖြစ်ပါသည်။
- ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန် ဆောင်းအကူးတွင် အဖြစ်များလေ့ရှိပါသည်။
- ကာလဝမ်းရောဂါပိုးပါဝင်သည့် ဝမ်း/ အညစ်အကြေးများသည် ယင်နားခြင်း/ မသန့်ရှင်းသောလက်စသည်တို့မှတစ်ဆင့် အစားအစာ/ သောက်သုံးရေများအတွင်းသို့ရောက်ရှိခြင်း (သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း (ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊ အညစ်အကြေး မြေဩဇာအသုံးပြုခြင်း) တို့မှတစ်ဆင့် စားသောက်မိသူများအား ကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။
- ရောဂါပိုးသည် ကူးစက်ခံရသူ၏ အူအတွင်းတွင် enterotoxin ဟုခေါ်သော အဆိပ်ဓာတ်အား ထုတ်လွှတ်ကာ ခန္ဓာကိုယ်အတွင်းရှိ အရည်ဓာတ်နှင့် ဆားဓာတ်များကို အချိန်တိုအတွင်း လျင်မြန်စွာဆုံးရှုံးစေ၍ အသက်သေဆုံးသည်အထိ ရောဂါလက္ခဏာများ ပြင်းထန်စွာခံစားရနိုင်ပါသည်။
- **ရောဂါလက္ခဏာများမှာ** အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့နံသော ဆန်ဆေးရေကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အရေပြား၏ ကြွံ့နိုင်ဆန့်နိုင်အား လျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/ လျှာနှင့်နှုတ်ခမ်းများ ခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပါသည်။
- **ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများမှာ** - အစာမစားမီနှင့် အစားအစာမပြင်ဆင်မီအချိန်တိုင်း၊ အညစ်အကြေးနှင့် အမှိုက်သရိုက်များ ကိုင်တွယ်ပြီးချိန်တိုင်း၊ နှာချေချောင်းဆိုးပြီးချိန်တိုင်းနှင့် အိမ်သာမှ ဆင်းချိန်တိုင်းတို့တွင် လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပါ။ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။ ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။ ရေကိုကျိုချက်၍ သောက်သုံးပါ။ အစားအစာများကို ကျက်အောင်ချက်ပြီးမှ စားသုံးပါ။ အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ထားပါ။ ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။

**ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ (ကာလဝမ်းရောဂါ)ဖြစ်ပွားသည်ဟု သံသယရှိလျှင် အချိန်မီကုသမှုမခံယူပါက လျင်မြန်စွာအသက်ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ သတင်းပေးပို့ပြီး ထိရောက်သောကုသမှုခံယူရမည်ဖြစ်ပါသည်။**



မျက်တွင်းချိုင့်ဝင်ခြင်း



အရေပြား၏ ကြွံ့နိုင်ဆန့်နိုင်အား လျော့နည်းလာခြင်း

# ကုလားအော်ငရုတ်သီး အထွက်နှုန်းနည်းပြီး ဈေးမကောင်းသဖြင့် စိုက်ပျိုးတောင်သူများ အရှုံးပေါ်

**ကောလင်း မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်နှင့် ဝန်းသိုမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ကောလင်းဈေးကွက်ကို အမှီပြု၍ ကုလားအော်ငရုတ်သီးကို စီးပွားဖြစ်စိုက်ပျိုးကြရာ ယခုနှစ် ကုလားအော်ငရုတ်သီးသည် အထွက်နှုန်းနည်းပြီး ဈေးမကောင်းသဖြင့် စိုက်ပျိုးတောင်သူများ အရှုံးပေါ်လျက်ရှိသည်။

"ကုလားအော်ငရုတ်သီးကို နိုဝင်ဘာလမှာ စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလထဲမှာ စတင်ကောက်ယူနိုင်ပါတယ်။ ကုလားအော်ငရုတ်သီးကို ကိုယ်တိုင်မျိုးယူကြပြီး ဧကဝက်ကိုစိုက်ပျိုးစရိတ် ငွေကျပ်တစ်သိန်းခန့်သာ ကုန်ကျပြီး ကုန်ကျစရိတ်နည်း၍ အမြတ်များများရရှိတဲ့အတွက် ယခင်နှစ်များထက် ပို၍ယခုဆိုရင် တစ်ရွာလုံး စိုက်ပျိုးကြပါတယ်။ အရင်နှစ်များတွင် ကုလားအော်ငရုတ်သီး ဧကဝက်ကို တစ်ခါကောက်ရင် ပြည် ၇၀၀ လောက်ရရှိပြီး ၁၀ ရက်ကိုတစ်ကြိမ်ကောက်ရလို့ တစ်ပြည်ကို ငွေကျပ် ၂၅၀၀ နဲ့ ဖောက်သည်တွေက အိမ်အရောက် လာဝယ်ကြပါတယ်။ အရင်နှစ်က ကုလားအော်ငရုတ်သီး ဧကဝက် စိုက်ကို အမြတ်ငွေကျပ် ၅၅ သိန်းကျော်လောက် ရရှိခဲ့ပါတယ်။ အခုနှစ်မှာတော့ ကုလားအော်ငရုတ်သီး ပိုးမွှားရောဂါ၊ မှိုရောဂါများစွာကျရောက်တဲ့အတွက် ကုန်ကျစရိတ်တွေ ဧကဝက်စိုက်ကို အရင်နှစ်တွေထက် တစ်ဆကုန်ကျစရိတ်မြင့်တက်ပြီး အထွက်နှုန်းကလည်း ငရုတ်စိုက် တောင်သူတိုင်း အထွက်နှုန်းနည်းပြီး အရှုံးဘက်များကာ ဧကဝက် စိုက်တစ်ခါကောက်ကို ပြည် ၅၀ လောက်သာရရှိပြီး တစ်ပြည်ကို ငွေကျပ် ၁၄၀၀ သာ ရောင်းချရတဲ့အတွက် အရင်းကိုမနည်းရအောင် ယူရမှာဖြစ်ပါတယ်"ဟု ဝန်းသိုမြို့နယ် ကြိုင်းခွင်ကျေးရွာမှ ကုလားအော်ငရုတ်သီးစိုက် တောင်သူတစ်ဦးက ပြောသည်။

အဆိုပါကျေးရွာများတွင် ကုလားအော်ငရုတ်သီးကို အထွက်နှုန်းနည်းပြီး ဈေးမကောင်းသဖြင့် တချို့အခင်းရှင်များက စိုက်ခင်းများ ဖျက်သိမ်းပြီး အခြားသီးနှံတစ်မျိုးကို ပြန်လည်စိုက်ပျိုးကြသည်။

ယင်းကျေးရွာများတွင် သီးနှံတစ်မျိုးကို ဧကဝက်ခန့်သာ စိုက်ပျိုးကြပြီး သီးနှံတစ်မျိုးဈေးမကောင်းပါက အခြားသီးနှံတစ်မျိုးကို အစားထိုး၍ ဧကနည်းနည်းဖြင့် သီးနှံမျိုးစုံစိုက်ပျိုးကြကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**



*စာမျက်နှာ ၂၂ မှ*

အထူးသတိပြုရန်လိုအပ်သည်မှာ စိတ်ခံစားချက်များသူများနှင့် နားယောင်လွယ်သော ပြည်သူများအနေဖြင့် အကြမ်းဖက်မှု ကျူးလွန်သူများနှင့် ပတ်သက်၍ စိတ်ပါ၍ဖြစ်စေ၊ ခံစားချက်ကြောင့်ဖြစ်စေ၊ ပေါ့ပေါ့တန်တန်ဖြစ်စေ၊ အမှုမဲ့အမှတ်မဲ့ဖြစ်စေ မပတ်သက်မိစေရန် အရေးကြီးပါသည်။ တစ်နည်းတစ်ဖုံ၊ အလွယ်တကူပတ်သက်မိပါက ဖမ်းဆီးခြင်း၊ အရေးယူခြင်း၊ ထောင်ကျခြင်းခံရနိုင်ပေသည်။

**စစ်ပြေးမြေလှန်စနစ်**

လက်သည်သည် ဒီမိုကရေစီဟု ကြွေးကြော်ခဲ့သော အစွန်းရောက်နိုင်ငံရေးသမားများဖြစ်ကြသည်ကို လက်တွေ့လုပ်ရပ်များအရ ဆိုရမည်ဖြစ်သည်။ တစ်ပါတီအာဏာလွှမ်းမိုးနေသည့် အခြေအနေမှ အာဏာလက်မဲ့ဖြစ်ရသောအခါ တပ်မတော်ကို ဒီမိုကရေစီဖျက်ဆီးသူများ၊ စစ်အာဏာရှင်များ၊ ပြည်သူလူထုအား အကြောင်းမဲ့ ရက်စက်သတ်ဖြတ်နေသူများဟု စွပ်စွဲပြီး ပြည်သူတို့အား တည်ဆဲအစိုးရကို ဆန့်ကျင်တိုက်ဖျက် ဖြုတ်ချပစ်နိုင်ရန် ဝါဒမှိုင်း တိုက်ပေးလေသည်။

❑ **ဒီမိုကရေစီသည် လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ငြိမ်းချမ်းခြင်းကို ဆောင်သော်လည်း ဒီမိုကရေစီကို ခုတုံးလုပ်ကာ အကြမ်းဖက်လုပ်ရပ်များအထိ လုပ်ကိုင်လာကြသည်မှာ တိုင်းပြည်ကို ဖျက်ဆီးခြင်းသာဖြစ်သည်။ ယနေ့ ဖြစ်ပေါ်နေသော အကြမ်းဖက်လုပ်ရပ်များသည် ဒီမိုကရေစီစနစ်ကို ဖျက်ဆီးနေကြခြင်းဖြစ်သည်။ မိမိတို့အာဏာ လက်လွှတ်လိုက်ရသဖြင့် စစ်ပြေးမြေလှန်စနစ်၊ ကြွက်မနိုင် ကျီမီးနှင့်ရှို့သည့်စနစ်၊ မစားရသည့် အမဲ သဲနှင့်ပက်သည့်စနစ်၊ ကြောက်ကျွဲခတ်သည့် စနစ်ကို အကောင် အထည်ဖော်၍ အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းပေါ်သို့ တွန်းပို့ နေခြင်းသာ ဖြစ်သည်ဟု သုံးသပ်မိပါသည်**

အစွန်းရောက်နိုင်ငံရေးသမားများ၊ ပြည်တွင်း/ ပြည်ပ တိုင်းပြည်ဖျက်ဆီးလိုသူများ၏ တပ်မတော် မုန်းတီးရေး၊ တပ်မတော်ဖြုတ်ချရေး ဝါဒမှိုင်းသည် ပြည်သူများကြားတွင် ဖုံးလွှမ်းသွားခဲ့သည်။ အမှားကို အမှားပါဟု ရှင်းပြခွင့်ပင်မရနိုင်တော့ဘဲ အမှားကို အမှန်ထင်ကာ အမှားသံသရာတွင် ဝဲလည်၍ တိုင်းပြည်အလုံးစုံပျက်သုဉ်းစေမည့် အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်သူများ ရှိနေလေသည်။

ဒီမိုကရေစီသည် လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ငြိမ်းချမ်းခြင်းကို ဆောင်သော်လည်း ဒီမိုကရေစီကို ခုတုံးလုပ်ကာ အကြမ်းဖက်လုပ်ရပ်များအထိ လုပ်ကိုင်လာကြသည်မှာ တိုင်းပြည်ကို ဖျက်ဆီးခြင်းသာဖြစ်သည်။ ယနေ့ ဖြစ်ပေါ်နေသော အကြမ်းဖက်လုပ်ရပ်များသည် ဒီမိုကရေစီစနစ်ကို ဖျက်ဆီးနေကြခြင်းဖြစ်သည်။ မိမိတို့ အာဏာလက်လွှတ်လိုက်ရသဖြင့် စစ်ပြေးမြေလှန်စနစ်၊ ကြွက်မနိုင် ကျီမီးနှင့်ရှို့သည့်စနစ်၊ မစားရသည့် အမဲသဲနှင့်ပက်သည့်စနစ်၊ ကြောက်ကျွဲခတ်သည့် စနစ်ကို အကောင်အထည်ဖော်၍ အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းပေါ်သို့ တွန်းပို့နေခြင်းသာ ဖြစ်သည်ဟု သုံးသပ်မိပါသည်။

ဒီမိုကရေစီစနစ်နှင့် ဖီလာဆန့်ကျင်သည့် အန္တရာယ်များသော အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင် ပတ်သက်မိခြင်းမရှိစေရန် အသိပေးရေးသားတင်ပြလိုက်ရပါသည်။ ။

# မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးနှင့်ပတ်သက်၍ ဥပဒေစည်းမျဉ်းများ ရှင်းလင်း

**မြောက်ဦး မေ ၂၄**

ရခိုင်ပြည်နယ် မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းခြင်းနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းများမှ ဥပဒေစည်းမျဉ်းများ ပမာဏမူကြမ်းကို အကြံပြုချက်များရယူရန် သက်ဆိုင်ရာ ခရိုင်အဆင့် ဌာနဆိုင်ရာများအား ရှင်းလင်းတင်ပြသည့် အစည်းအဝေးကို မေ ၂၂ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်နိုင်က အမှာစကားပြောကြားပြီးနောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (မြောက်ဦးဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးစိုးစိုးလင်းက မြောက်ဦးဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးနှင့် ပတ်သက်၍ မြောက်ဦးမြို့ဟောင်းပတ်ဝန်းကျင်တွင် တွေ့ရှိရသည့် ယဉ်ကျေးမှုဂုဏ်ဒြပ် လက္ခဏာသက်သေများဖြစ်သည့် သွယ်တန်းနေသော တောင်ကုန်းမြို့ရိုးစနစ်များ၊ သင်္ဘောဆိပ်နှင့် သင်္ဘောကျင်းများ၊ ရေအသုံးချမှုလက္ခဏာများဖြစ်သည့် ဆည်၊ ရေတံခါး၊ ကျုံးများ၊ မြို့တံခါး၊ ခံတပ်၊ နန်းတော်ရာ တံတိုင်း၊ စပါးကျီ၊ မြောက်ဦးခေတ် ကျောက်စာများ၊ ဂူဘုရားများနှင့် ဗုဒ္ဓဆင်းတုတော်များ၊ ပိဋကတ်တိုက်များစသည့် အကြောင်းအရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။



မြောက်ဦး ယဉ်ကျေးမှုဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး အကြံပြုဆွေးနွေးနေစဉ်

ထို့နောက် မြောက်ဦးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယဉ်စမ်းနွယ်က မြောက်ဦးဒေသ၌ အဆောက်အအုံဆောက်လုပ်ရာတွင် လိုက်နာရမည့် အဆောက်အအုံဥပဒေစည်းမျဉ်း(မူကြမ်း) ရေးဆွဲထားမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကာ တက်ရောက်လာကြသော ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မြောက်ဦးရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်း လုပ်ဆောင်ရမည့် ဥပဒေစည်းမျဉ်းများနှင့်ပတ်သက်၍ မိမိတို့ သက်ဆိုင်ရာဌာနများအလိုက် အကြံပြုဆွေးနွေးသည်။

အဆိုပါ ရှင်းလင်းပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မြောက်ဦးဌာနခွဲ)မှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**

## ကျေးရွာများ၌ ရေပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်ပေးနေ

**ရေတာရှည် မေ ၂၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် နေ့အပူချိန်မြင့်တက်နေသည့် ယခုအချိန်တွင် မြို့နယ်အတွင်း သောက်သုံးရေပြတ်လပ်သွားခြင်းမရှိစေရေးအတွက် အဓိက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရေလုံလောက်စွာရရှိရေးအတွက် စက်ရေတွင်း(တွင်းနက်) တူးဖော်ခြင်းလုပ်ငန်းများကို ဆွာမင်းလမ်း ကျေးရွာအုပ်စုမှ ကညင်အိုင်၊ ဆွာမင်းလမ်း၊ ရေနီးကျေးရွာ၊ ပိတောက်ခင်အုပ်စုမှ ချောင်းခွကျေးရွာ၊ ဘုရားကုန်းအုပ်စုမှ ကံလှနှင့် ရသေ့ဆိပ်ကျေးရွာ၊ ဒိုးတန်းအုပ်စုမှ ဒိုးတန်းရွာနှင့် ဒေါင့်အင်းကုန်းအုပ်စုမှ လယ်သာအေးရွာတို့၌ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ် ၁၄၆ ဒသမ ၁၉၅ သန်းဖြင့် ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည်။

တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၆ သန်းဖြင့် ကျောက်ပုံ၊ ရွာသာယာကျေးရွာတို့တွင် စက်ရေတွင်း နှစ်တွင်း၊ မွှမ်းမံရန်ပုံငွေကျပ် ၁၉ ဒသမ ၆ ကျပ်သန်းဖြင့် ကွမ်းအုံအုပ်စု လေးအိမ်စုကျေးရွာ၌ စက်ရေတွင်း တစ်တွင်း၊ UNICEF ရန်ပုံငွေကျပ် ၂၈ ဒသမ ၁ သန်းဖြင့် ကြံသနွယ်အုပ်စု စိုင်တမော့ကြီးကျေးရွာ၌ အိမ်သွယ်ရေတိုင်နှင့် ရေမီတာများ တပ်ဆင်ခြင်းကိုလည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ထို့အပြင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၆၅ သန်းဖြင့် ကျေးရွာငါးရွာတွင် လေးလက်မ စက်ရေတွင်းများကို ဆက်လက်တူးဖော်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ကိုလွင်(ဆွာ)**

## အမ်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများ ကွင်းဆင်းပြုလုပ်ပေး

**အမ်း မေ ၂၄**

ရခိုင်ပြည်နယ် အမ်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနသည် ပန်ခင်းစီမံချက်ဖြင့် မြို့နယ်အတွင်းမှ ပြည်သူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်းပြုလုပ်ပေးလျက်ရှိရာ မေ ၂၂ ရက်တွင် အောက်ရွာကျေးရွာအုပ်စုနေ ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများ ထုတ်ပေးရန် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အောက်ရွာကျေးရွာအုပ်စုအတွင်းမှ အောက်ရွာ၊ ကျားမောင်းနှင့် လင်းခုံကျေးရွာများရှိ တိုင်းရင်းသားပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရန် စိစစ်ဆောင်ရွက်ပေးခဲ့ရာ အသက် ၁၆ နှစ်မှ ၁၈ နှစ်ကြား အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီး ၁၅ ဦး၊ အသက် ၁၈ နှစ် အထက် အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီး ၁၅ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ခဲ့ပြီး အိမ်ထောင်စုလူဦးရေစာရင်းများ ပြုလုပ်ပေးရာတွင်လည်း စာရင်းခွဲထွက်မိတ္တူ ၂၁ စောင်၊ မွေးတိုး/သေဆုံးပယ်ဖျက် ၂၅ ဦးနှင့် အချက်အလက် စိစစ်ဖြည့်သွင်းခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**စိုးမင်းထွန်း(ပြန်/ဆက်)**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ချမ်းမြသာစည်မြို့နယ်၌ အများပြည်သူသွားလာနေသော လမ်းမကြီးပေါ် လက်လုပ်ဗုံးဖောက်ခွဲသူများနှင့် ပူးပေါင်းပါဝင်သူများ ဆက်စပ်ဖော်ထုတ်ရမိ

**နေပြည်တော် မေ ၂၄**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ အများပြည်သူသွားလာနေသော လမ်းမကြီးပေါ်၌ လက်လုပ်မိုင်းဖောက်ခွဲသူများကို ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်ဖော်ထုတ်ချက်အရ ပူးပေါင်းပါဝင်သူများကို ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေလ ၂၃ ရက် မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်ခန့်တွင် (၅၉) လမ်းအတိုင်း တောင်မှမြောက်သို့ အမျိုးသားနှစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးသည် ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက် (၅၉)လမ်းနှင့် မနော်ဟရီလမ်းထောင့်ရှိ "RD Mobile" ဖုန်းအရောင်းဆိုင်ရှေ့အရောက်၌ လက်လုပ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် ဖုန်းအရောင်းဆိုင်၏ ပရိဘောဂအချို့ ပျက်စီးခဲ့ကာ 7N- xxxx Light Truck ယာဉ်အနည်းငယ် ပျက်စီးခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားသူများကို ဖမ်းဆီးရမိနိုင်ရေးအတွက် လိုက်လံစုံစမ်းခဲ့ရာ အဆိုပါရပ်ကွက်အတွင်းရှိ (၅၉)လမ်းနှင့် (၁၀၈) လမ်းထောင့်အရောက်၌




(ဝဲမှယာ) ယွန်းဝတီ၊ နွေးနွေး၊ အေးမြစန္ဒာထွန်း၊ အောင်ခြိမ့်၊ အာကာ၊ မြတ်သူ၊ အောင်ကျော်တိုး၊ ချစ်သဲနန်း၊ မင်းသန့်ကိုကို၊ ဝေယံ(ခ)ရှမ်းလေး၊ ပြည့်ဖြိုးမောင်

ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေသူများဖြစ်သည့် ပြည့်ဖြိုး(၂၁ နှစ် )(ဘ) ဦးကျော်ခိုင်နှင့် ဝေယံ(ခ)ရှမ်းလေး (၁၇ နှစ်) (ဘ)ဦးအုန်းကျော်တို့နှစ်ဦးကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ဖမ်းဆီးရမိသူနှစ်ဦး၏ ထွက်ဆိုချက်အရ ၎င်းတို့ကို ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက်နေ ငပြည့်(ခ) မျိုးလှိုင်ဝင်းဆိုသူက ဗုံးတစ်လုံးဖောက်ခွဲနိုင်လျှင် ငွေကျပ် ၅၀၀၀၀ ပေး၍ ဖောက်ခွဲခိုင်းခြင်းဖြစ်သဖြင့် "RD Mobile" ဖုန်းအရောင်းဆိုင်အရှေ့တွင် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ငပြည့်(ခ) မျိုးလှိုင်ဝင်း၏ နေအိမ်ကို သွားရောက်ရှာဖွေခဲ့ရာ ၎င်းအား နေအိမ်၌ မတွေ့ရှိရဘဲ နေအိမ်အတွင်းမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ည ၉ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်ရှိ တန်ဖိုးနည်းအိမ်ရာသို့ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါအိမ်ရာရှိ အခန်းတစ်ခန်းအတွင်းမှ အာကာ(၂၅ နှစ်)(ဘ) ဦးမြင့်ခိုင်ပါ အမျိုးသားခြောက်ဦးနှင့် အမျိုးသမီးသုံးဦးတို့ကို လက်လုပ်မိုင်း ၁၆ လုံး၊ ယမ်းစိမ်းတစ်ထုပ်၊ နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ လက်ကိုင်ဆိုင်းဘုတ် ၂၅ ခုနှင့် အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီး ရမိခဲ့သည်။

ထိုကဲ့သို့ အများပြည်သူ၏ အသက်အန္တရာယ်နှင့် အကျိုးစီးပွားဖျက်ဆီးရန် ရည်ရွယ်ချက်များဖြင့် ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ကိုင်သူများနှင့် ပူးပေါင်းပါဝင်ပတ်သက်ခဲ့သည့် ဖမ်းဆီးရမိသူ ပြည့်ဖြိုးပါ အမျိုးသားရှစ်ဦးနှင့် အမျိုးသမီးသုံးဦးတို့ကိုလည်းကောင်း၊ နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်သူများကိုလည်းကောင်း ဆက်လက်ဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်ရာတွင်အသုံးပြုသည့်ပစ္စည်းများနှင့် အဖျက်အမှောင့်လုပ်ရပ်များ ဆောင်ရွက်ရန် ပြုလုပ်ထားရှိသည့် ဖောက်ခွဲရေးပစ္စည်းများ လက်ဝယ်ထားရှိသူများနှင့်အတူ ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မေ ၂၄**

လုံခြုံရေး တပ်ဖွဲ့ဝင်များသည် မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် အဖျက်အမှောင့်လုပ်ရပ်များ ဆောင်ရွက်ရန် ပြုလုပ်ထားရှိသည့် ဖောက်ခွဲရေးပစ္စည်းများ လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖော်ထုတ်ဖမ်းဆီးရာတွင် မေ ၂၃ ရက် ည ၇ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဘုတလင်- မုံရွာသွားကားလမ်း မုံရွာမြို့အဝင် ဆိုင်းဘုတ်အနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မုံရွာမြို့ မြဝတီရပ်ကွက်နေ သန့်ဇင်ဦး (၄၂ နှစ်) (ဘ)ဦးကျော်သန်း မောင်းနှင်လာသော MDY 6J-8882 "အောင်ကမ္ဘာ" ယာဉ်လိုင်းခရီးသည်တင် မှန်လုံယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်ပေါ်တွင် တင်ဆောင်ထားသော အမည်နှင့် ဖုန်းနံပါတ်ရေးသားထားသည့် ကတ်ထူဂျပ်ဖာအား ဖွင့်ဖောက်စစ်ဆေးခဲ့ရာ အဆိုပါ ဂျပ်ဖာအတွင်းမှ NEOGLE- 90 တံဆိပ်ပါ အရှည်ရှစ်လက်မခန့်ရှိ ယမ်းပြင်းတောင့် ၈၀၊ ဒီတိုနေတာ ၃၉၀၊ ၂၅ ပေခန့်ရှိစနက်တံ ကြိုးတစ်ခွေတို့ကို စစ်ဆေး တွေ့ရှိခဲ့သည်။ ထို့နောက် ယာဉ်မောင်းဖြစ်သူ သန့်ဇင်ဦးအား စစ်မေးခဲ့ရာ အဆိုပါဂျပ်ဖာကို အမျိုးသမီးတစ်ဦးမှ လာရောက်ရွေးယူမည်ဟု သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်ပါစောင့်ဆိုင်းဖမ်းဆီးခဲ့ရာ ထန်းတောရပ်ကွက် အောင်မဟာလမ်းအနီးသို့ရောက်ရှိစဉ် ရန်ကင်းရပ်ကွက်နေ မစိမ်းလဲ့ရည် (၂၉ နှစ်)မှ ယာဉ်ပေါ်ပါဂျပ်ဖာကို လာရောက်ရွေးယူသည်ကို တွေ့ရှိရသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်းနှင့် ပူးပေါင်းပါဝင် ပတ်သက်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



ပျဉ်းမနားမြို့၌ သိမ်းဆည်းရမိသည့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများ။

**လက်လုပ်ဗုံးနှင့် ဆက်စပ်ပစ္စည်းများ**

အလားတူ ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် (၉)လမ်းရှိ စဥ့်အိုးဘို ဘုန်းကြီးကျောင်းအား သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ဘုန်းကြီးကျောင်း အနောက်ဘက်ရေစက်တဲနှင့် သိမ်မြေအောက်ခန်းအတွင်းမှ ပြောက်ကျားအင်္ကျီနှစ်ထည်၊ လက်လုပ်ဗုံးနှစ်လုံး၊ ကော်ဒိုင်းခြောက်ချပ်၊ ဖိုက်ဘာဦးထုပ်ငါးလုံးနှင့် အခြားဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**အရေးယူဆောင်ရွက်မည်**

အဆိုပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**

# မြိတ်၊ ပဲခူးနှင့် ချမ်းမြသာစည်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၃ ရက် ညနေ ၄ နာရီတွင် မြိတ်မြို့ ရေပုန်းရပ်ကွက်တွင် သူရလင်း(ခ)လင်းငယ် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၅ နာရီတွင် မြိတ်မြို့ ရေပုန်းရပ်ကွက် ပင်လုံအိမ်ရာအနောက်လမ်းနေ မောင်ထိုက်ထိုက်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ နေအိမ်အတွင်းမှ ဆေးခြောက် သုည ဒသမ ဝ၆ ကီလို ကိုလည်းကောင်း၊ ထို့နေ့ နံနက် ၅ နာရီခွဲတွင် ပဲခူးခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပဲခူးမြို့ဟင်္သာကုန်းရပ်ကွက် ရွှေဖရုံမယ် (၁၀)လမ်းနေ အေးထက်ဇော်(ခ)မက်မန်းသီး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မယဉ်ယဉ်သန်း(ခ)မပိုနှင့် သားဖြစ်သူ ဇင်ထက်အောင်တို့အား တွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၄၀၊ စကေဘာတစ်ချောင်းနှင့် ဓားဦးချွန်နှစ်ချောင်းတို့ကိုလည်းကောင်း။

ထို့နောက် မေ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်၊ ၄၆(A)x ၁၁၇ (E)လမ်းနေ မနန်းခမ်းလီ(ခ)စံရတီ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေး ၇၁၆၇ ပြား ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



သူရလင်း(ခ)လင်းငယ်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ပိုင်ရှင်ကိုယ်တိုင် ပေါက်ဈေးထက်လျှော့၍ အမြန်ရောင်းမည်

၁။ ရန်ကုန်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ ကနောင်မင်းသားကြီးလမ်း၊ Shop House၊ မြေညီ၊ အခန်းအကျယ် (18'x55')၊ အရှေ့တွင်(18'x36')အကျယ်မြေပိုပါ၊ Master Bedroom (1)ခန်း၊ နောက်မြေပို(18'x70')၊ ရေမီးစုံ ဆေးခန်းဖွင့်ရန်၊ ဈေးဆိုင်ဖွင့်ရန်၊ Halltype စီးပွားရေးလုပ်ရန်အချက်အချာကျနေရာကောင်း၊ အောက်ထပ်တွင်စီးပွားရေးလုပ်ပြီး အပေါ်ထပ်တွင် လူနေထိုင်နိုင်သည်။ ပြင်ဆင်ပြီး၊ မြေညီ(၂)ခန်းတွဲ ရောင်းရန်ရှိသည်။(၁)ခန်းချင်းခွဲယူလို့လည်းရပါသည်။ **(၁)ခန်းကျပ် သိန်း(600)**

၂။ ဇေကမ္ဘာ၊ စွယ်တော်စီးတီးကွန်ဒိုအနီး၊ ပိတောက်ရိပ်သာလမ်းမကြီးပေါ်၊ ခြံအကျယ် (100'x100')၊ 2RC, ထောင့်ကွက်၊ Master Bedroom (၅)ခန်း၊ ကျွန်းပါကေးခင်း၊ ရေမီးစုံ၊ အဆင့်မြင့်ပြင်ဆင်ပြီး။ **ကျပ်သိန်း (5000)**

၃။ ဇေကမ္ဘာ၊ စွယ်တော်စီးတီးကွန်ဒိုအနီး၊ ပိတောက်ရိပ်သာလမ်းမကြီးပေါ်၊ ခြံအကျယ်(100'x100')၊ 3RC, Showroom၊ ရုံးခန်းဖွင့်ရန်၊ စားသောက်ဆိုင်ဖွင့်ရန် အချက်အချာကျနေရာကောင်း၊ ရေမီးစုံ။ **ကျပ်သိန်း(4000)**

၄။ ဇေကမ္ဘာ၊ စွယ်တော်စီးတီးကွန်ဒိုအနီး၊ ပိတောက်ရိပ်သာ(၁)လမ်း၊ ခြံအကျယ်(100'x100')၊ 2RC, Master Bedroom(၅)ခန်း၊ ရေမီးစုံ၊ အဆင့်မြင့်ပြင်ဆင်ပြီး။ **ကျပ်သိန်း(3500)**

၅။ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ VIP II, ကမာကြည်လမ်းမကြီးပေါ်၊ မြစ်ကမ်းနားဘေး၊ ကမာကြည်လမ်းမကြီးဘေး၊ မျက်နှာစာ(၂)ဖက်၊ ဂရန် အမည်ပေါက်၊ ခြံအကျယ်(135'x95')၊ (60'x45')အကျယ် 2RC အဆောက်အဦ(၁)လုံး၊ ရိုးရိုးအခန်း(၆)ခန်း၊ Master Bedroom (၇)ခန်း၊ ကျွန်းပါကေးခင်း၊ Aircon(၇)လုံး၊ ပါဝါမီတာ(၁)လုံး၊ ရိုးရိုးမီတာ(၁)လုံးပါ အဆင့်မြင့်ပြင်ဆင်ပြီး။ ဘေးတွင် Master Bedroom (၄)ခန်းနှင့် ရိုးရိုးအခန်း(၂)ခန်းပါ (35'x27')အကျယ် ကား(၈)စီးဆံ့(၂)ထပ်ကားဂိုဒေါင် (၁)လုံးပါဝင်ပြီး၊ ဟိုတယ်၊ ဘဏ်၊ ကိုယ်ပိုင်အထက်တန်းကျောင်း၊ စားသောက်ဆိုင်၊ ပုဂ္ဂလိကဆေးရုံနှင့် River View ကွန်ဒိုဆောက်လုပ်လိုသူများ၊ ရင်းနှီးမြှုပ်နှံရန် အချက်အချာကျနေရာကောင်း။ **ကျပ်သိန်း (15000)**

၆။ ရန်ကုန်မြို့၊ သုဝဏ္ဏ၊ VIP II, တောင်ထိပ်ပန်းလမ်းမကြီးပေါ်၊ ခြံအကျယ် (85'x75')၊ (40'x60')RC (၃)ထပ်တိုက်၊ မျက်နှာဝကျယ်ကျယ် ၊ Master Bedroom (၄)ခန်း၊ ရိုးရိုးအိပ်ခန်း(၃)ခန်း၊ ဧည့်ခန်းကျယ်၊ ခြံထဲတွင်မိသားစုနေထိုင်ရန် (၂)ထပ်အိမ်(၁)လုံးအပိုပါ၊ ကျွန်းပါကေးခင်း၊ ရေမီးစုံ၊ လူနေ၊ Showroom၊ ရုံးခန်းဖွင့်ရန် အလွန်ကောင်း၊ မျက်နှာစာနှစ်ဖက်၊ ထောင့်ကွက်။ **ကျပ်သိန်း(9000)**

၇။ ရန်ကုန်မြို့လယ်၊ နေရာအလွန်ကောင်း၊ ပြည်လမ်းမပေါ် Diamond Condo B, 1560 Sqft၊ MBR(1)ခန်း၊ BR(2)ခန်း၊ Aircon(4)လုံး၊ ဘိုထိုင်၊ ကိုရီးယားပါကေးအပြည့်ခင်း၊ ပြူတင်းသံပန်းတပ်ဆင်ပြီး၊ ဘေးတိုက်မရှိလေဝင်လေထွက်ကောင်း၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ ရုံးခန်းဖွင့်ရန်၊ လူနေထိုင်ရန် အထူးကောင်းသည်၊ ကားရပ်ရန်နေရာကျယ်သည်။ **ကျပ်သိန်း(1800)**

**အိမ်ခြံမြေနှင့်တိုက်ခန်းများအား ငွေသားတစ်ဝက်၊ Bank Transfer တစ်ဝက်ဖြင့် ပေးချေနိုင်ပါသည်။**

**ဖုန်း-09-5178979, 09-43022828, 09-451146685, 09-2101000, 09-696988751, 09-894510478**

## လုပ်ငန်းတင်ဒါခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ ပဲခူးမြို့အား လုံခြုံရေး၊ ဒုစရိုက်မှုများ လျော့နည်းကျဆင်းစေရေး၊ တရားဥပဒေစိုးမိုးရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်စေရေးအတွက် Safe City အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရန် ပဲခူးမြို့၏ အချက်အချာကျသော နေရာများတွင် Ip Camera များ၊ Dome Camera များ၊ New pole များဖြင့် CCTV များတပ်ဆင်ခြင်း၊ Command, Control Center တည်ဆောက်ခြင်းလုပ်ငန်းများအတွက် လုပ်ငန်းတင်ဒါလျှောက်လွှာများကို မြန်မာကျပ်ငွေဖြင့် တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| လုပ်ငန်းတင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | ၁-၆-၂၀၂၂ရက်(အင်္ဂါနေ့) |
| လုပ်ငန်းတင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက် | - | ၂၃-၆-၂၀၂၂ ရက်(ဗုဒ္ဓဟူးနေ့) |
| လျှောက်လွှာ နောက်ဆုံး ပြန်လည်တင်သွင်းရမည့်ရက်နှင့် PO နောက်ဆုံးတင်သွင်းရမည့်ရက် | - | ၂၅-၆-၂၀၂၂ရက်(သောကြာနေ့) |
| လုပ်ငန်းတင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ | - | တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပဲခူးမြို့ |
| လုပ်ငန်းတင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ | - | တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပဲခူးမြို့ |
| တင်ဒါဖွင့်လှစ်မည့်ရက် | - | (ထပ်မံ အသိပေး အကြောင်းကြားသွားပါမည်။) |

အသေးစိတ် သိရှိလိုပါက ဖုန်းနံပါတ်- ၀၅၂-၂၂၀၁၈၄၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါဗဟိုကော်မတီ
ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ




## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ တဘက်ဆွဲရွာနေ ဦးယာဒင်-ဒေါ်သိန်းအိတို့၏သမီး မသင်းသင်းစိန် ၉/ စကတ(နိုင်)၀၇၆၃၀၄သည် မိဘများ၏ ပြောဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောအတိုင်း ပြုမူဆောင်ရွက်သွားပါသဖြင့် အမွေစား အမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုလုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးယာဒင်
၉/ စကတ(နိုင်)၀၃၈၄၈၃

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(ITCSD-၃၂/၂၀၂၂)

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ဂြိုဟ်တုဆက်သွယ်ရေးဌာနအတွက် အောက်ဖော်ပြပါ MRTV Migration ဆိုင်ရာ လုပ်ငန်းများအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| Lot.1 | MRTV Remote Site (73 Nos) | | |
| | (i) Remote Antenna (2.4 meter) (Turnkey) | 73 | Sets |
| | (ii) Remote Antenna Foundation (7'x7'x8'') | 73 | Sets |
| Lot.2 | MRTV Remote Site (92 Nos) | | |
| | (i) Remote Antenna (2.4 Meter) (Turnkey) | 92 | Sets |
| | (ii) Remote Antenna Foundation (7'x7'x8'') | 92 | Sets |
| Lot.3 | MRTV Remote Site (76 Nos) | | |
| | (i) Remote Antenna (2.4 meter) (Turnkey) | 76 | Sets |
| | (ii) Remote Antenna Foundation (7'x7'x8'') | 76 | Sets |
| Lot.4 | Remote Antenna (2.4 meter) | 8 | Sets |
| Lot.5 | Circular Feed for Main Antenna | 2 | Nos |
| Lot.6 | (i) LNB for C-Band TVRO Antenna | 120 | Nos |
| | (ii) Circular Feed for flyaway 2.4 meter Antenna | 1 | No |
| | (iii) Circular Feed for VSAT Antenna | 3 | Nos |

| | | |
|---|---|---|
| **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** | - | ၂၆-၅-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) |
| **တင်ဒါပုံစံ အရောင်းပိတ်မည့်ရက်** | - | ၉-၆-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) |
| **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** | - | ၂၃-၆-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီအထိ |
| **တင်ဒါပုံစံ ရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** | - | ထောက်ပံ့ဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော် |

၂။ အသေးစိတ်အချက်အလက်များကို သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ထောက်ပံ့ဌာန-ဖုန်း-၀၆၇-၃၄၀၇၇၅၃နှင့် ဂြိုဟ်တုဆက်သွယ်ရေးဌာန-ဖုန်း-၀၆၇-၃၄၀၇၇၃၃၊ Email-satcom.itcs@e-motc.gov.mmများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ(ဆက်သွယ်ရေး)**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | မြို့ | ရပ်/ကျေး | အကွက်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ(ဧက) | လျှောက်ထားသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဦးမြစိန်၊ စောချစ်မင်းသူ | ပုသိမ် | ရကအ-၁၃ | ၅၇-က | Q-၂၂ Q-၄၂ Q-၄၃ | ၀.၁၆၅ | မြေပေးမိန့် |
| ၂ | ဦးဇော်မျိုးထွန်း | ပုသိမ် | ရကအ-၁၃ | ၅၇-က | Q-၂၁ | ၀.၀၅၅ | မြေပေးမိန့် |
| ၃ | ဦးဇော်မျိုးထွန်း | ပုသိမ် | ရကအ-၁၃ | ၅၇-က | Q-၂၅ | ၀.၀၅၅ | မြေပေးမိန့် |
| ၄ | ဒေါ်ယမင်းသော် | ပုသိမ် | ရကအ-၁၃ | ၅၇-က | Q-၃၂ Q-၃၃ Q-၃၄ | ၀.၁၆၄ | မြေပေးမိန့် |
| ၅ | ဒေါ်မေစိုးကြည် | ပုသိမ် | ရကအ-၁၃ | ၅၇-က | Q-၂၆ Q-၂၇ | ၀.၁၁၀ | မြေပေးမိန့် |
| ၆ | ဒေါ်မေသန္တာအေး | ပုသိမ် | ရကအ-၁၃ | ၅၇-က | Q-၂၈ Q-၂၉ | ၀.၁၁၀ | မြေပေးမိန့် |
| ၇ | ဒေါ်အေးအေးမြင့် | ပုသိမ် | ရကအ-၁၃ | ၅၇-က | Q-၃၅ Q-၃၆ Q-၃၇ Q-၃၈ | ၀.၂၂၀ | မြေပေးမိန့် |
| ၈ | ဒေါ်သင်းသင်းမာ | ပုသိမ် | ရကအ-၁၃ | ၅၇-က | Q-၄၀ | ၀.၀၅၅ | မြေပေးမိန့် |
| ၉ | ဒေါ်အိမို့မို့စံ | ပုသိမ် | ရကအ-၁၃ | ၅၇-က | Q-၃၉ | ၀.၀၅၅ | မြေပေးမိန့် |

ဖော်ပြပါလျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ဆူးကုန်းမြောက်ပိုင်း နှင်းဆီလမ်း၊ ဆက(၁၀၃)နေ ဦးစံကြည်-ဒေါ်လှရီ တို့၏ သမီး မအိအိစံ ၉/ကဆန(နိုင်)၁၄၇၃၃၁ သည် မိဘများ၏ ပြောဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောအတိုင်း ပြုမူဆောင်ရွက်သွားပါသဖြင့် အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးစံကြည် ၉/ကဆန(နိုင်)၀၇၂၁၇၁
ဒေါ်လှရီ ၉/ကဆန(နိုင်)၀၈၅၈၆၇

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ကျောက်ဖြူခရိုင်တရားရုံးတော်၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၉

ဦးလူဖြူချေ နှင့် ၁။ ဦးမောင်စံဝင်း
၂။ ဒေါ်စန္ဒာဝင်း

တရားလို တရားပြိုင်များ

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ မမုံကျေးရွာ၊ မြန်မာစည်သူကျောက်စိမ်းကုမ္ပဏီခြံဝင်းနေ (၁-တရားပြိုင်) ဦးမောင်စံဝင်း(ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဇွန် ၃၀ ရက် (၁၃၈၃ ခုနှစ် နယုန်လပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေ ရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းမူရင်းနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် မေ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လုထွန်း)
ဒုတိယခရိုင်တရားသူကြီး
ကျောက်ဖြူခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မလွှကုန်းလမ်း၊ တိုက်အမှတ်(၇၂)ဟုခေါ်တွင် သော ပေ(၃၀x၆၀)အကျယ်ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ပေ(၁၅x၆၀) နှစ်ခန်းတွဲ ရှစ်ထပ်တိုက်၏ မြေညီထပ်(ခြေရင်းခန်း) ကို ဦးစိုးသိန်း ၁၄/မမန(နိုင်) ၀၀၅၉၆၇ မှ ပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ် ဒေါ်သင်းသင်းအေး ၁၄/ပသရ(နိုင်) ၁၁၁၇၂၅မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ စ၍ သုံးရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထား(မူရင်း) အပြည့်အစုံဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်သင်းသင်းအေး ၁၄/ပသရ(နိုင်) ၁၁၁၇၂၅
ဖုန်း-၀၉-၅၀၃၂၃၁၅၊ ၀၉-၇၉၅၃၅၂၀၅၂

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် 5J/3675 Toyota Hilux Vigo ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်နောင်ဦး ၆/လလန(နိုင်)၀၇၇၇၉၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (ဃ/၁၆)ရပ်ကွက်၊ မြေကွက်အမှတ်(၅၉၁)ဟုခေါ်တွင်သော မူလအမည် ပေါက် ဗိုလ်မှူးဇော်ညွန့် ပိုင်ဆိုင်သည့် ပါမစ်မြေအမျိုးအစား (အလျား ပေ၆၀ x အနံ ပေ ၆၀) အကျယ်အဝန်းရှိ ခြံမြေကွက်ကို ဆက်စပ်စာချုပ်များအရ ဝယ်ယူပိုင်ဆိုင်ထားပြီးရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးမိုး ၁၄/အဂပ(နိုင်) ၁၆၀၀၂၉ထံမှ ကျွန်ုပ်မိတ်ဆွေက တရားဝင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် ထိုမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးယမုံဆွေ ၁၂/အစန(နိုင်) ၁၈၅၆၀၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းဟန်**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၁၉၈၆/၂၀၁၇)**
**စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၄၂၁၁၀၃၄၅၄**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပုဏ္ဏားကျွန်းမြို့နယ်၊ ကန်ပြင်ကျေးရွာနေ မခင်ခင်ဦး အပထတန်းအောင်၏ ဖခင် ဦးစိန်ဖြူမောင် ၁၁/ပဏတ(နိုင်)၀၄၀၂၄၄ နှင့် ဦးစိန်ဖြူအောင်တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးဇော်မျိုးမင်း၏သမီး မန္တလေးတက္ကသိုလ် ရှေးဟောင်းသုတေသနဌာန ဒုတိယနှစ် ဂုဏ်ထူးတန်းမှ မရွှေယမင်းဦး ၅/ကလထ(နိုင်)၂၄၉၃၇၃အား မရွှေရည်မင်းခေတ် ဟုပြောင်းလဲခေါ်ပါရန်။

မရွှေရည်မင်းခေတ်


**ဖခင်အမည်မှန်**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ မလကျွန်းရွာနေ မအေးစန္ဒာထွန်း ၁၁/ကဖန(နိုင်)၁၄၃၉၁၆ ၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင်ဦး ၁၁/ကဖန(နိုင်)၀၈၆၆၆၇ ဖြစ်ပါကြောင်း။

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဦးထိပ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ရေပန်းအကြီး



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၀၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆

## အများသိစေရန် ကြေညာချက်

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးလှသော် (DB-003649) ၁၂/လမန(နိုင်)၁၀၂၄၄၃ အမည်ပေါက်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၁၂၇၀)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးထွန်းကြည် ၁၂/ကမတ(နိုင်)၀၃၅၀၀၄နှင့် ဒေါ်ငွေရီ ၁၂/ကမတ(နိုင်)၀၃၅၁၇၇တို့မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန်သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝင့်စန္ဒီအောင် အထက်တန်းရှေ့နေ(စဉ်–၃၁၁၄၆)**
**အမှတ်(၃၇၉)၊ သစ္စာ(၉)လမ်း၊ (၃၉/A)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း–၀၉–၇၉၅၆၈၂၉၅၄**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ကန်တော်လေး(၈၇)လမ်း၊ အမှတ်(၄၀)၊ စလွှာနေ ဒေါ်လှလှစိန် ၁၂/ဥကတ(နိုင်)၁၃၄၁၃၃တို့၏ သားထွေး မောင်ကျော်ခန့်ကိုကို (ခ) မောင်နေဝင်းက မိခင်ဖြစ်သူကို အကြိမ်အကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သတ်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှလှစိန်**
**၁၂/ဥကတ(နိုင်)၁၃၄၁၃၃**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/2727၊ NISSAN SUNNY၊ အမျိုးအစား S/L (4x2)L၊ ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်အေး ၉/မနမ(နိုင်)၀၈၈၆၉၅ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၄၊ မြေကွက်အမှတ်–၆၆၈ ၊ မြေဧရိယာ ( ၄၀ ပေ × ၆၀ ပေ ) ၊ (၂၄၀၀) စတုရန်းပေ၊ (၀.၀၅၅) ဧကရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ( ၄၄ ) ရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ်–၆၆၈ ဟုခေါ်တွင်သော နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ် (၆၀) မြေငှားဂရန်အမည်ပေါက် ဒေါ်ခင်ညွှန့် (KTI–၀၀၀၁၀၃) (၁၂/ကမရ (နိုင်) ၀၂၆၉၃၄) ကိုင်ဆောင်သူ၏ မောင်၊ ညီမ၊ တူတော်စပ်သူများဖြစ်သည့် ဦးအေးကြူ (၁၂/အစန (နိုင်) ၁၁၅၄၉၉) ၊ ဒေါ်စန်းစန်းရီ (၁၂/အစန (နိုင်) ၁၁၅၄၃၇ ) ၊ ဒေါ်မြင့်မြင့်စိန် (၁၂/အစန (နိုင်) ၁၁၃၅၀၂) နှင့် ဦးကောင်းထက် ( ၁၂/အစန (နိုင်) ၂၃၃၉၅၃ ) များမှ အမွေဆက်ခံခွင့်အရ တရားဝင်ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးခင်မောင်လတ် တရားလွှတ်တော်ရှေ့နေ (LL.B)**
**အမှတ် (၅၅)၊ အခန်း (၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉ ၅၀၆၇၃၁၇၊ ၀၉ ၄၂၀၀၆၁၅၆၉ ၊ ၀၉ ၄၂၁၀၀၂၇၅၆ ၊**

## အများသိစေရန် ကြေညာချက်

၁။ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ ထူပါရုံ(၁၉)လမ်း၊ အမှတ်(၁၄၆/က)တွင် ၁ခန်းတည်း(၆)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ရန် မြေရှင် ဦးတိုးမြင့်၊ လိုင်စင်ရကန်ထရိုက်တာ ဒေါ်လွဲ့လွဲ့အောင်(LC–881)၊ လိုင်စင်ရအင်ဂျင်နီယာ ဒေါ်ဇင်မာစိုး (LS–2330)တို့သို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏ (၁၆–၅–၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ၃၁၉/၃၁၇/စည်ပင်–ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီး မူလလိုင်စင်ရကန်ထရိုက်တာ ဒေါ်လွဲ့လွဲ့အောင်(LC–881) အစား ဦးသန့်စိုး (LC–1105)သို့ ပြောင်းလဲခွင့်ပြုပါရန် တင်ပြလာခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ လိုင်စင်ရကန်ထရိုက်တာ ပြောင်းလဲဆောင်ရွက်ခွင့်ပြုထားခဲ့ပြီး ဖြစ်ပါသည်။

၂။ ယခုအခါအဆိုပါ၁ခန်းတည်း(၆)ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခွင့် အားလိုင်စင်ရကန်ထရိုက်တာဦးသန့်စိုး (LC–1105)အစား လိုင်စင်ရကန်ထရိုက်တာ ဦးဇော်မင်း(LC–437) သို့ ထပ်မံပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် မြေရှင်နှင့် လိုင်စင်ရကန်ထရိုက်တာ(၂)ဦးတို့မှအဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့သို့ တင်ပြလျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့် –၅၊ နည်းဥပဒေ– ၂၀)**
**ပြည်ကြီးတံခွန်မြို့နယ်တရားမရုံးတော်**
**၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် – ၃**

| ဒေါ်စုစုအောင် | နှင့် | ဦးလှတင့် |
|---|---|---|
| **တရားလို** | | **တရားပြိုင်** |

ဦးဘို၏သားဖြစ်သူ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (ထထ–၈)၊ ဦးပိုင် (၅၈)နေ ဦးလှတင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စုစုအောင်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်၊ အကွက်အမှတ် (ထထ–၂)၊ ဦးပိုင်အမှတ် (၆၇)၊ ဧရိယာ ၀ဒသမ၀၅၁ ဧကရှိ မြေကွက်အား ဥပဒေနှင့်အညီ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၂၁ ခုနှစ် ဇွန် ၉ ရက် (၁၃၈၃ ခုနှစ် ကဆုန်လကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် မေ ၁၈ ရက်တွင် ဤရုံးတံတော်ဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သွယ့်နှင်းအိဖေ)**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့် –၅၊ နည်းဥပဒေ– ၂၀)**
**ပြည်ကြီးတံခွန်မြို့နယ်တရားမရုံးတော်**
**၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် – ၄**

| ဒေါ်စုစုအောင် | နှင့် | ဦးလှတင့် |
|---|---|---|
| **တရားလို** | | **တရားပြိုင်** |

ဦးဘို၏သားဖြစ်သူ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (ထထ–၈)၊ ဦးပိုင် (၅၈)နေ ဦးလှတင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စုစုအောင်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်၊ အကွက်အမှတ် (ထထ–၂)၊ ဦးပိုင်အမှတ်(၆၈)၊ ဧရိယာ ၀ဒသမ၀၅၁ ဧကရှိ မြေကွက်အား ဥပဒေနှင့်အညီ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၂၁ ခုနှစ် ဇွန် ၉ ရက် (၁၃၈၃ ခုနှစ် ကဆုန်လကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် မေ ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သွယ့်နှင်းအိဖေ)**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈)၊ ဦးပိုင်အမှတ် (၈၁–ခ)၊ ရန်ကုန်–မန္တလေးကားလမ်း အနောက်ဘက်၊ နတ်ရေကန်စာသင်ကျောင်းမြောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်နိုင် ၉/မရမ(နိုင်)၀၅၀၈၆၃၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၃၂၄၄/၂၀၀၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုးဝင်းအောင် ၉/မနတ(နိုင်)၀၆၆၈၆၆က ဂရန်စာချုပ်တင်ပြ၍ သက်တမ်းတိုး လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲ ဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ် (ဒ–၃၀၄၃၉)၊ ဧရိယာ ၀ဒသမ၁၄၇ဧကခန့်ရှိ မြေကွက်သည် Original Group Co., Ltd. အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့/မြေဌာနတွင် နှစ် (၃၀) မြေငှားဂရန်စာချုပ် အမည်ပေါက်ထားပြီး အမည်ပေါက်ကုမ္ပဏီထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသဖြင့် အဆိုပါအဆောက်အအုံ အိမ်ဝိုင်းခြံမြေ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ဇေယျ (စဉ်–၅၄၁၉၀)**
**အထက်တန်းရှေ့နေ**
**အခန်း ၃၅၊ ရွာတော်မင်္ဂလာဈေးဝင်း**
**ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း–၀၉–၇၇၈၄၄၇၇၅၄**

## ကုန်အမှတ်တံဆိပ် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

နေပြည်တော်ကောင်စီ၊ ဒက္ခိဏသီရိမြို့နယ်၊ မိုးဝေ(၂၂)လမ်း၊ အာသာဝတီ(၉) လမ်းထောင့်၊ အမှတ်ဒ/၃၁၈၉၁ နေ ဦးသစ်လွင်(ဘ) ဦးသိန်းဆွေ ၉/မထလ(နိုင်) ၂၂၉၃၇၅သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်အား တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၄/၆၅/၂၀၂၁)ဖြင့် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။

**ကုန်အမှတ်တံဆိပ်အမည်နှင့် အမှတ်အသား**

TWN တော်ဝင်နှန်း

မှတ်ပုံတင်သွင်းကြေညာသူသည် အဆိုပါကုန်အမှတ်တံဆိပ်ကို အသုံးပြု၍ သန့်စင်ပြီးသောရေသန့်အမျိုးမျိုးတို့ကို အများပြည်သူများစိတ်ဝင်စားသည့် ပုံစံအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဘူးအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့် လိုအပ်သလို ပြင်ဆင်ထုတ်လုပ်၍ နေပြည်တော်ကောင်စီအတွင်းတွင် လက်လီလက်ကား ဖြန့်ချိ ရောင်းချသွားမည်ဖြစ်ပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဖော်ပြပါအမှတ်တံဆိပ်ကို ဆက်လက်ထုတ်လုပ်ဖြန့်ချိသွားပါမည်။

သို့ဖြစ်ပါ၍ အထက်ပါကုန်အမှတ်တံဆိပ်ကို တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ အတိအလင်းတုပ၍ဖြစ်စေ၊ ဆင်တူယိုးမှားတုပ၍ဖြစ်စေ၊ တခြားတစ်နည်းဖြင့်ဖြစ်စေ၊ ဦးသစ်လွင်၏အကျိုးစီးပွားထိခိုက်နစ်နာအောင် တုပပြုလုပ်သုံးစွဲနေသည်ကိုတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
|---|---|
| **ဦးသစ်လွင်** | **ဒေါ်မြင့်မြင့်ခိုင်(LL.B)** |
| **၉/မထလ(နိုင်)၂၂၉၃၇၅** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း–၀၉–၇၆၂၉၇၇၁၁၇** | **(စဉ်–၁၀၂၈၈/၂၇–၁–၂၀၁၅)** |
| | **အမှတ်(၄)၊ စံတော်ဦး၊** |
| | **နေပြည်တော်၊ လယ်ဝေးမြို့၊** |
| | **ဖုန်း–၀၉–၄၃၀၇၈၀၈၅** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်မှ မြေဧရိယာ ၀ဒသမ၁၁၅ ဧကရှိ မြေကွက်အမှတ် (ပ–၂၀၇၀၁)၊ ဒေါ်သွယ်သွယ် ၁၂/မရက(နိုင်)၁၀၀၆၁၃ (ဘ)ဦးထွန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးအောင်ခိုင် ၉/မခန(နိုင်)၁၈၆၂၈၃ (ဘ)ဦးချစ်ပိုမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၃၂၃/၂၀၂၀) တင်ပြ၍ ဦးသော်ဝေကျော် ၁၂/ဥကတ(နိုင်)၁၅၂၀၂၇နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၀)၊ CC/မြနန္ဒာရပ်၊ ဦးပိုင်အမှတ်၁၅၃၊ ဧရိယာ ၀ ဒသမ ၁၁၀ဧကအကျယ်ရှိ ဂရန်မြေကွက်နှင့် ဦးပိုင်အမှတ်–၁၅၄၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကအကျယ်ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်များပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် ဂရန်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးအေးမင်းစိုး၉/မခန(နိုင်)၁၅၃၃၀၀၀၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးကျော်မင်း ၁၂/လသယ(နိုင်)၀၁၁၈၃၅ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။အထက်ဖော်ပြပါအရောင်းအဝယ်ပြုလုပ်သည့်မြေကွက်နှစ်ကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရပိုင်ခွင့်ရှိသူများအပြင် အခြားမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်မာသည့် စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြုလုပ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်သူ–** | **လွှဲအပ်ချက်အရ–** |
|---|---|
| **ဒေါ်သီတာစမ်း** | **ဒေါ်ညိုပလုံး(LL.B)** |
| **၁၃/လရန(နိုင်)၀၀၀၅၀၃** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၄၁၈)** |
| | **ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့** |

## မိခင်အမည်မှန်

ပဲခူးမြို့၊ အထက(၆) တက္ကသိုလ်ဝင်တန်း(A)မှ မယုယုထွေး၏ မိခင်အမည်မှန်မှာ ဒေါ်ချို ၇/ပခန (နိုင်) ၁၅၇၈၁၆ဖြစ်ပါကြောင်း။

**ဒေါ်ချို**

## အမည်ပြောင်း

ဦးရှိ၏သမီး မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကော့ဒွတ်ကျေးရွာနေ မအေးထွေးအား မအေးအေးထွေး ဟု ပြောင်းလဲခေါ် ပါရန်။

**မအေးအေးထွေး**

## အများသိစေရန်ကြေညာချက်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးခင်မောင်လှ (TPN–100827) အမည်ပေါက်သည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ် (၁၅၅)၊ မြေကွက်အမှတ် (၁၅၀၉/က)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိပါမစ်မြေအမျိုးအစား မြေကွက်ကြီးထဲမှတရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းဘက်အခြမ်း(၁၀x၆၀) ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်သန္တာအောင် ၁၂/ဒဂမ(နိုင်)၀၂၆၀၀၀၆က ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝင့်စန္ဒီအောင် အထက်တန်းရှေ့နေ (စဉ်–၃၁၁၄၆)**
**အမှတ်(၁၃၇၇)၊ အခန်း(B)၊ (၄၀)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊**
**ဖုန်း–၀၉–၇၉၅၆၈၂၉၅၄**

## အိမ်အရောက်သင်သည်

**General English**
**IELTS**
**Workplace English**
**ဖုန်း–09785128530**
**Dr. Than Soe Thu**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3M/2742၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## တစ်ဦးတည်းဖြစ်ကြောင်း

မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ အထက(ဟံဇား)မှ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည့် မအေးအေးအောင်၏ ဖခင် ဦးလှဝင်းလေး(ခ)ဦးလှဝင်း ၉/သစန (နိုင်)၀၅၅၉၄၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုတ္တော်ရပ်ကွက်၊ အကွက်အမှတ်(၃၁–က)၊ ဦးပိုင်အမှတ်(၁)၊ ၇၆လမ်းနှင့် ငါးဆွဲ(၃)လမ်းထောင့်ရှိ ဦးစိုး အမည်ပေါက် ဂရန်မြေကွက်အား အဘိုးဦးစိုး၊ အဘွား ဒေါ်ကြွေ၊ ဖခင် ဦးမူဆာ၊ မိခင် ဒေါ်ငွေးတို့ အသီးသီးကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၆၂၉/၂၀၂၀)ဖြင့် အမွေဆက်ခံခဲ့သော မြေးဖြစ်သူ ဦးဘိုထွေး ၉/မနမ(နိုင်)၀၂၂၇၉၂က ဂရန်စာချုပ်မူရင်း ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ သက်တမ်းတိုး၊ အမည်ပြောင်း၊ ဂရန်ပျောက်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## အထွေထွေ ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ဒေါ်တင်မိုးမိုးထွဏ်း(ဘ) ဦးတင်ထွဏ်း၉/မနမ(နိုင်)၀၆၁၂၅၃ တိုက်(၄)၊ အခန်း(၂၀၁)၊ သစ္စာဥယျာဉ်အိမ်ရာ၊ (၈) ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်အား ၂၈–၁၁–၂၀၁၆ ရက်တွင် ပေးအပ်ထားသော အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်(၁၀၆၈၄) နှင့် (၁၀၆၈၅)တို့အား ကြော်ငြာပါသည့်ရက်မှစ၍ အပြီးအပိုင် ရုပ်သိမ်းပယ်ဖျက်လိုက်ပါသည်။

**ဒေါ်ရီရီချို ၁၀/သထန(နိုင်) ၀၁၃၃၇၃**
**ဦးအောင်ချစ် ၁၂/ဥကတ(နိုင်)၀၇၃၅၀၆**
**အမှတ်(၉၀၄) (က+ခ) ၅ရပ်ကွက်၊**
**ဖြူဟ္မစိုရ်လမ်း၊**
**တောင်ဥက္ကလာပမြို့နယ်**

## အမည်ပြောင်း

ကလောမြို့၊ စစ်ဦးစီးတက္ကသိုလ်နေ ဦးစိုးနိုင်မိုး ၁၃/တခလ(နိုင်) ၁၀၅၉၂၂ ၏ သမီး မမေမြင့်မြတ်မိုးအား မမိုးစက်သံဇဉ်ဟု ပြောင်းလဲဆိုပါရန်။

## အမည်ပြောင်း

နေပြည်တော်၊ EDUMAX ကိုယ်ပိုင်အလယ်တန်းကျောင်း Grade–4မှ (ဘ) ဦးကျော်မျိုးထွန်း ၁၂/ရပသ(နိုင်) ၀၅၂၃၄၁ ၏သား မောင်ထွန်းလင်းထင်အား မောင်ထွန်းလင်းသာဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၅၃၇၅၆ ယာဉ်မှတ်ပုံတင် အမည်ပေါက်သူ/ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဌေး ၁၄/မအပ (နိုင်)၀၂၄၄၁၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)၊**
**(မအူပင်မြို့)**

# နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌဟောင်း ဒေါက်တာ မျိုးအောင် တို့အပေါ် စွဲဆိုထားသည့်အမှုများကို သီးသန့်တရားရုံး၌ တရားစီရင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်

**နေပြည်တော် မေ ၂၄**

နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌဟောင်း ဒေါက်တာမျိုးအောင်တို့အပေါ် စွဲဆိုထားသည့် အမှုများနှင့်စပ်လျဉ်း၍ ယနေ့တွင် နေပြည်တော်ကောင်စီရုံးဝင်းအတွင်းရှိ သီးသန့်တရားရုံး၌ တရားစီရင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်သည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၉ ရက်က NLD ပါတီမှ ကားအစီး (၂၂၀)၊ ဆိုင်ကယ် (၃၂)စီး၊ လူဦးရေ (၇၆၀) ခန့်ဖြင့် COVID-19 ဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်များကို ဖောက်ဖျက်၍ မဲဆွယ်စည်းရုံးသည့် Car Campaign ပြုလုပ်ရာတွင် သမ္မတအိမ်တော်ဝင်ပေါက်မှ ကိုယ်တိုင်အားပေးကြိုဆိုခဲ့သဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၂၅ ဖြင့် အမှုဖွင့်ခဲ့ပြီး ဇမ္ဗူသီရိမြို့နယ်တရားရုံးသို့ တရားစွဲတင်ထားရှိခဲ့သည်။ *စာမျက်နှာ ၁၈ ကော်လံ ၁* ❖

# နေပြည်တော်၌ ကျောင်းအပ်နှံရေးရက်သတ္တပတ် စတင်ဆောင်ရွက်



**နေပြည်တော် မေ ၂၄**

ကမ္ဘာတစ်ဝန်း ကိုဗစ် - ၁၉ ရောဂါပျံ့နှံ့ဖြစ်ပွားလျက်ရှိပြီး မိမိတို့နိုင်ငံတွင်လည်း ကိုဗစ် - ၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုများကြောင့် ၂၀၂၀ - ၂၀၂၁ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများကို ခေတ္တပိတ်ခဲ့ရကာ ပညာသင်ကြားမှုများကို ရပ်ဆိုင်းခဲ့ရသဖြင့် ပညာရေးကဏ္ဍအတွက် နစ်နာမှုများ ကြုံတွေ့ခဲ့ရသည်။

ထိုသို့ နစ်နာခဲ့မှုများကို ပြန်လည်ကုစား၍ ပညာဆက်လက်သင်ကြားခွင့်ရရှိစေရန်အတွက် ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပညာရေးဝန်ကြီးဌာနမှ ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် အရာထမ်း၊ အမှုထမ်းများက ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

**ပုံမှန်စာသင်နှစ်အတိုင်း ပြန်လည်ဖွင့်လှစ်မည်**

ယင်းသို့ ကြိုးစားဆောင်ရွက်ခဲ့ခြင်းကြောင့် အခြေခံပညာ (အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းများကို ဇွန် ၁ ရက်တွင် ပုံမှန်စာသင်နှစ်အတိုင်း ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ၂၀၂၁ ခုနှစ် မေ ၂၄ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ထားကာ ယနေ့တွင် ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို ကိုဗစ် - ၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ကြသည်။

*စာမျက်နှာ ၁၈ ကော်လံ ၁* ❐

နေပြည်တော် အ.ထ.က (၉) သို့ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသူများကို ကျောင်းအပ်အပြီး တွေ့ရစဉ်။

## အချပ်ပို ၈ မျက်နှာပါရှိ

**၂၅-၅-၂၀၂၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက် - မကွေးတိုင်းဒေသကြီး၊ မြို့နယ် ၂၅ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခြင်း အချပ်ပို ၈ မျက်နှာ ဖော်ပြပါရှိပါသည်။**

## ဆိုင်ကလုန်းမုန်တိုင်း “ယာစ်(YAAS)”၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်

**နေပြည်တော် မေ ၂၄**

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း “ယာစ်” သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်မြောက်ဘက် ရေမိုင် ၂၉၅ မိုင်ခန့်၊ ပုသိမ်မြို့၏ အနောက်ဘက် ရေမိုင် ၃၂၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပါရာဒစ်ရှ်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၂၅၀ မိုင်ခန့်နှင့် ဒီဂါမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၉၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ဆိုင်ကလုန်းမုန်တိုင်း “ယာစ်” ၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❍


## နွေးထွေးသောလက်များ

ဆောင်းပါး စာ ၆

## ပညာပန်းများပွင့်စေဖို့ ဝိုင်းဝန်းကူညီကြပါစို့

ဆောင်းပါး စာ ၂၃


## ဗီလာရီးရဲကို အနိုင်ယူပြီး ယူရိုပါလိဂ်ဖလားကို ဒုတိယအကြိမ်မြောက် မန်ယူ ဆွတ်ခူးသွားနိုင်မလား




ယူရိုပါလိဂ်ဗိုလ်လုပွဲအဖြစ် စပိန်ကလပ် ဗီလာရီးရဲအသင်းနှင့် အင်္ဂလန်ကလပ် မန်ယူအသင်းတို့ ပွဲစဉ်ကို မေ ၂၇ ရက် နံနက် ၁ နာရီခွဲတွင် ပိုလန်နိုင်ငံ Gdansk အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဗီလာရီးရဲသည် ဆီမီးဖိုင်နယ်တွင် အာဆင်နယ်ကို နှစ်ကျော့ပေါင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့သည်။ မန်ယူအသင်းက ရိုးမားနှင့်ဆုံတွေ့ခဲ့ပြီး နှစ်ကျော့ပေါင်း ရှစ်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ ဒုတိယအကြိမ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ မန်ယူသည် ၂၀၁၆-၁၇ ခုနှစ်က ဖလားဆွတ်ခူးထားသည်။ *စာမျက်နှာ ၁၈ ကော်လံ ၁* ✤